ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်၊ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 22 April 2021 ၁၀၃၅၁

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းစီမံကိန်းကို ကဏ္ဍပေါင်းစုံ စဉ်းစားပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၁**

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသား ကော်မတီ စတုတ္ထအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် Zoom Meeting ဖြင့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီရုံး၌ ကျင်းပ ရာ မြန်မာနိုင်ငံ ကလေးအလုပ် သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြော ကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက် ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးစိုးထွဋ်၊ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက် ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမြင့်ကြိုင်၊ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ် စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ များ၊ ရန်ကုန်မြို့တော်ဝန်နှင့် မန္တလေးမြို့တော်ဝန်၊ လုပ်ငန်း ကော်မတီ (၈) ရပ်ဆိုင်ရာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

- **၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူငယ်ရေးရာမူဝါဒ အစီရင်ခံစာအရ ကမ္ဘာပေါ်တွင် အလုပ် လုပ်နိုင်သည့် လူငယ်လူရွယ်ဦးရေသည် ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၁၈ ရာခိုင်နှုန်း တစ်ဘီလီယံခန့်ရှိခြင်းကြောင့် ကမ္ဘာ့လူငယ်၊ လူရွယ်ထု၏အခြေအနေသည် ဒေသတွင်းနိုင်ငံများနှင့် လူမှုအဖွဲ့အစည်းများအကြားတွင် စီးပွားရေး၊ လူမှုရေး၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုကွာဟမှုများနှင့် မတူကွဲပြားမှုများ ကြုံတွေ့နေရသည်ကို တွေ့ရှိရ**
- **လူငယ်များနှင့် ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ပုံရိပ်ကို ဖန်တီးရာတွင် အလွန်အရေးကြီးသည့်အတွက် လူငယ်များနှင့် ကလေးများသည် နိုင်ငံ၏တန်ဖိုးမဖြတ်နိုင်သည့် အရင်းအမြစ်များဖြစ်**

**ကြေးမုံ ယနေ့ ဖတ်စရာ**

ဖြူစင်သောအမြင်၊ ရိုးသားသော အတွေးဖြင့် နှလုံးသားမှာ သစ္စာတည်

စာမျက်နှာ » ၆

နိုင်ငံတော်နှင့် ပြည်သူကောင်းကျိုးကို ဆောင်ကြဉ်းကြမည့်သူများ

စာမျက်နှာ » ၁၀

အဖြူကို မည်သူအနက်ဆိုးသနည်း

စာမျက်နှာ » ၁၅

ကြေးမုံ

# တိုင်းပြည်တည်ငြိမ်အေးချမ်းရေး ဖျက်ဆီးမှုမှန်သမျှ တွန်းလှန်ကာကွယ်

တပ်မတော်က နိုင်ငံ့တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစတင်၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ နိုင်ငံရေးအစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်းနှင့် CDM တွင် ပါဝင်သူများ၊ အားပေးအားမြှောက်ပြုလုပ်သူများ၏ လှုံ့ဆော်ပေးမှုများကြောင့် စိတ်ခံစားလွယ်သူ၊ စိတ်ခံစားချက်ပြင်းထန်သူများသည် နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြသည်။

ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် နိုင်ငံတစ်ဝန်းရှိ အချို့မြို့များတွင် စစ်အာဏာထိန်းမှုကို မလိုလားသဖြင့် ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ လူတန်းစားပေါင်းစုံပါဝင်သော ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှု (Peaceful Protest) ကို ပထမအဆင့် ပြုလုပ်ခဲ့ကြသည်။ ထို့နောက် NLD ထောက်ခံသူများ၊ နိုင်ငံရေးသမားများ၏ အသုံးချခံလူငယ်များ၊ CDM ဝန်ထမ်းများ၊ အားပေးမြှောက်ပင့်သူများက NLD အာဏာပြန်ရရေးအတွက် လူစုလူဝေးဖြင့် ဆူပူဆန္ဒပြမှု (Riot) ကို ဒုတိယအဆင့် ပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ NLD ထောက်ခံသူများ၊ နိုင်ငံရေးသမားများ၏ အသုံးချခံလူငယ်များက အစိုးရယန္တရားရပ်ဆိုင်းရေးအတွက် လူစုလူဝေးဖြင့် ဆူပူအကြမ်းဖက်ဆန္ဒပြမှု (Anarchy Mob) ကို တတိယအဆင့် လုပ်ဆောင်ခဲ့ကြသည်။ ထိုမှတစ်ဆင့်တက်၍ NLD အစွန်းရောက်များ၊ ကြေးစားလူဆိုးလူမိုက်များ၊ လူရမ်းကားများ၊ ဝရမ်းပြေးများက တရားဥပဒေအရ အရေးယူမခံရရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားပျက်စီးရေးအတွက် ရရာလက်နက်ဖြင့် တိုက်ခိုက်ခြင်း (Insurrection) ကို စတုတ္ထအဆင့် လုပ်ဆောင်ခဲ့ကြသည်။ ယခုအခါ NLD အစွန်းရောက်များ၊ ကြေးစားလူဆိုးလူမိုက်များ၊ လူရမ်းကားများ၊ ဝရမ်းပြေးများက တိုင်းပြည်အလုံးစုံပျက်သုဉ်းရေးအတွက် အကြမ်းဖက်တိုက်ခိုက်မှု (Terrorism) ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်မှု (Terrorism) ကို ပြုလုပ်ကြရာတွင် အစွန်းရောက်အကြမ်းဖက်သမား အနည်းငယ်တို့က မြို့ပြများတွင် အလစ်အငိုက် ကွက်ကျားတိုက်ခိုက်နေကြသည်ကို တွေ့ရမည်ဖြစ်ပြီး ယခုအခါ နိုင်ငံရေးသမား အစွန်းရောက်များ၏ ကျေးလက်ထိတိုင် သွေးထိုးလှုံ့ဆော်ပေးမှုများကြောင့် ကျေးလက်တောရွာများ၌ နိုင်ငံရေးကို သိနားလည်ခြင်းမရှိဘဲ အကြမ်းဖက်တိုက်ခိုက်မှု (Terrorism) ပုံစံ ပြုလုပ်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ တိုင်းပြည်ပြိုကွဲပျက်စီးစေရန် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများသည် ၎င်းတို့ကိုယ်တိုင် လုပ်ဆောင်ခြင်းမရှိဘဲ မသိနားမလည်သောပြည်သူများအား သွေးထိုးလှုံ့ဆော်ခဲ့ရာတွင် ကျေးလက်ဒေသအချို့အထိ ခရီးရောက်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

မတ်လ ၂၇ ရက်မှစ၍ ယနေ့အချိန်အခါအထိ အကြမ်းဖက်တိုက်ခိုက်သူ (Terrorist) တို့သည် လက်လုပ်သေနတ်များ၊ လက်လုပ်ဗုံးနှင့် လက်ပစ်ဗုံးများကို အသုံးပြု၍ ဧပြီလဆန်းမှစတင်ကာ အုပ်ချုပ်ရေးရုံးများ၊ စာသင်ကျောင်းများ၊ မော်တော်ယာဉ်လိုင်းများ၊ စီးပွားရေးလုပ်ငန်းများကို မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာသည့်အပြင် ယခုအခါ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်အမျိုးမျိုးစွဲကိုင်၍ ချောင်းမြောင်းတိုက်ခိုက်သည်အထိ လက်ရဲဇက်ရဲ ပြုလုပ်လာကြရာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရကျဆုံး ရသည်အထိ ဖြစ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင်၊ တိုင်းပြည်ပြိုကွဲပျက်စီးအောင် အကြမ်းဖက်တိုက်ခိုက်မှု (Terrorism) အဆင့်အထိ ပြုလုပ်လာသော်လည်း လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ကိုယ့်ကိုယ်ကိုယ် ခုခံပိုင်ခွင့်၊ အနည်းဆုံးသော ဖြိုခွဲမှုအဆင့်သာ အရေးယူဆောင်ရွက်မှု ပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းကို အခွင့်ကောင်းယူ၍ ဆက်လက်ဇွတ်တိုးလုပ်ဆောင်လာကြပါက ထိရောက်သော အရေးယူရှင်းလင်းဆောင်ရွက်မှု ပြုလုပ်ခံရမည်ကို မသိနားမလည်သော ပြည်သူများအနေဖြင့် သတိပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတွင် တိုင်းပြည်ကိုဖျက်ဆီးမည့် အကြမ်းဖက်တိုက်ခိုက်မှု (Terrorism) မှန်သမျှကို အမြစ်ကမကျန် ရှင်းလင်းဖြိုဖျက်ပစ်နိုင်သည်ကို လေ့လာကြည့်သင့်သည်။

သို့ဖြစ်ရာ သာမန်ရိုးသားသည့်ပြည်သူများ၊ နိုင်ငံရေးအရောင်အသွေးမရှိသည့် လူငယ်များအား ခုတုံးလုပ် အသုံးချပြီး သပိတ်စုံ သူပုန်စိတ်ဖြစ်အောင်၊ အဖျက်သမားများဖြစ်အောင် ဖန်တီးလုပ်ဆောင်နေမှုများသည် တိုင်းပြည်အနာဂတ်အတွက် အလွန်အန္တရာယ်ကြီးမားလှပါသဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးမှုမှန်သမျှအား တွန်းလှန်ကာကွယ်သွားမည်သာဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကျော်ထွန်းအေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)<br>စက်မှုလယ်ယာဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုလယ်ယာဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | ဒေါက်တာငွေးအောင်<br>ဒုတိယပါမောက္ခချုပ်<br>လှိုင်ကော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>လှိုင်ကော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာထွန်းအောင်<br>ဒုတိယပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ဒေါက်တာ မြတ်ဝဏ္ဏစိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၁-၄-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၃၀၀ | ၉,၂၀၀ | ၂,၁၆၇ | ၁၉,၉၃၇,၀၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၃၉၅ | ၁,၃၈၂,၅၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၂၀,၀၀၀ | ၁၉,၀၀၀ | ၄၆၅ | ၈,၈၅၈,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၅ | ၁၃,၇၅၀ |
| EFR | ၃,၂၅၀ | ၃,၂၅၀ | ၃၀ | ၉၇,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူပါသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၅၉.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၇၃.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၄၀.၀၈ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၉.၈၀၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၇၈.၈၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၆၄၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၀၄.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၇၂.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၄၁.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၉.၄၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဥပဒေနှင့်အညီသာ ဆောင်ရွက်စေလိုပြီး ရောင့်ရဲတင်းတိမ်စိတ်နှင့် ဆောင်ရွက်ရန်လို

**ဘဏ္ဍာငွေသုံးစွဲမှုများကိုလည်း အတတ်နိုင်ဆုံး ချွေတာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအတွက် အရေးကြီးသည့် ကျန်းမာရေး၊ ပညာရေးနှင့် လုံခြုံရေးကဏ္ဍများတွင် လုံလောက်သောငွေကြေး သုံးစွဲနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် ရှေ့တွင် တာဝန်ယူခဲ့သည့် ဒီမိုကရေစီအစိုးရနှစ်ရပ် ဆောင်ရွက်ခဲ့သည်ကို သင်ခန်းစာရယူပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲအောင်နိုင်မှုအတွက် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ လုပ်ငန်းရှင်များကလည်း အာဏာရှိသည့်သူများကို ချဉ်းကပ်ရာတွင် အဂတိနှင့် ငြိစွန်းနေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအနေဖြင့် ကိုယ့်ကိုယ်ကိုယ် အလိုမလိုက်စေချင်ကြောင်း၊ ဥပဒေနှင့်အညီသာ ဆောင်ရွက်စေလိုကြောင်း၊ ရောင့်ရဲတင်းတိမ်စိတ်နှင့် ဆောင်ရွက်ရန်လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၆-၄-၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

❒ ရှေ့ဖုံးမှ

ဒုတိယဝန်ကြီးများ၊ အမျိုးသားကော်မတီ အတွင်းရေးမှူးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တောင်သူလယ်သမား စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်မှ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်များနှင့်အဖွဲ့အစည်းအသီးသီးမှ ဖိတ်ကြားထားသည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### အဖွင့်အမှာစကား ပြောကြား

အစည်းအဝေး၌ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် ကလေးအလုပ်သမား ပပျောက်ရေးသည် မျက်မှောက်ခေတ်၏ Global Issue တစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံအတွက် ကြီးမားသည့် စိန်ခေါ်မှုဖြစ်ခြင်းကြောင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ ရေရှည်ဆောင်ရွက်သွားရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ပြည်သူလူထုထံ ပြောကြားသည့် မိန့်ခွန်းထဲတွင် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူခဲ့သည့်အချိန်မှစပြီး နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ၊ အလုပ်သမားရေးရာနှင့်ဆက်စပ်သည့် လုပ်ငန်းစီမံချက်များကို အရှိန်အဟုန်မပျက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်ပြီး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် မည်သည့်ထိခိုက်မှုမျှ ရှိမည်မဟုတ်ကြောင်း ထည့်သွင်းပြောကြားထားပြီးဖြစ်ကြောင်း။

၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်ကာလအတွင်း တာဝန်ယူခဲ့သည့် ယခင်အစိုးရလက်ထက်တွင် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာနေသည့် ဆက်လက် ဆောင်ရွက်နိုင်ခြင်းမရှိသော လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ပြန်လည်သုံးသပ်ပြီး မိမိတို့အနေဖြင့် တိုင်းပြည်နှင့် ပြည်သူ့အတွက် လက်တွေ့အကျိုးရှိမည်ဆိုပါက မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် လုပ်ဆောင်ရန်ရှိသည်များကို ထိရောက်အောင်မြင်စေရန် သွက်သွက်လက်လက် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားလျှော့နည်း ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်သည် အလုပ်သမားများ၏ လူမှုအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရသည့် လုပ်ငန်းများဖြစ်ခြင်းကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကော်မတီများက မဖြစ်မနေညှိနှိုင်းစီမံဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

### ကလေးအလုပ်သမားများ ဖြစ်နေ

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)၏ ၂၀၁၇ ခုနှစ် စစ်တမ်းများအရ ကမ္ဘာပေါ်တွင် အသက် ၅ နှစ်မှ ၁၇ နှစ်အကြား ကလေးသူငယ် ၂၁၈ သန်း အလုပ်လုပ်ကိုင်လျက်ရှိရာ ကျား ၈၈ သန်းနှင့် မ ၆၄ သန်း စုစုပေါင်း ၁၅၂ သန်းခန့်သည် ကလေးအလုပ်သမားများ ဖြစ်နေသည်ကို တွေ့ရပြီး ထိုအထဲတွင် ၇၃ သန်းခန့်သည် အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများ ဖြစ်နေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ကမ္ဘာပေါ်ရှိ ကလေးအလုပ်သမား ၁၅၂ သန်းအနက်မှ အာဖရိကနိုင်ငံများတွင် ၇၂ ဒသမ ၁ သန်း၊ အာရှ-ပစိဖိတ်နိုင်ငံများတွင် ၆၂ ဒသမ ၁ သန်း၊ အမေရိကားနိုင်ငံများတွင် ၁၀ ဒသမ ၇ သန်း၊ အာရပ်နိုင်ငံများတွင် ၁ ဒသမ ၂ သန်း၊ ဥရောပနိုင်ငံနှင့် အာရှအလယ်ပိုင်းဒေသတို့တွင် ၅ ဒသမ ၅ သန်းတို့ ရှိနေသည်ကို ကမ္ဘာ့စစ်တမ်းများအရ လေ့လာသိရှိရကြောင်း၊ ၂၀၁၇ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူငယ်ရေးရာမူဝါဒ အစီရင်ခံစာအရ ကမ္ဘာပေါ်တွင် အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်ဦးရေသည် ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၁၈ ရာခိုင်နှုန်း တစ်ဘီလီယံခန့်ရှိခြင်းကြောင့် ကမ္ဘာ့လူငယ်၊ လူရွယ်ထု၏ အခြေအနေသည် ဒေသတွင်းနိုင်ငံများနှင့် လူမှုအဖွဲ့အစည်းများအကြားတွင် စီးပွားရေး၊ လူမှုရေး၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုကွာဟမှုများနှင့် မတူကွဲပြားမှုများ ကြုံတွေ့နေရသည်ကို တွေ့ရှိရကြောင်း၊ လူငယ်များနှင့် ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ပုံရိပ်ကို ဖန်တီးရာတွင် အလွန်အရေးကြီးသည့်အတွက် လူငယ်များနှင့် ကလေးများသည် နိုင်ငံ၏တန်ဖိုးမဖြတ်နိုင်သည့် အရင်းအမြစ်များဖြစ်ကြောင်း။

ဒေသတွင်းဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကုန်ထုတ်စွမ်းအားကို အထောက်အကူဖြစ်စေမည့် လူငယ်လူရွယ်နှင့် ကလေးများကို အလုပ်သမားအဖြစ် အသုံးပြုမှုများရှိနေပြီး အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုနှင့်ဆက်စပ်၍ စိန်ခေါ်မှုများ ကြုံတွေ့နေရသည့် နိုင်ငံအများစုတွင် ကလေးအလုပ်သမားများကို လုပ်ငန်းခွင်များတွင် ပိုမိုအသုံးပြုနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများသည် ကလေးအလုပ်သမား အသုံးပြုရသည့် အဓိကအခြေခံအကြောင်းရင်းများနှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း၊ ယနေ့ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ Global Climate Change ၏ အကျိုးဆက်များဖြစ်သည့် မုန်တိုင်းကြီးများဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ ငလျင်လှုပ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကျရောက်မှုများကြောင့် စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း၊ ပြည်တွင်း ပဋိပက္ခအချို့ကြောင့် ဆင်းရဲနွမ်းပါးမှုများနှင့် ရွှေ့ပြောင်းနေထိုင်ရမှုများကလည်း ဆက်စပ်နေကြောင်း၊ လူမှုစီးပွားရေးဘဝ အကျပ်အတည်းများမှတစ်ဆင့် ကလေးအလုပ်သမား၊ လူငယ်၊ လူရွယ်အလုပ်သမားများသည် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားနိုင်သည့် အခွင့်အလမ်းများကို ရွေးချယ်နိုင်မှုမရှိဘဲ ကလေးအလုပ်သမားအဖြစ် အသုံးပြုခံနေရမှုများကို ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ဝမ်းနည်းဖွယ် ကြုံတွေ့နေရကြောင်း။

### အမျိုးသားရေးတာဝန်

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်းစီမံကိန်းကို ကဏ္ဍပေါင်းစုံ စဉ်းစားပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူကာ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများ၊ ဝန်ကြီးဌာနများ၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများ၊ NGOs, INGOs များမှ စဉ်ဆက်မပြတ် အလေးထားအကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ ကလေးအလုပ်သမားအများစုသည် ဆင်းရဲနွမ်းပါးမှု၊ ပညာသင်ယူခွင့် အားနည်းမှုနှင့် မိသားစုအား ထောက်ပံ့ရန်အတွက် အိမ်တွင်းအလုပ်သမား၊ ပင်လယ်စာလုပ်ငန်း၊ အထည်ချုပ်နှင့် ခြေအိတ်စက်ရုံများအပါအဝင် ရရာအလုပ်များကို မိသားစုစားဝတ်နေရေးအတွက် လုပ်ကိုင်နေကြရကြောင်း။

ကလေးများသည် ဝင်ငွေရအလုပ်အကိုင်များကို မဖြစ်မနေလုပ်ကိုင်ရန် ဖိအားများ ကြုံတွေ့နေရပြီး များသောအားဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ စက်မှုကဏ္ဍများတွင် ကလေးအလုပ်သမားများအဖြစ် **စာမျက်နှာ ၄ သို့ ❒**



မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❐ စာမျက်နှာ ၃ မှ

ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်းခွင်များမှ ကလေးများကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် အမျိုးသားအဆင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၈ ခုနှစ်ကတည်းက အဖွဲ့ဝင် ၃၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အမျိုးသားကော်မတီ၏ အစည်းအဝေးများကို (၃)ကြိမ် ကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အတည်ပြုခဲ့ပြီး လုပ်ငန်းကော်မတီ (၈)ရပ်ဖွဲ့စည်းကာ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူသည့်အချိန်မှစ၍ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးကိစ္စများကို အရှိန်အဟုန်မပျက် ထိရောက်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်ကာ အဖွဲ့ဝင် ၃၉ ဦးဖြင့် ပြန်လည်ဖွဲ့စည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊၊

**○ မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်းနှင့် မိသားစု စားဝတ်နေရေးကိစ္စများအတွက် ဝင်ငွေရှာဖွေနိုင်မှုဦးရေ နည်းပါးခြင်းသည် ကလေးအလုပ်သမားများ ဖြစ်ပေါ်စေသည့် အကြောင်းရင်းများဖြစ်ခြင်းကြောင့် ကလေးအလုပ်သမား လျော့နည်းပပျောက်ရန် အတွက် ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် နိုင်ငံတကာမှ ထောက်ပြမှုများရှိနေသော်လည်း နိုင်ငံ၏ တတ်စွမ်းနိုင်သရွေ့ လုပ်အားများနှင့် ကလေးအလုပ်သမားအရေးကိစ္စကို ထိရောက်စွာ ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်**

### ဦးစားပေးဆောင်ရွက်

မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းနှင့် မိသားစု စားဝတ်နေရေးကိစ္စများအတွက် ဝင်ငွေရှာဖွေနိုင်မှု ဦးရေ နည်းပါးခြင်းသည် ကလေးအလုပ်သမား များဖြစ်ပေါ်စေသည့် အကြောင်းရင်းများဖြစ်ခြင်းကြောင့် ကလေးအလုပ်သမား လျော့နည်းပပျောက်ရန်အတွက် ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် နိုင်ငံတကာမှ ထောက်ပြမှုများရှိနေသော်လည်း နိုင်ငံ၏ တတ်စွမ်းနိုင်သရွေ့ လုပ်အားများနှင့် ကလေးအလုပ်သမားအရေးကိစ္စကို ထိရောက်စွာ ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင်ရှိသည့် စီးပွားရေးတောင့်တင်းသော နိုင်ငံကြီးများက (Generalized System of Preferences– GSP)ခေါ် ကုန်သွယ်မှု အထူးအခွင့်အရေးပေးသည့် ကိစ္စရပ်များတွင် Child Labour Issue သည် အတိုင်းအတာတစ်ခုအထိ ရိုက်ခတ်မှုရှိသကဲ့သို့ ကုန်သွယ်မှုအထူးအခွင့်အရေးသည် နိုင်ငံတော်အတွက် အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ထိရောက်သည့် အထောက်အပံ့တစ်ခုလည်းဖြစ်ကြောင်း၊ ကလေးအလုပ်သမား လျှော့ချရေးအတွက် လုပ်ဆောင်ရာတွင် ကလေးများကို လုပ်ငန်းခွင်မှ ရှာဖွေဖော်ထုတ် ဖယ်ရှားပစ်ရုံသက်သက်ဖြင့် ကလေးအလုပ်သမားများပပျောက်ရန် မဖြစ်နိုင်သောကြောင့် ကလေးအလုပ်သမား လျော့နည်းပပျောက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် ကျောင်းနေအရွယ်ကလေးအားလုံး အခမဲ့ကျောင်းတက်နိုင်ရေး၊ ကလေးသူငယ်များအား ကူညီစောင့်ရှောက်ပေးမည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပိုမိုအားကောင်းလာရေး၊ မိသားစုအလိုက် ဝင်ငွေတိုးတက်ရရှိခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ကို ဟန်ချက်ညီညီ လုပ်ဆောင်နိုင်မှသာ အရွယ်မရောက်သေးသည့် ကလေးသူငယ်များကို လုပ်ငန်းခွင်အတွင်းမှ လျော့ပါးသွားစေနိုင်မည်ဖြစ်ကြောင်း၊၊

### အလေးထားဆောင်ရွက်

ယနေ့ကျင်းပသည့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီများကို အတည်ပြုပြီး လုပ်ငန်းကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လျာထားပြီး အလေးထားဆောင်ရွက်သွားရန် ပြောကြားလိုကြောင်း၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ ဆောင်ရွက်ဆဲလုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ကာလတို ပထမ ၅ နှစ် စီမံကိန်းပါ ဦးစားပေးနယ်ပယ်များဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ကလေးများအတွက် ပညာရေး၊ အလုပ်အကိုင် အခွင့်အလမ်း၊ ၎င်းတို့၏ မိသားစုအခြေအနေ၊ ဆင်းရဲနွမ်းပါးမှု အခြေအနေများကို ထည့်သွင်းစဉ်းစားပြီး မိမိတို့ဒေသအတွင်း ကလေးအလုပ်သမားပပျောက်ရေးအတွက် စတင်လုပ်ဆောင်နိုင်သည့် လုပ်ငန်းများကို ဦးစားပေးသတ်မှတ်ပြီး ဆောင်ရွက်သွားရန် လိုကြောင်း၊၊

### ဝိုင်းဝန်းညှိနှိုင်းပူးပေါင်း

လက်ရှိ မြန်မာနိုင်ငံ ဖြစ်ပေါ်နေသည့် ပကတိအခြေအနေများကို အဘက်ဘက်မှ ချိန်ထိုးသုံးသပ်ပြီး အကောင်းဆုံးဆောင်ရွက်နိုင်ရန် မျှော်မှန်းကာ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ယနေ့ တက်ရောက်လာကြသည့် အမျိုးသားကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် ကလေးအလုပ်သမားပပျောက်ရေးတွင် လက်တွေ့အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများအားလုံးအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးကို အထိရောက်ဆုံး အောင်မြင်အောင် ဆောင်ရွက်နိုင်မည့် အပြုသဘောဆောင်သည့် နည်းလမ်းများနှင့် ဝိုင်းဝန်းညှိနှိုင်းပူးပေါင်းကြရန် လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ အမျိုးသားကော်မတီ ပြန်လည်ဖွဲ့စည်းမှု၊ လုပ်ငန်းကော်မတီ (၈)ခုနှင့် အတွင်းရေးမှူးအဖွဲ့ ပြန်လည်ဖွဲ့စည်းရန် လျာထားမှုအခြေအများကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်းက လုပ်ငန်းကော်မတီ (၈)ရပ်၏ အသေးစိတ် လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### အတည်ပြုချက်ရယူ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများနှင့် အကြံပြုချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး အမျိုးသားကော်မတီ တွဲဖက်အတွင်းရေးမှူး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်းက စတုတ္ထအကြိမ် အစည်းအဝေးတွင် ဆုံးဖြတ်ရန်အချက် (၈)ချက်ကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးဆုံးဖြတ်ချက်များ၊ အမျိုးသားကော်မတီ၏ လုပ်ငန်းကော်မတီနှင့် အတွင်းရေးမှူးအဖွဲ့ ပြန်လည်ဖွဲ့စည်းမှု အမိန့်ကြော်ငြာစာ(မူကြမ်း)များအား အတည်ပြုချက် ရယူသည်။

ထို့နောက် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

**ခေတ်သစ်နယ်ချဲ့ အလိုကျ ရှူးရှူးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေကြွေလွင့်ကြရမယ်။ မကောင်းမှုရှောင်ကာ ကောင်းမှုဆောင်နိုင်ကြပါစေ။ စိတ်ဖြူနှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။**

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သတ္တုရေးရာ) ရုံးအမှတ်(၁၉) နေပြည်တော် တိုးချဲ့ရုံးအဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သတ္တုရေးရာ) ရုံးအမှတ် (၁၉) နေပြည်တော် တိုးချဲ့ရုံးအဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါအဆောက်အအုံသစ်၌ ကျင်းပသည်။

**ဖွင့်လှစ်ပေး**

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦး၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာညီညီကျော်၊ ဦးစီးဌာန/လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုံးအဆောက်အအုံသစ်အတွင်း ဝန်ထမ်းများ နေရာချထားတာဝန်ထမ်းဆောင်နေမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်း၌ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခများနှင့် ဆရာ ဆရာမများ၊ သစ်တောသုတေသနဌာနမှ ညွှန်ကြားရေးမှူး၊ သုတေသနအရာရှိများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သစ်တောများထိန်းသိမ်းခြင်း၊ စိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိသည့်အတွက် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် သစ်တောသုတေသနဌာန၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်အနေဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အရေးပါသကဲ့သို့ သစ်တောသုတေသနဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် သစ်မျိုးများကို လေ့လာသုတေသနပြုရေး၊ ရာသီဥတုပြောင်းလဲမှုအရ ကျရောက်တတ်သည့် ပိုးမွှားများအန္တရာယ် ကာကွယ်နိုင်ရေးအတွက် သုတေသနပြုရေးနှင့် စိုက်ပျိုးနည်းစနစ်များကို စနစ်တကျ သုတေသနပြုဆောင်ရွက်ပြီး





စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများ၌ ပြန်လည်အသုံးချနိုင်ရေး စီစဉ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သုတေသနစခန်းများကို နိုင်ငံတစ်ဝန်း တည်ထောင်ထားရှိပြီး သုတေသနရလဒ်များကို ကျယ်ကျယ်ပြန့်ပြန့် အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တက္ကသိုလ်၏ ရည်မှန်းချက်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ပညာရေး၊ သုတေသနနှင့် ဝန်ဆောင်မှုများ ပေးစွမ်းနိုင်သည့် အဆင့်မီတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ရန် ဖြစ်ပါကြောင်း။

**တက္ကသိုလ်၏ တာဝန်**

တက္ကသိုလ်၏ တာဝန်မှာ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ နယ်ပယ်တွင် အထောက်အပံ့ပေးနိုင်သည့် သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ရန်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ နယ်ပယ်များတွင် အရည်အချင်းပြည့်မီသော ကျွမ်းကျင်ပညာရှင်များ ဖြစ်ပေါ်လာစေသည့် ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်ရန်နှင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ နယ်ပယ်များတွင် ပြည်သူလူထု၏ အသိပညာများ တိုးမြှင့်လာစေရန်တို့ဖြစ်ပါကြောင်း၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်သည် နိုင်ငံတော်ပညာရေးမူဝါဒနှင့် ကိုက်ညီပြီး နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းများ ဖြစ်စေရေးအတွက် ရေးဆွဲရန်၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားရန်၊ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်တစ်ခု ဖြစ်လာစေရေးအတွက် ရုပ်ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းနှင့် ဆရာ ဆရာမများ စွမ်းဆောင်ရည်နှင့် သင်ကြားရေးစနစ်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားရန်၊ ဆရာ ဆရာမများ၏ အရည်အသွေးများ အစဉ်မြင့်မားနေစေရန် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်၍ ပညာတော်သင်များ စေလွှတ်သွားနိုင်ရေး ဆောင်ရွက်သွားရန် စသည့်မူဝါဒများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်တောပညာရှင်များ မွေးထုတ်ပေးမှုနှင့်ပတ်သက်၍ ၁၉၂၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ သစ်တော(သိပ္ပံ)ဘွဲ့ရများ မွေးထုတ်ပေးခဲ့ရာတွင် ကျား ၂၆၈၂ ဦးနှင့် မ ၃၄၀ စုစုပေါင်း ၃၀၂၂ ဦး မွေးထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်သည် ၁၉၂၃ ခုနှစ်တွင် စတင်သန္ဓေတည်ခဲ့ပြီး ယခုအထိ အစဉ်အလာကောင်းများကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပါမောက္ခချုပ်က သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်ကြားရေးအစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဆရာ ဆရာမများ၊ သစ်တောသုတေသနပညာရှင်များနှင့် ဌာနတာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြကာ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ရန်ကုန်မြို့တော်ဝန် မှာကြား

**ရန်ကုန် မေ ၂၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့တော်ခန်းမ၌ ကော်မတီဝင်များ၊ ဌာနမှူးများကို တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး မှာကြားသည်။

**ဦးစားပေးဆောင်ရွက်**

ရှေးဦးစွာ ရန်ကုန်မြို့တော်ဝန်က မေ ၁၁ ရက်တွင် နိုင်ငံတော်အကြီးအကဲက တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လမ်းညွှန်မှာကြားရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး၊ ရန်ကုန်မြို့ ရေပေးဝေရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းလှပရေးတို့ကို ဦးစားပေးဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း၊ အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ယမန်နေ့က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း ထပ်မံညွှန်ကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရေစီးရေလာကောင်းမွန်စေရေးအတွက် မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိချောင်းနှင့် မင်္ဂလာတောင်ညွန့်မြို့



နယ် ဗိုလ်မင်းရောင်မြောင်းတို့ကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ အောင်သိဒ္ဓိချောင်းကို ရှင်းလင်းခြင်းဖြင့် အင်းစိန်၊ မရမ်းကုန်း၊ လှိုင်မြို့နယ်များအတွင်း ရေလျှံမှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ယခုအခါ အောင်သိဒ္ဓိချောင်း တောင်ဘက်ပိတ်ဆို့မှုကိုပါ တူးဖော်ရှင်းလင်းလိုက်သဖြင့် ပတ်ဝန်းကျင်ပြည်သူများကပါ ကျေနပ်အားရပြီး ပူးပေါင်းပါဝင်လာကြသည်ကိုတွေ့ရကြောင်း၊ ဗိုလ်မင်းရောင်မြောင်းကို ရှင်းလင်းရခြင်းမှာ ဗဟန်း၊ ဒဂုံ၊ မင်္ဂလာတောင်ညွန့်မြို့နယ်များတွင် ရေလျှံမှုကို ကာကွယ်နိုင်ရန်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် အင်းလျားကန်၊ ပြည်သူ့ရင်ပြင်၊ ရွှေတိဂုံစေတီတော်၊ သိရိနန္ဒာကန်၊ ကန်တော်ကြီး၊ တိရစ္ဆာန်ဥယျာဉ်စသည်ဖြင့် စိမ်းလန်းမြေတစ်ဆက်တစ်စပ်တည်းရှိနေ၍ ဂုဏ်ယူဖွယ်ဖြစ်ကြောင်း အဆိုပါ မြို့လယ်စိမ်းလန်းဇရိယာကို ရေရှည်ထိန်းသိမ်းသွားရန်လိုကြောင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့်ပတ်သက်၍ လမ်းမကြီးများတွင် bottleneck ဖြစ်နေသည့် နေရာများကို ဦးစားပေးချဲ့ရန်လိုကြောင်း၊ ရေပေးဝေရေးလုပ်ငန်းတွင် လှိုင်မြစ်–လော့ကား ရေအားဖြည့်စီမံကိန်းကို ဆောင်ရွက်ပေးခြင်းဖြင့် ရေဖူလုံအောင်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ စကြံမျှားသည် လူများလမ်းလျှောက်နိုင်ရန်၊ လမ်းများသည် ယာဉ်များသွားလာနိုင်ရန်၊ မြောင်းများရေစီးဆင်းရန် စသည်တို့သည် စည်ပင်၏ အဓိကတာဝန်ဖြစ်၍ ပျက်နေသည့် စကြံမျှားပြုပြင်ရေး၊ စကြံမျှားတွင် အတားအဆီးများရှိပါက ရှင်းလင်းရေး၊ လမ်းများကောင်းမွန်ရေး၊ ရေမြောင်းရှင်းလင်းရေး ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယခုအခါ တည်ငြိမ်အေးချမ်းလာပြီဖြစ်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ပါ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ကော်မတီဝင်၊ ဌာနမှူးများက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# ဖြူစင်သောအမြင်၊ ရိုးသားသောအတွေးဖြင့် နှလုံးသားမှာ သစ္စာတည်

## မောင်ပြည်ချစ်

**စနစ်တကျဖြစ်တည်ဖွဲ့စည်းထားသော သစ္စာစောင့်သိမှုဖြင့် မိမိတို့၏ အတတ်ပညာ အသိပညာဖြင့် ပြည်သူများအကျိုး၊ တိုင်းပြည်နိုင်ငံအကျိုး သယ်ပိုးစွမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများကို နည်းလမ်းမျိုးစုံသုံးပြီး အဖျက်အမှောင့် ပယောဂ အသွယ်သွယ်ဖြင့် သွေးခွဲသပ်လျှို အပင်းသွင်းလုပ်ဇာတ်ခင်းနေကြသော တရားလက်လွတ် အမိုက်မှောင်တွင်းက ပညာမဲ့အတ္တသားကောင်လို လူဆိုးလူမိုက်များ၏ အန္တရာယ်ရန်စွယ်သည် ပြည်သူတစ်ဦးချင်း၊ နိုင်ငံသားတစ်ယောက်ချင်းစီ၏ မှန်ကန်သောအမြင် ဓမ္မအတွေးများဖြင့် ဆင်ခြင်ကြမှသာ မြန်မာနိုင်ငံ၏ အနာဂတ်ခရီးလမ်းသည် အမြန်ဆုံးချောမွေ့ ဖြောင့်တန်းမည်ဖြစ်။**

နိုင်ငံတစ်နိုင်ငံဟူ၍ သတ်မှတ်နိုင်ရန် လိုအပ်သော အင်္ဂါရပ်များမှာ (၁)လူဦးရေ၊ (၂) သတ်မှတ်ထားသောနယ်မြေ၊ (၃) အစိုးရ၊ (၄) အချုပ်အခြာအာဏာ တို့ပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံကို အခြားသော နိုင်ငံများက အသိအမှတ်ပြုလက်ခံမှုမှာ ဖော်ပြပါအချက် လေးချက် ပြည့်စုံညီညွတ်မှုရှိမှုအပေါ်တွင် အဓိကမူတည်နေပါသည်။ ယင်းအချက်များသည် ပါးစပ်ပြော၊ လေထဲကစကားများဖြင့် သက်သေပြ၍ မရနိုင်ပါ။

တစ်ချက်ချင်းစီတိုင်းတွင် ခိုင်မာသော ဖြစ်တည်မှု၊ တိကျသေချာသော လုပ်ဆောင်မှု၊ စည်းကမ်းစနစ်ကျသော စီမံခန့်ခွဲမှုများဖြင့် ယထာဘူတကျစွာ မောင်းနှင်လည်ပတ်ကြရပါသည်။ စိတ်ခံစားချက်ကို ရှေ့တန်းတင်ပြီး လိုရာဆွဲတွေး အသိချည့်နဲ့ သတိကင်းမဲ့နေကြသော အတ္တဝါဒီများ၏ အခြေအမြစ်မရှိသော စိတ်ကူးယဉ်ဇာတ်လမ်းများထဲတွင် ဘဝနစ်မွန်းနေကြရရှာသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ မြင်တွေ့ကြားသိနေရပါသည်။

ဗလာနတ္ထိ

ထိုင်စရာ ရုံးခန်းမရှိ၊ လူမြင်ကွင်းတွင် ခေါင်းမော့ရင်ကော့ကာ မသွားနိုင်၊ မလာနိုင်၊ မလှုပ်ရှားနိုင်ကြသောသူများ ဖွဲ့စည်းထားသည့်အစိုးရကို ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းက တရားဝင် အသိအမှတ်ပြုကြမလဲ။ ကြေညာချက်များထုတ်ပြန်ခြင်း

**လူအချင်းချင်း မမြင်နိုင်၊ မသိနိုင်သော စွပ်စွဲချက်များဖြင့် ရက်ရက်စက်စက်သတ်ဖြတ်နေမှုသည် ဒီမိုကရေစီလမ်းစဉ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါသည်။ ငါနှင့်မတူ ငါ့ရန်သူဆိုသည့် သဘောထားဖြင့် လူအချင်းချင်း ဖြည့်တွေးနားလည်ပေးခြင်း အလျှင်းမရှိဘဲ အရှက်ခွဲမှုများကို နည်းလမ်းမျိုးစုံသုံးနေကြခြင်းသည်လည်း ဒီမိုကရေစီလမ်းစဉ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါသည်။ အများနှင့်သက်ဆိုင်သည့် တရားရုံး၊ ကျောင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် ရုံးအဆောက်အအုံများကို မီးရှို့ဖျက်ဆီးနေမှုများသည်လည်း ဒီမိုကရေစီလမ်းစဉ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေ။**

နှင့် တရားမဝင်သူ ဝရမ်းပြေးများအချင်းချင်း အွန်လိုင်းပေါ်က ဝါဒဖြန့်၊ ဟစ်အော်ကြိမ်းဝါးနေကြမှုများကို ယုံကြည်အားပေးနေသူများအတွက် ရလဒ်က ဗလာနတ္ထိသာဖြစ်မည်။

အခြေခံအုတ်မြစ်၊ တိုင်းပြည်နိုင်ငံအတွက် ခိုင်မာသော ယန္တရားနှင့် မူဝါဒမရှိသော "လေထဲတိုက်အိမ်ဆောက်၊ မစားရဝခမန်း" အွန်လိုင်းပေါ်က ကိုယ့်ကိုယ်ကိုယ်မြှောက် ကိုယ်ပျောက်အစိုးရသည် မတည်ငြိမ်ခြင်း၊ မအေးချမ်းခြင်း၊ ပုံမှန်လူနေမှုဘဝများကို ပျက်ပြားစေခြင်းနှင့် တရားဥပဒေစိုးမိုးမှုများကို ထိပါးစော်ကားနေကြခြင်းများဖြင့် အရှက်မဲ့စွာ၊ သိက္ခာပျက်ယွင်းစွာ မိုက်လုံးကြီးကြီးဖြင့် လုပ်ဆောင်လျက် ရှိပါသည်။ ယင်းတို့၏ ဦးတည်ချက်နှင့် အယူအဆများသည် အလုံးစုံပျက်သုဉ်းရေးနှင့် တစ်စစီ ပြိုကွဲပျက်စီးရေးကိုသာ တစိုက်မတ်မတ် လျှောက်လှမ်းနေကြသည်မှာ အထင်အရှား ဖြစ်ပါသည်။ ဝရမ်းပြေး၊ ပြည်ပြေးများဖြင့် ဖွဲ့စည်းထားသော အစိုးရကို အားပေးအားမြှောက်ပြုနေသော ပြည်ပအဖွဲ့အစည်းများ၏ မှိုင်းတိုက်သော စကားလုံးများကြောင့် ဒုက္ခတွင်းသို့ မသိနားမလည်စွာ သက်ဆင်းမိနေကြသော လူငယ်လူရွယ်များ အမြင်မှန်၊ အတွေးမှန်၊ အယူအဆမှန်များ ရချိန်တန်ပြီဖြစ်ပါသည်။ လမ်းများပေါ်တွင် လမ်းမပျောက်ကြစေဖို့ မိဘအုပ်ထိန်းသူများ၏ လမ်းပြသွန်သင်ဆိုဆုံးမမှုများသည်လည်း အထူးအခရာ ကျလှပါသည်။

တိကျသေချာသည့် ရည်မှန်းချက်ပန်းတိုင်အတွက် အခြေခံကောင်းသည့် မူဝါဒနှင့် စီမံလုပ်ဆောင်ချက်များရှိရန် လိုအပ်ပါသည်။ ယခုဖြစ်စဉ်များတွင် ရေရေရာရာ သေချာမှုမရှိသော ဗလာနတ္ထိလမ်းစဉ်များသည် ပြည်သူနှင့် နိုင်ငံအတွက် အဆိပ်အတောက်များသာ ဖြစ်နေပေသည်။

မင်းမဲ့စရိုက်

လူအချင်းချင်း မမြင်နိုင်၊ မသိနိုင်သော စွပ်စွဲချက်များဖြင့် ရက်ရက်စက်စက် သတ်ဖြတ်နေမှုသည် ဒီမိုကရေစီလမ်းစဉ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါသည်။ ငါနှင့်မတူ ငါ့ရန်သူဆိုသည့် သဘောထားဖြင့် လူအချင်းချင်း ဖြည့်တွေးနားလည်ပေးခြင်း အလျှင်းမရှိဘဲ အရှက်ခွဲမှုများကို နည်းလမ်းမျိုးစုံသုံးနေကြခြင်းသည်လည်း ဒီမိုကရေစီလမ်းစဉ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါသည်။ အများနှင့်သက်ဆိုင်သည့် တရားရုံး၊ ကျောင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် ရုံးအဆောက်အအုံများကို မီးရှို့ဖျက်ဆီးနေမှုများသည်လည်း ဒီမိုကရေစီလမ်းစဉ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါသည်။

မင်းမဲ့စရိုက် ပြုမူ၊ ပြောဆို၊ လုပ်ဆောင်နေမှုများကို ကောင်းချီးသြဘာပေး လက်ခုပ်လက်ဝါးတီးနေကြသည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာ အခြေအနေများ ဖြစ်ပါသည်။ လူသားအချင်းချင်း ကိုယ်ချင်းစာတရားကင်းမဲ့စွာ အဖျက်လုပ်ရပ်များဖြင့် နိုင်ငံနှင့်ပြည်သူများ အတိဒုက္ခရောက်အောင် လုပ်ဆောင်နေကြသူများသည် မည်သို့မည်ပုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင် နိုင်ကြမည်နည်း။ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီ ဘယ်သောအခါမှ မရနိုင်သည်မှာ အသေအချာပင်ဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်မှုများတွင် နိုင်ငံတော်၏ အဓိကအင်အားစုဖြစ်သော နိုင်ငံ့ဝန်ထမ်းများ ပါဝင်ပတ်သက်မှုမရှိကြစေရန်မှာ အရေးကြီးပါသည်။

နိုင်ငံ့ဝန်ထမ်း

နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို မိမိတို့ကျွမ်းကျင်သည့်ကဏ္ဍမှ သစ္စာရှိစွာ အရည်အချင်းပြည့်ပြည့်ဝဝနှင့် ဆောင်ရွက်ခြင်းဖြင့် အရေးပါအရာရောက်ပုံကို တစ်နေ့တခြား သိမြင်လာသည်နှင့်အမျှ နိုင်ငံ့ဝန်ထမ်းတို့၏ အရည်အချင်းပြည့်ဝရေးနှင့် လုပ်ငန်းတွင် ကျေနပ်နှစ်သိမ့်မှုရရေးအတွက် ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများ၏ စည်းကမ်းသေဝပ်မှု၊ လုပ်ရည်ကိုင်ရည်ပြည့်ဝမှုတို့ တိုးတက်ကောင်းမွန်လာရန် ပြည်သူ့တာဝန်များ စွမ်းအားပြည့် ဆောင်ရွက်ခြင်းနှင့် အစိုးရယန္တရားကို စနစ်တကျ ပုံမှန်လည်ပတ်အောင် ဆောင်ရွက်ကြရမည့် တာဝန်ရှိကြပါသည်။

နိုင်ငံ့ဝန်ထမ်းများသည် အောက်ပါတို့ကို လိုက်နာရန် တာဝန်ရှိသည်–

(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊
(၂) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊
(၃) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ခြင်း၊
(၄) နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် အလွဲသုံးစားမှု မပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(၅) မိမိအား ပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊
(၆) ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင် စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊
(၇) ပါတီနိုင်ငံရေးကင်းရှင်းခြင်း၊
(၈) ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသော သင်တန်းများကို တက်ရောက်ခြင်း၊
(၉) အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာ ပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊
(၁၀) တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၁၁) လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၁၂) ပြည်သူကို ရိုသေလေးစားခြင်း စသည့် တာဝန်များကို လိုက်နာစောင့်ထိန်းကြရမည်ဖြစ်သည်ကို စည်းကမ်းပြည့်ဝပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးလိုလားစွာ သယ်ပိုးဆောင်ရွက်လိုသည့် ဝန်ထမ်းကောင်းတိုင်း အပြည့်အဝ ကျင့်ကြံလိုက်နာကြပေသည်။

**စနစ်တကျဖြစ်တည်ဖွဲ့စည်းထားသော သစ္စာစောင့်သိမှုဖြင့် မိမိတို့၏ အတတ်ပညာ အသိပညာဖြင့် ပြည်သူများအကျိုး၊ တိုင်းပြည်နိုင်ငံအကျိုး သယ်ပိုးစွမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများကို နည်းလမ်းမျိုးစုံသုံးပြီး အဖျက်အမှောင့် ပယောဂ အသွယ်သွယ်ဖြင့် သွေးခွဲသပ်လျှို အပင်းသွင်းလုပ်ဇာတ်ခင်းနေကြသော တရားလက်လွတ် အမိုက်မှောင်တွင်းက ပညာမဲ့ အတ္တသားကောင်လို လူဆိုးလူမိုက်များ၏ အန္တရာယ်ရန်စွယ်သည် ပြည်သူတစ်ဦးချင်း၊ နိုင်ငံသားတစ်ယောက်ချင်းစီ၏ မှန်ကန်သောအမြင် ဓမ္မအတွေးများဖြင့် ဆင်ခြင်ကြမှသာ မြန်မာနိုင်ငံ၏ အနာဂတ်ခရီးလမ်းသည် အမြန်ဆုံး ချောမွေ့ဖြောင့်တန်းမည် ဖြစ်ပါသည်။**

လုပ်စားမီဒီယာ

မြန်မာနိုင်ငံတွင် ထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာမှုမရှိ၊ ထင်တိုင်းကြဲ၊ တစ်စိတ်ကို တစ်အိတ်လုပ်ပြီး တိုင်းပြည် တစ်စစီပြိုကွဲပျက်စီးစေရန် ဦးတည်လုပ်ဆောင်နေသော လုပ်စားမီဒီယာများ၏ ရပ်တည်ချက်ကို ကြည့်တတ်ပါက မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြမည်ဖြစ်ပါသည်။ သမိုင်းအစဉ်အဆက် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို မီဒီယာနည်းလမ်းပေါင်းစုံဖြင့် နှောင့်ယှက်ဖျက်ဆီးခဲ့ကြသည်ချည်း ဖြစ်ပါသည်။

**အစဉ်အဆက် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲစေရန်၊ တိုင်းပြည်၏ အချုပ်အခြာအာဏာ ယိမ်းယိုင်ချည့်နဲ့စေရန်၊ နိုင်ငံသူနိုင်ငံသားအချင်းချင်း သံသယများဖြင့် မယုံမကြည်စိတ်များ ကြီးစိုးစေရန်စသည့် လုပ်ကြံဖန်တီး သွေးထိုးသပ်လျှိုသော သတင်းတု၊ သတင်းမှား၊ ချဲ့ကားသတင်းများဖြင့် မြန်မာနိုင်ငံအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နာလန်မထူနိုင်အောင် ခေတ်အဆက်ဆက် နှိပ်စက်ခဲ့ကြသည်မှာ ပြည်ပမီဒီယာများ၏ ဘုံရပ်တည်ချက်ဖြစ်ပါသည်။**

စာမျက်နှာ ၇ သို့ ■

**လိမ်လည်လှည့်ဖြား လုပ်ကြံသော မုသားစကားများဖြင့် လုပ်စားနေကြသော ငွေမျက်နှာတစ်ခုတည်းကြည့်ပြီး ကျင့်ဝတ်မရှိကြသော မီဒီယာများ၏ သတင်းတု၊ သတင်းလိမ်၊ သတင်းမှားများ အန္တရာယ်မှ ရှောင်ရှားနိုင်ရေးသည် ပြည်သူတစ်ဦးချင်းစီ၊ နိုင်ငံသားတစ်ယောက်ချင်းစီ၏ မှန်ကန်သော ကိုယ်ပိုင်အသိဉာဏ်များဖြင့် ပိုင်းခြားဝေဖန် ကာကွယ်တားဆီးကြရမည်ဖြစ်။**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၂၁**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း အမှတ် (၃၉၂/၃၉၆)ရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ယာယီဥက္ကဋ္ဌ ဒေါက်တာ မျိုးသန့်တင်၊ ကောင်စီဝင်များဖြစ်ကြသည့် ဦးအုန်းမောင် (မြင်းမူ-မောင်နိုင်မိုး)၊ ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)၊ ဦးခင်မောင်အေး(KMA)၊ ဦးတင်မောင်ဦး၊ ဒေါက်တာအေးမင်း၊ ဦးမောင်မောင်မြင့်အေး၊ ဦးသက်နိုင်ဦး၊ ဒေါ်မြင့်မြင့်သိန်း၊ ဦးအောင်ပြည့်စုံ၊ ဒေါ်ချိုအိဇင်(ခ) နွေဦးလင်း၊ ဦးတင်မောင်ထွေးနှင့် ဦးရဲနိုင်စိုးတို့ တက်ရောက်ကြသည်။



အစည်းအဝေးတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ယာယီဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဆောင်ရွက်ခဲ့မှုများ၊ သတင်းမီဒီယာကောင်စီ၏ ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်များနှင့် ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

“ဒီနေ့မှာ ကောင်စီဝင်အသစ်တွေနဲ့တွေ့တာပါ။ သတင်းမီဒီယာကောင်စီဝင် တချို့တော်တော်များများ ထွက်သွားကြတော့ နှစ်ယောက်ပဲကျန်တော့တယ်။ သတင်းမီဒီယာ ဥပဒေအရ ၁၅ ယောက်ထက်လျော့သွားရင် ထပ်ဖြည့်ပေးရတယ်။ ရွေးချယ်ရေးကော်မတီက ပြန်ရွေးပြီး ဒီနေ့မှာ ကျန်တဲ့နှစ်ယောက်နဲ့ ထပ်ရွေးတာ ၁၄ ယောက်ဆိုတော့ ၁၆ ယောက်ဖြစ်သွားတယ်။ ၁၅ ယောက်ထက် ကျော်သွားပြီဆိုတော့ အားလုံးကို အသိပေးပြီး သတင်းမီဒီယာကောင်စီအနေနဲ့ ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်တွေကို အခြေခံပြီး ဆောင်ရွက်နေတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီလမ်းကြောင်းကို သွားတဲ့အခါမှာ ကျွန်တော်တို့ သတင်းမီဒီယာကောင်စီက အလွန်အရေးကြီးတဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တယ်။ ဒီစတုတ္ထမဏ္ဍိုင်ကို မပြိုလဲအောင် ဝိုင်းဝန်းဆောင်ရွက်ပြီးတော့ အခုအချိန်မှာ ပီပီပြင်ပြင်ပြန်လုပ်နိုင်တဲ့ အခြေအနေရှိတယ်။ အခုအချိန်မှာ သတင်းနဲ့ပတ်သက်ပြီး အလွန်အရေးကြီးတဲ့အချိန်လို့ မြင်ပါတယ်။ အခု ဒီအစည်းအဝေးမှာ တစ်ယောက်နဲ့တစ်ယောက်မိတ်ဆက်ပြီး လုပ်သင့်လုပ်ထိုက်တာတွေကို ပွင့်ပွင့်လင်းလင်း ပြောခဲ့ပါတယ်။ မကြာခင်မှာ ဆွေးနွေးကြတဲ့ အချက်အလက်တွေနဲ့ ဆက်လက်ပြီး ဆောင်ရွက်သွားပါမယ်လို့ အားလုံးကို အသိပေးချင်ပါတယ်။

“ကျွန်တော်တို့ ဥက္ကဋ္ဌကြီး တိမ်းပါးသွားတော့ ကျွန်တော့်ကို ယာယီဥက္ကဋ္ဌအနေနဲ့ ရွေးတယ်။ ကနဦး သုံးယောက်ရွေးပေးထားတယ်။ အခု ၁၁ ယောက်ကနေ ရွေးချယ်ရေးကော်မတီက ဖြည့်ပေးတယ်။ ကျွန်တော်တို့ ဒုတိယသုံးနှစ်သက်တမ်းက လာမယ့် စက်တင်ဘာလဆို ကုန်ပြီ။ အဲဒါမတိုင်ခင်မှာ ၁၅ ယောက်အောက်လျော့သွားတော့ ဥပဒေအရ ပြန်ဖြည့်ပေးဖို့ ရွေးချယ်ရေးကော်မတီက ကြိုးစားကြပါတယ်။ ဒီ ၁၁ ယောက်က သက်ဆိုင်ရာမီဒီယာအဖွဲ့အစည်းတွေကနေ အဆိုပြုတဲ့ သူတွေပါ။ နောက်ထပ်ပုဂ္ဂလိကအဖွဲ့ဝင်တွေ ခေါ်ထားသေးတယ်။ ပုဂ္ဂလိကအဖွဲ့ဝင်က ခြောက်ယောက်ဖြစ်နေတော့ လိုအပ်တာက သုံးယောက်ပဲဆိုတော့ လာမယ့် ၃၀ ရက်မှာ သုံးယောက်ကိုရွေးပါမယ်။ အဲဒီသုံးယောက်နဲ့ဆိုရင် ၁၉ ယောက်ဖြစ်သွားမှာပါ။ အဲဒါဆိုရင် ကျွန်တော်တို့ မြိုင်မြိုင်ဆိုင်ဆိုင်ဆောင်ရွက်လို့ရပါပြီ”ဟု မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ယာယီဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်က ပြောသည်။

လာမည့် မေ ၃၀ ရက်တွင် ကျန်ရှိနေသည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ပုဂ္ဂလိကအဖွဲ့ဝင် ခြောက်ဦးအနက် သုံးဦးကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်း အထူးကုဆေးရုံကြီး(မန္တလေး) ပြန်လည်ဖွင့်လှစ်

**မန္တလေး မေ ၂၁**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေ အရှေ့ရပ်ကွက် ၂၃လမ်း၊ လမ်း၈၀နှင့် ၈၁လမ်းကြားရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းအထူးကုဆေးရုံကြီး(မန္တလေး)အား ယနေ့နံနက် ၉ နာရီက ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ပြန်လည်ဖွင့်လှစ်ခဲ့သော ဆေးရုံကြီးသို့ ယနေ့တွင် လာရောက်ဆေးကုသသည့် နား၊ နှာခေါင်း၊ လည်ချောင်းလူနာ ၁၂ ဦးတို့ကို ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများက ဆေးကုသပေးကြရာ မန္တလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သော်တာထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်နှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဆေးရုံကြီးရှေ့၌ အလျား ၆ ပေ၊ အနံ ၄ ပေရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်း အထူးကုဆေးရုံကြီး(မန္တလေး) ပြန်လည်ဖွင့်လှစ်ပြီဖြစ်ပါသည်ဟူသည့် စာသားပါ ဗီနိုင်းဆိုင်းဘုတ်အား စိုက်ထူကြေညာထားကြောင်း သိရသည်။

**ဇော်လင်းဦး(အောင်စံ)**

■

■ စာမျက်နှာ ၆ မှ

ယခင်ငါးနှစ်တာကာလတွင် နိုင်ငံတော်ပြိုကွဲပျက်စီးရေးအတွက် ပြည်တွင်းမီးပွား မီဒီယာများစွာကို အထောက်အပံ့ပေါင်းစုံ ခေါင်းစဉ်အဖုံဖုံဖြင့် မွေးမြူပေးခဲ့ကြသည်။ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း အမြင်မတူသည့် ထင်ရာစိုင်းပုံစံဖြင့် ဥပဒေမဲ့ခွင့်၊ အတိုင်းအဆမဲ့ လွတ်လပ်ခွင့်များကို မသိကျိုးကျွန်ပြုကာ တိုင်းပြည်ကို စနစ်တကျ ဖျက်ဆီးခဲ့ကြသည်။

လက်ရှိကာလ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ပြဿနာအများစုသည် တစ်ဖက်စောင်းနင်းလုပ်စားမီဒီယာများ၏ သတင်းမှား၊ ကောလာဟလများနှင့် လုပ်ကြံဖန်တီးထားသော မျှော်လင့်ချက်ပေး သတင်းစကားများကြောင့် ဖြစ်ပါသည်။ ပုံဖျက်သတင်းများနှင့် မြှောက်ထိုးပင့်ကော်သွေးထိုးလှုံ့ဆော်နေသော သတင်းဌာနများနှင့် လူပုဂ္ဂိုလ်များသည် ပြည်ပတွင်သော်လည်းကောင်း၊ လုံခြုံသောနေရာတွင်သော်လည်းကောင်း နေပြီး လှုံ့ဆော်ဝါဒဖြန့်နေကြခြင်းသာဖြစ်သည်။ ယင်းတို့၏သတင်းများအားယုံစားပြီး လိုက်ပါလုပ်ဆောင်ပါက မလိုလားအပ်သော ဆူပူအကြမ်းဖက်မှုများနှင့် ဆုံးရှုံးပျက်စီးမှုများသာ တွေ့ကြုံခံစားကြရမည်ဖြစ်ပါသည်။

**လိမ်လည်လှည့်ဖြား လုပ်ကြံသော မုသားစကားများဖြင့် လုပ်စားနေကြသော ငွေမျက်နှာတစ်ခုတည်းကြည့်ပြီး ကျင့်ဝတ်မရှိကြသော မီဒီယာများ၏ သတင်းတု၊ သတင်းလိမ်၊ သတင်းမှားများ အန္တရာယ်မှ ရှောင်ရှားနိုင်ရေးသည် ပြည်သူတစ်ဦးချင်းစီ၊ နိုင်ငံသားတစ်ယောက်ချင်းစီ၏ မှန်ကန်သော ကိုယ်ပိုင်အသိဉာဏ်များဖြင့် ပိုင်းခြားဝေဖန်ကာကွယ်တားဆီးကြရမည်ဖြစ်ပါသည်။**

**ကိုယ်စီတာဝန်**

ကိုယ်တိုင် အောင်မြင်တိုးတက်လိုပါက ကိုယ်တိုင်လုပ်ဆောင်ကြိုးစားကြရပါသည်။ မိမိကောင်းမှ မိမိအိမ်ထောင်စု သာယာကြီးပွားပါမည်။ မိမိမိသားစု ချမ်းသာပါမှ မိမိရပ်ကွက်၊ ကျေးရွာ၊ လမ်း တိုးတက်စည်ပင်မှုအတွက် အထောက်အကူပြုနိုင်ပါမည်။ မိမိကစ ပတ်ဝန်းကျင်ကောင်းကို တည်ထောင်နိုင်ပါမှ အများကလည်း လိုက်ပါပူးပေါင်းလာမည်ဖြစ်ပါသည်။ လူတစ်ဦးချင်းစီတွင် မရှိမဖြစ်လိုအပ်သော ဖြူစင်မှု၊ ရိုးသားမှု၊ မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုများဖြင့် မိမိတို့၏ အနာဂတ်ကို ကြည်နူးရွှင်ပျစွာ ထုဆစ်ပုံဖော်ရင်း တိုင်းပြည်အနာဂတ်ကို ရနံ့ထုံသင်းသည့် မေတ္တာပန်းများဖြင့် စုပေါင်းညီညာ ဖြန့်ခင်းဖွင့်လှစ်နိုင်ကြပါစေကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် မေ ၂၁**

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့်မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် မေ ၂၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရီးသွားဆွဲဆောင်မှုနေရာများနှင့် ဟိုတယ်များကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၁**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရီးသွားဆွဲဆောင်မှုရှိသော နေရာများနှင့် ဟိုတယ်များ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဖွင့်လှစ်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ပူဇော်ထားရှိ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ ရှေးဟောင်းစေတီတော်များသို့ သွားရောက်ပြီး ညောင်ပင်ကြီးစုသိမ်ကျောင်းမှ သက်တော် (၈၄) နှစ်၊ ဝါတော် (၆၂) ဝါရှိသော ဆရာတော် အရှင်စကိန္ဒအား ဖူးမြော်၍ အလှူငွေ ဆက်ကပ်လှူဒါန်းသည်။ အဆိုပါညောင်ပင်ကြီးစုကျေးရွာရှိ ရှေးဟောင်းစေတီတော်ဝင်း၌ စေတီပေါင်း ၃၄ ဆူ၊ ထိုင်တော်မူဘုရား ၁၄ ဆူအား ပျူခေတ်ရှေးမူလက်ရာမပျက် ပူဇော်ထားရှိသည့်အပြင် သာသနိကအဆောက်အအုံများ၊ ရှေးဟောင်းသလွန်နှင့် စာချွန်တော်ဘူးများအား လေ့လာနိုင်ပြီး ဘုရားသွားရာ ခရီးလမ်းတစ်လျှောက်ရှိ အလှအပရှုခင်းများ၊ ကျေးရွာလူထု၏ လူနေမှုဘဝများကိုလည်း လေ့လာနိုင်မည်ဖြစ်သည့်အတွက် ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများနှင့် ခရီးသွားဧည့်သည်များ ဘုရားဖူးအပန်းဖြေလာရောက် လည်ပတ်နိုင်ရန်အတွက် သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ဆောင်ရွက်ထားရှိရန် သက်ဆိုင်ရာတာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိသည့် ဟိုတယ်များကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဟိုတယ်ဆိုင်ရာကိစ္စရပ်များနှင့် ဧည့်သည်များကို ဝန်ဆောင်မှုပေးနေသည့် အခြေအနေများ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နေပြည်တော်သည် အစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်သည့်အတွက် လုပ်ငန်းဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ဂရုပြုရန်လိုအပ်ပါကြောင်း။

ယခုအခါတွင် အိမ်နီးချင်းနိုင်ငံအချို့၌ မျိုးရိုးဗီဇပြောင်းလဲသည့် ကိုဗစ်-၁၉ ရောဂါ တွေ့ရှိနေရသည့်အတွက် လာရောက်တည်းခိုသည့် ခရီးသွားဧည့်သည်များကို ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ၊ အသိအမြင်များသိရှိရေး ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ ဟိုတယ်တွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေးအတွက် ပြီးစီးမှုနှင့် ထိုးနှံရန် ကျန်ရှိသူများကို အမြန်ဆုံးထိုးနှံနိုင်ရေး ဆောင်ရွက်သွားရန်၊ နေပြည်တော်ကို ခရီးသွားဧည့်သည်များ များပြားစွာလာရောက် တည်းခိုနိုင်ရေးအတွက် ခရီးသွားမြှင့်တင်မှုအနေဖြင့် ဟိုတယ်ခန္ဓနှုန်းထားများကို မျှတအောင်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် ဧည့်သည်များကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရေး အလေးထားဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ငလိုက်ကန်သာ Resort သို့ ရောက်ရှိပြီး တာဝန်ရှိသူများအား နေပြည်တော်ကို ခရီးသွားဧည့်သည်များ လာရောက်သည့် ဗဟိုပြုနေရာဖြစ်အောင် အစီအမံများ ချမှတ်ဆောင်ရွက်နေပါကြောင်းနှင့် လုပ်ငန်းများ ဆက်လက်တိုးချဲ့မည့်အစီအစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းသိမ်းရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရေးအတွက် မှာကြားသည်။

ယင်းနောက် ငလိုက်ကန်သာ Resort မှ ငလိုက်ဆည်အတွင်း အပျော်စီးလှေဖြင့် ပတ်ဝန်းကျင်ရှုခင်းအလှအပများကို ကြည့်ရှုပြီး ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် (၂၁၇) မိုင်အနီးရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ



ဆောင်ရွက်လျက်ရှိသော ငလိုက်စခန်းသာ ဆင်စခန်းသို့ရောက်ရှိရာ မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးစိုးနိုင်နှင့် တာဝန်ရှိသူများက ဆင်စခန်း မကြာမီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုရှင်းလင်းပြသပြီး ဆင်ပြတိုက်သို့ သွားရောက်ကြည့်ရှုကာ ဆင်များ ဆင်ဖြည့်စွက်စာ ကျွေးမွေးခြင်းနှင့် ဆင်ကပြ ဖျော်ဖြေမှုများကိုကြည့်ရှု၍ ရွက်အုပ်ဖြတ်လျှောက် သစ်သားတံတားပေါ်သို့ တက်ရောက်ကြည့်ရှုသည်။

**ရရှိခံစားနိုင်မည်**

အဆိုပါ ဆင်စခန်းသည် ၅၃၈ ဧက ကျယ်ဝန်းကာ ဆင်ကောင်ရေ ၁၉ ကောင်ရှိပြီး တံတားအရှည် ၃၂၇ ပေ အရှည်ရှိသည့် ရွက်အုပ်ဖြတ်လျှောက်သစ်သားတံတားနှင့် အရှည် ၄၈၁၇ ပေရှိသည့် တောတွင်းဖြတ်လျှောက်လမ်းများပါရှိကာ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအနေဖြင့် ဆင်ထိန်းသိမ်းစောင့်ရှောက်ခြင်းပညာကို အနီးကပ်လေ့လာဆည်းပူးခွင့်ရခြင်းနှင့် ဆင်စီး၍ တောတောင်သဘာဝ လေ့လာခွင့် ရရှိခံစားနိုင်မည်ဖြစ်၍ ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေ အနားယူနိုင်သည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနယ်မြေအတွင်း ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေလည်ပတ်နိုင်ရန် ဥပ္ပါတသန္တိဘုရားကြီး၊ တိမ်ပင်လယ် ဝေသာလီကျေးရွာ၊ မြသီတာကျေးရွာ ခုနစ်ဆင့်ရေတံခွန်အပါအဝင် ခရီးသွားဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသ ၂၉ ခုရှိပြီး ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာ စုစုပေါင်း ၉၁ လုံး ဖွင့်လှစ်ထားရှိကာ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် ရွေးချယ်လည်ပတ်စရာနေရာများ ပိုမိုရရှိစေရန်အတွက် ခရီးစဉ်ဒေသအသစ်များကိုလည်း ဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဘောလခဲခရိုင် မြို့နယ်နှင့် ရပ်/ကျေး စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် တွေ့ဆုံ

**ဘောလခဲ မေ ၂၁**

ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးသည် ယနေ့နံနက် ၉ နာရီတွင် ဘောလခဲမြို့ စောလဖော်ခန်းမ၌ ကျင်းပသည့် ဘောလခဲခရိုင် မြို့နယ်နှင့် ရပ်/ ကျေး စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။



**အဖွင့်အမှာစကားပြောကြား**

အခမ်းအနားတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ အလုပ်အကိုင်ရရှိစေရေးအတွက် ပြည်သူများ လက်ဝယ်ရှိ သေချာသည့် ကုန်ထုတ်လုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်ငန်းများအား သမားရိုးကျ မိရိုးဖလာ နည်းလမ်းများအစား ခေတ်မီနည်းပညာများကို အသုံးပြုဆောင်ရွက်တတ်စေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်၍ နည်းပညာများ ပံ့ပိုးကူညီပေးရန်နှင့် အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား အတင်းအကျပ်ဖိအားပေး ဆောင်ရွက်စေသည့် သဘောမျိုး မသက်ရောက်စေဘဲ ၎င်းတို့ဆန္ဒအလျောက် လိုလားစွာ လိုက်ပါဆောင်ရွက်သည့် အခြေအနေမျိုး ဖြစ်အောင် ပညာပေးဆောင်ရွက်စေရန်၊ ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသား ကျောင်းသူများ အင်အားအပြည့် ကျောင်းပြန်လည် တက်ရောက် ပညာသင်ယူနိုင်ရေးနှင့် ဆရာ ဆရာမများကလည်း အင်တိုက်အားတိုက်ဖြင့် သင်ကြားပေးနိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်ပေးသွားရန်၊ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုလုပ်ငန်းများကို တိုးမြှင့်စစ်ဆေးကုသပေးနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားရန်၊ ဘောလခဲခရိုင်အတွင်းရှိပြည်သူလူထု၏ အခက်အခဲများအား ပွင့်လင်းစွာ တင်ပြကြရန်နှင့် ခရိုင်၊ မြို့နယ်နှင့် ရပ်/ကျေး စီမံအုပ်ချုပ်ရေးအဖွဲ့များအနေဖြင့်လည်း မိမိတို့ဒေသ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဦးစားပေးဆောင်ရွက်သွားကြရန် အဖွင့်အမှာစကား ပြောကြားခဲ့သည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသလိုအပ်ချက်များကို ဆွေးနွေးတင်ပြခြင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် သက်ဆိုင်သော စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးတင်ပြခြင်း၊ ဘောလခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မိမိတို့ ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသလိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြို့နယ်အလိုက်လိုအပ်ချက်များအပေါ်တွင် ဆောင်ရွက်ပေးရမည့် အချက်များကို လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မယ်စဲ့မြို့နယ် သီရိမင်္ဂလာရတနာသုခ မြို့မဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေကျပ် ၂၅ သိန်း၊ ဘောလခဲမြို့ ၂၅ ခုတင်ဆံ့ တပ်မတော်ဆေးရုံတွင် ဆေးကုသနေသော ပြည်သူများ၏ ဆေးကုသစရိတ်အတွက် ထောက်ပံ့လှူဒါန်းငွေကျပ် ၂၆ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရုံးအမှတ်(၄၇)တွင် ကျင်းပသည်။



**အထူးသတိပြုဆောင်ရွက်**

အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကိုဗစ်-၁၉ ရောဂါသည် လက်ရှိကမ္ဘာတစ်ဝန်းတွင် ဆက်လက်ဖြစ်ပွားလျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများတွင်လည်း လတ်တလောဖြစ်ပွားမှုများပြားလျက်ရှိကြောင်း၊ ထိုသို့ဖြစ်ပွားရာ၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး၏ မျိုးရိုးဗီဇ ပြောင်းလဲမှုများလည်း တွေ့ရှိနေရသဖြင့် အဆိုပါ ဗီဇပြောင်းရောဂါပိုးများ မိမိတို့နိုင်ငံသို့ ရောက်ရှိကူးစက်ပြန့်ပွားမှုများ မဖြစ်ပေါ်စေရေးနှင့် နိုင်ငံတွင်း ကိုဗစ်-၁၉ ရောဂါ နောက်ထပ်လှိုင်းတစ်ခုအဖြစ် ပေါ်ပေါက်မလာစေရေး အထူးသတိပြုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၌ လက်ရှိအခြေအနေတွင် ဓာတ်ခွဲနမူနာစစ်ဆေးနိုင်မှုအပေါ် တွက်ချက်မှုအရ ရောဂါတွေ့ရှိမှုနှုန်း (၁)ရာခိုင်နှုန်းနှင့် (၂)ရာခိုင်နှုန်းအကြားသာ တွေ့ရှိနေရသော်လည်း မိမိတို့အနေဖြင့် ပေါ့ဆ၍ မရပါကြောင်း၊ ဓာတ်ခွဲနမူနာ စစ်ဆေးနိုင်မှု လျော့နည်းနေပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သော နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် ခရီးသွားလာမှုနှင့်အချို့သော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခဲ့ပါကြောင်း၊ သို့ရာတွင် လူတစ်ဦးချင်းအနေဖြင့်ဆောင်ရွက်ရမည့် ကာကွယ်ရေးနည်းလမ်းများကို မပျက်မကွက် ဆက်လက်ဆောင်ရွက်ကြရန် စဉ်ဆက်မပြတ်တိုက်တွန်းခဲ့ပါကြောင်း၊ ထိုသို့ခရီးသွားလာမှုများကို ဖြေလျှော့ပေးခဲ့ရသော်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ထုတ်ပြန်သော အချက်များကို သက်ဆိုင်သူများ၊ လုပ်ငန်းများအနေဖြင့် တစ်သဝေမတိမ်း လိုက်နာကြရန် စည်းကမ်းကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

လက်ရှိကျင့်သုံးလျက်ရှိသော ရောဂါကာကွယ်ထိန်းချုပ်ရေးနည်းစနစ်များကိုလည်း လက်ရှိအခြေအနေနှင့်ယှဉ်တွဲ၍ ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများ လုံလောက်စွာရှိသည့်အတွက် ဓာတ်ခွဲနမူနာစစ်ဆေးမှု တိုးမြှင့်ဆောင်ရွက်နိုင်စေရန် ဆွေးနွေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဓာတ်ခွဲနမူနာစစ်ဆေးခြင်းအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနအပါအဝင် အခြားပုဂ္ဂလိက ကျန်းမာရေးဓာတ်ခွဲခန်းများတွင်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်ခွဲနမူနာရယူနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဒေသဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ခရီးသွားလာမှုများမှ ကူးစက်မှုများပြားလာနိုင်သဖြင့် ရောဂါဖြစ်ပွားမှုအခြေအနေအပေါ် မူတည်၍ ဒေသအလိုက်သော်လည်းကောင်း ရောဂါရှိ၊ မရှိ စစ်ဆေးရန် လိုအပ်လာနိုင်သည်ဖြစ်ပါကြောင်း။

**ပိုမိုဂရုပြု**

ထို့ပြင် အိမ်နီးချင်းနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုမြင့်တက်နေသဖြင့် နယ်စပ်ဝင်ပေါက် ထွက်ပေါက်များတွင် ပိုမိုဂရုပြုရမည်ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့နှင့်ထိစပ်လျက်ရှိသော နယ်စပ်ဒေသများတွင် ကျန်းမာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်မလာစေရေးအတွက် ဓာတ်ခွဲစစ်ဆေးခြင်း၊ အသွားအလာကန့်သတ်၍ သီးခြားခွဲခြားထားရှိခြင်း စသည်တို့ကို အဆိုပါ နယ်စပ်ဝင်ပေါက်များတွင် လိုအပ်သလို အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နယ်စပ်ဝင်ပေါက်များမှ နေရပ်ပြန်သူများကိုလည်း လမ်းခရီးတစ်လျှောက်တွင် မိမိတို့ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လိုက်နာရန်အချက်များကို တိကျစွာလိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

အထူးသဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရန်ကုန်တိုင်းဒေသကြီးသို့ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအတွင်း ဒုတိယလှိုင်းအဖြစ် ကူးစက်ပျံ့နှံ့ခဲ့သဖြင့် ယင်းသို့ ထပ်မံမဖြစ်ပွားစေရန် အထူးအလေးပေး အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူများပင်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ခြင်းအစရှိသော တစ်ကိုယ်ရည်ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်အလေးပေးဆောင်ရွက်ရန် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကုန်စည်ပို့ ဆောင်ဆက်သွယ်ရေးတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် သတင်းပို့စနစ်ကို နိုင်ငံ့စီးပွားရေးကဏ္ဍမထိခိုက်စေဘဲ ကျန်းမာရေးကဏ္ဍတွင်လည်း အဆင်ပြေစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဖြေလျှော့မှုများကြားတွင် စည်းမျဉ်းစည်းကမ်းများကို မလိုက်နာပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဓာတ်ခွဲနမူနာများမည်သို့ယူမည်ကို ကြိုတင်ပြင်ဆင်ဆွေးနွေးဆောင်ရွက်ရန်နှင့် လိုအပ်ပါက ကျန်းမာရေးဝန်ထမ်းများမှ ကြီးကြပ်တာဝန်ပေးသော ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးမှူးများနှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆေးရုံများတွင်လည်း လိုအပ်ချက်များ၊ ကြိုတင်ပြင်ဆင်ထားရှိရန်အချက်များနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှုတို့ကို ဆန်းစစ်၍ အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ထားရှိရမည်ဖြစ်ပါကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာတိုးသီရိအောင်က ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ လက်ရှိဖြစ်ပွားနေမှုနှင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ လက်ရှိဖြစ်ပွားနေမှုအခြေအနေများ၊ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်) ဒေါက်တာဥာဏ်ဝင်းမြင့်က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များတွင် ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမိုးခိုင်(ကုသရေး)က ကုသရေးဦးစီးဌာနမှ ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် လက်ရှိဆောင်ရွက်နေမှုများ၊ ထုတ်ဝေထားသော စံလုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များကိုလည်းကောင်း၊ ကုသရေးဦးစီးဌာန ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး (ဝယ်/ဖြန့်) ဒေါက်တာကျော်စိုးမင်းက ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကုသရေးအတွက် စက်ပစ္စည်းများ ဝယ်ယူဖြန့်ဖြူးထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး (ဝယ်/ဖြန့်) ဒေါက်တာဆွေဇင်ဝင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရောဂါကာကွယ်ရေးပစ္စည်းများ ဝယ်ယူဖြန့်ဖြူးထားရှိမှု အခြေအနေများနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသောသူများက ကဏ္ဍအလိုက် အသီးသီးဆွေးနွေးအကြံပြုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **သတင်းစဉ်**

## မေ ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၃ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၁-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၀-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၁-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၁၀၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်(၁၃)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၆၁,၉၁၀) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၆၇၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၁၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။
နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။

# နိုင်ငံတော်နှင့် ပြည်သူကောင်းကျိုးကို ဆောင်ကြဉ်းကြမည့်သူများ

နေခြည်သွေး

**လက်ရှိအချိန်အထိလည်း အသိတရားမရရှိကြသေးတဲ့အပြင် ဆူပူအကြမ်းဖက်မှု ဖြစ်ပွားအောင်၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ပြည်သူတွေကို လက်နက်ကိုင်အကြမ်းဖက်အောင်အထိ မမြင်ရတဲ့လေလှိုင်းပေါ်ကနေ အားထုတ်နေကြတာကိုလည်း မြင်တွေ့ရပါတယ်။ တိုင်းပြည် အစိတ်စိတ်အမြွှာမြွှာကွဲပြီး မတည်မငြိမ်ဖြစ်စေဖို့ ကြံဆောင်မှုတွေဟာ တဖြည်းဖြည်း ချုပ်ငြိမ်းလာနေပါပြီ။ အမှားနဲ့အမှန်ကလည်း အချိန်တစ်ခု ဖြတ်သန်းလာတာနဲ့အမျှ ကွဲပြားလာခဲ့ပါပြီ။ အချို့ဌာနတွေမှာ ဝန်ထမ်းတွေ လုပ်ငန်းခွင်ဝင်ရောက်ဖို့ ပြန်လည်လက်ကမ်းကြိုနေကြတာကိုလည်း မြင်တွေ့နေရပါတယ်။ အထူးသဖြင့် ပြည်သူတွေရဲ့ကျန်းမာရေးကို တာဝန်ယူပေးကြရတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ကလေးတွေကို ပညာသင်ကြားပေးကြရမယ့် ဆရာ ဆရာမတွေ၊ နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍကို ဖော်ဆောင်ပေးကြမယ့် ဘဏ်ဝန်ထမ်းတွေ၊ စက်မှုအတတ်ပညာရှင်တွေအားလုံး လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်ကြဖို့ အချိန်တန်ပါပြီ။**

ပြီးခဲ့သည့်နှစ်လကျော်ကာလ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တာဝန်ယူထားချိန် စာရေးသူတို့ ဝန်ထမ်းတွေအဖို့လည်း တွေဝေစရာ၊ ဒွိဟဖြစ်စရာအခြေအနေတွေနဲ့ ကြုံခဲ့ရပါတယ်။

ဌာနမှာ ဆယ်စုနှစ်တစ်ခုနီးပါး ဖြတ်သန်းလာခဲ့ပြီး လုပ်ငန်းအတွေ့အကြုံ အထိုက်အလျောက်ပြည့်ဝလာချိန်၊ မိသားစုနဲ့အတူ ဝန်ထမ်းအိမ်ရာလေးအတွင်း ဘဝအမှတ်တရတွေကို ဖြတ်သန်းချိန်မှာ မိတ်ဆွေလုပ်ဖော်ကိုင်ဖက်အချို့နဲ့အတူ ရှေ့ဆက်ရမယ့် ဘဝခရီးအကြောင်း တိုင်ပင်မိကြတယ်။ CDM တဲ့...။ လက်ရှိတာဝန်ယူထားတဲ့ အစိုးရကို ဆန့်ကျင်တဲ့အနေနဲ့ အလုပ်တွေမဆင်းကြတော့ဘူး၊ အဆောင်တွေ၊ အိမ်တွေမှာပဲ ဆက်ပြီးနေကြမယ်၊ အဲဒီလိုနေလို့ အရေးယူလို့မရဘူးတဲ့။ ဖေ့စ်ဘွတ်မှာလည်း ဝန်ထမ်းတွေ CDM လုပ်ကြဖို့ အားလုံးက တိုက်တွန်းကြတယ်။ အကယ်၍ လစာမရခဲ့ရင်တောင် ပြင်ပအဖွဲ့အစည်းတွေက လစာတွေပေးဦးမှာ၊ နေစရာတွေ၊ စားစရာတွေ စီစဉ်ပေးဦးမှာတဲ့။

အဲဒီအချိန်မှာ နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ ဝန်ထမ်းကျင့်ဝတ်စာအုပ်လေးကို သေသေချာချာ ဖတ်ရှုမိတာပေါ့။ သူတို့ပြောသလို အရေးယူလို့မရဘူးဆိုတာ မဟုတ်တဲ့အကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကျေးဇူးသစ္စာကိုသာ စောင့်သိရမယ်ဆိုတဲ့ အကြောင်းကို ပိုပြီးသတိပြုမိခဲ့ပါတယ်။ အကယ်၍ တို့တစ်တွေ အလုပ်မဆင်းကြရင် ထိခိုက်ခံစားရမယ့် သူတွေအထဲ အနီးစပ်ဆုံး ကိုယ့်မိသားစု စားဝတ်နေရေးကို ထိခိုက်ရမယ်၊ ဌာနနဲ့ဆက်စပ် လုပ်ကိုင်နေကြတဲ့ ပြည်သူတွေ အနှောင့်အယှက်ဖြစ်ကြရမယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာ နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ဆောင်ကြဉ်းရမယ့် သူတွေ၊ သူတို့ အခက်တွေ့အောင် လုပ်ဆောင်ကြရမယ့်သူတွေ မဟုတ်ဘူးဆိုတာကို ဆင်ခြင်မိလာခဲ့ပါတယ်။ တစ်ဖက်မှာလည်း မိတ်ဆွေတွေက အလုပ်မဆင်းကြဖို့ နှိုးဆော်သံတွေကလည်း ကျယ်လောင်လာခဲ့ပြီ။

### သန္နိဋ္ဌာန်ချထား

ဌာနအကြီးအကဲတွေက အလုပ်အတင်းအကျပ်ပြန်ဆင်းဖို့ ဖိအားမပေးခဲ့ကြတာကလည်း စာရေးသူတို့ နိုင်ငံ့ဝန်ထမ်းတွေအဖို့ အားသစ်တစ်ရပ်ဖြစ်ခဲ့ရပါတယ်။ အကြီးအကဲတွေရဲ့ ဆိုဆုံးမမှုစကားသံတွေထဲမှာ မိမိရဲ့ တပည့်သားမြေးတွေ အလုပ်အကိုင်တွေထိခိုက်၊ စားဝတ်နေရေးတွေ အဆင်မပြေဖြစ်လာနိုင်တာကို အတန်တန်ထည့်သွင်းပြောကြားသွားတဲ့အခါ စာရေးသူတို့ရဲ့ CDM အိပ်မက်ဟာ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားတော့တာပါပဲ။ အဲဒီအခါမှာ လုပ်ဖော်ကိုင်ဖက်အချို့ကတော့ CDM လောင်းရိပ်မှာ မိနေကြတော့တာပေါ့။ **“ထွက်လာခဲ့ပါ၊ မိသားစုအတွက် နေစရာ၊ စားစရာ မပူရတဲ့အပြင် လစာလည်းရတယ်”** ဆိုတဲ့ စကားသံတွေက စာရေးသူတို့ ကျန်ရစ်ခဲ့တဲ့ ဝန်ထမ်းမိသားစုတွေရဲ့ နားထဲကို မတိုးတော့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံ့ဝန်ထမ်းအဖြစ် အလုပ်အကိုင်ကို ရွေးချယ်လျှောက်လှမ်းခဲ့ကြတာမို့ နိုင်ငံတော်နဲ့ ပြည်သူအတွက် ဆက်၍သာ ဝန်ထမ်းဘဝကို ဖြတ်သန်းတော့မယ်ဆိုတဲ့ သန္နိဋ္ဌာန်ချထားမိပါတယ်။

သိပ်မကြာပါဘူး။ လစာလည်းရတယ်၊ နေစရာငြိမ်းဆိုတဲ့ မိတ်ဆွေတွေ အပြေးအလွှားနဲ့ ဇာတိရပ်ရွာတွေဆီ ပြန်ကြရတယ်။ တစ်ဖက်မှာလည်း သူတို့ရနေတဲ့ လစာတွေ မပေးနိုင်ကြတော့ဘူး။ ဌာနအသီးသီးကလည်း ဝန်ထမ်းတွေကို သတိပေးစာတွေ အကြိမ်ကြိမ်ပို့နေပြီ။ အဲဒီအချိန်မှာ ဌာနကို ပြန်လည်ရောက်ရှိလာတဲ့ ဝန်ထမ်းအချို့လည်းရှိသလို ပြန်လည်မရောက်လာတော့တဲ့ မိတ်ဆွေဝန်ထမ်းတွေဟာ အလုပ်ပြုတ်စာတစ်စောင်နဲ့ ဌာနကို အပြီးစွန့်ခွာသွားကြပါတော့တယ်။ ကိုယ်ပိုင်အလုပ်လုပ်သူရှိသလို အချိန်တန်ရင် သူတို့မျှော်လင့်တဲ့အစိုးရက သူတို့ကို အလုပ်ပြန်ခန့်မယ်ဆိုတဲ့ မဖြစ်နိုင်တဲ့ မျှော်လင့်ချက် (False Hope) တွေပိုက်ပြီး စောင့်နေကြသူတွေလည်း မနည်းမနောပါပဲ။

နောက်ပိုင်းမှာ CDM ကို အရှိန်မြှင့်တဲ့အနေနဲ့ တံခါးပိတ်ပါတော့မယ်၊ အမြန်လာပါဆိုပြီး တပ်လှန့်ပေးမယ့် နိုင်ငံ့ဝန်ထမ်းတွေကို ထပ်မံမဆွဲဆောင်နိုင်တော့ဘဲ CDM လှုံ့ဆော်မှုတွေကလည်း ရပ်တန့်သွားတော့တာပါပဲ။ စာရေးသူတို့လို CDM မလုပ်ဘဲ ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်နေရတဲ့ ဝန်ထမ်းတွေကို တိုက်ခိုက်မှုတွေကလည်း အစုံအလင်ပါပဲ။ အွန်လိုင်းမှာ အမည်နဲ့တကွ အရှက်တကွဲ ဖော်ပြခံကြရတာရှိသလို၊ စောင်းပါးရိပ်ခြည် ရေးသားပြီး စော်ကားမှုတွေကိုလည်း ကြုံကြရပါတယ်။ ရုံးအောက်ကနေ ရုံးတက်နေတဲ့ ဝန်ထမ်းတွေကို အော်ဟစ်ဆဲဆိုတာ၊ ရုံးဆင်းချိန် ရုံးပေါက်ဝကနေ စောင့်ဆိုင်းပြီး လိုက်ဖ်လွှင့်အရှက်ခွဲတာမျိုးနဲ့ ဝန်ထမ်းတွေ ရုံးမသွားနိုင်အောင် ရုံးတံခါးဝတွေ ပိတ်ဆို့တာမျိုးကိုလည်း ကြုံခဲ့ကြရတာပါ။

### မြေစာပင်ဖြစ်ခဲ့ရ

ဒါပေမယ့်အချိန်ကာလ နှစ်လကျော်လွန်မြောက်ပြီးချိန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ စနစ်တကျနဲ့ ကိုင်တွယ်ဖြေရှင်းပြီးချိန်မှာတော့ စာရေးသူတို့တစ်တွေ ရုံးကို စိတ်ဖြောင့်ဖြောင့် တက်နိုင်ကြပါပြီ။ CDM ကို နောက်ဆုံးအချိန်အထိ ဖက်တွယ်ထားတဲ့ မိတ်ဆွေသူငယ်ချင်းတွေကတော့ ဇာတိပြန်သူပြန်၊ အလုပ်ရှာသူရှာနဲ့ ဘဝလမ်းကြောင်း တစ်ဆစ်ချိုးပြောင်းလဲကြရတော့မယ်ဆိုပြီး စိတ်မသက်မသာတွေးမိပါတယ်။ ဒီမိုကရေစီလမ်းကြောင်း မဖြောင့်ဖြူးမှာ စိုးရိမ်တဲ့အတွက် ဖြစ်ပေါ်နေတဲ့ ဒီမိုကရေစီအမည်ခံ အာဏာရှင်တွေကို အရေးယူတဲ့ကိစ္စမှာ မဆီမဆိုင် မိမိတို့မိတ်ဆွေ နိုင်ငံ့ဝန်ထမ်းတွေဟာ CDM ဆိုတဲ့ ထောင်ချောက်မိပြီး မြေစာပင်ဖြစ်ခဲ့ရပါပြီ။

ပြီးခဲ့တဲ့ရက်ပိုင်းက ဝန်ထမ်းရပ်ကွက်တစ်ခုထဲကို CRPH လို့ခေါ်တဲ့ တရားမဝင် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းက ကိုယ်စားလှယ်တော်တွေ လာရောက်ခဲ့တဲ့ အကြောင်းအရာလေးတစ်ခုကို ကြားသိရပါတယ်။ ဝန်ထမ်းတွေက သောင်းသောင်းဖြဖြ မကြိုဆိုကြတဲ့အပြင် အားနာနာနဲ့ လူအနည်းအကျဉ်းတော့ တက်ရောက်ခဲ့ကြတဲ့ ပွဲလေးတစ်ခုပါ။ အလုပ်ပြန်မဆင်းကြဖို့၊ လစာတွေ မထုတ်ကြဖို့၊ နည်းနည်းထပ်ပြီးတောင့်ခံကြဖို့ ကိုယ်စားလှယ်ဆိုသူတွေကပြောတဲ့အခါ ဝန်ထမ်းတွေက သူတို့ကို ပြန်ပြီး ဘယ်ဌာနမှာ ထမ်းဆောင်သလဲဆိုတာ မေးခွန်းထုတ်ကြပါသတဲ့။ ဝန်ထမ်းမဟုတ်ဘဲ NGO တွေမှာ အလုပ်လုပ်ပြီး နိုင်ငံ့ဝန်ထမ်းလစာထက် အဆပိုများတဲ့လစာကိုရနေတဲ့ သူတို့တွေက ဝန်ထမ်းတွေကို အလုပ်မဆင်းကြဖို့၊ တောင့်ခံကြဖို့ ပြောဆိုနေတာကို နှိုင်းယှဉ်ပြလိုက်ပါသတဲ့။ အအေးလေးသောက်၊ ကြက်ကြော်လေးစားရင်း CDM ဝန်ထမ်းတွေကို လိုက်စည်းရုံးနေတဲ့ ကိုယ်စားလှယ်တော်တွေကို မေးလိုက်ချင်ပါတယ်။ အနာဂတ်မှာ အားလုံးကောင်းဖို့အတွက် ပြည်သူနဲ့နိုင်ငံ့ဝန်ထမ်းတွေက တောင့်ခံနေရတဲ့အချိန် နောက်ကွယ်ကနေ မြှောက်ပင့်ပေးနေသူတွေကတော့ နိုင်ငံတကာ အထောက်အပံ့တွေရယူ၊ မောပန်းလာတဲ့ ပြည်သူတွေကို ချွေးသိပ်ရင်း ကိုယ်ကျိုးစီးပွား ရှာနေကြဦးမှာလားလို့ပါ။

နိုင်ငံ့ဝန်ထမ်းလစာဆိုတာ ပုဂ္ဂလိကလုပ်ငန်းတွေ၊ အဖွဲ့အစည်းလက်အောက်ခံ လုပ်ငန်းတွေနဲ့နှိုင်းယှဉ်ရင် နည်းပါးလွန်းပါတယ်။ သို့သော် မိမိတို့နိုင်ငံအတွက်၊ ပြည်သူအတွက် တင်းကျပ်တဲ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပြီး ဂုဏ်ယူဝင့်ကြွားစွာ အလုပ်လုပ်ကိုင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေ ဖြစ်ပါတယ်။ အဲဒီလစာဟာ မိသားစုစားဝတ်နေရေးအတွက် အသုံးပြုကြရပါတယ်။ လစာမရဘဲ အလုပ်လည်း ပြုတ်သွားကြမယ်၊ ဝန်ထမ်းအိမ်ရာတွေကလည်း ပြောင်းရွှေ့ပေးကြရတော့မယ်ဆိုရင် သူတို့ ဘယ်လိုဖြတ်သန်းကြရပါတော့မလဲ ဆိုတာကို မြှောက်ပင့်သွေးထိုးသူများ ဘာကြောင့် သတိမပြုမိပါသလဲ။ လက်ရှိမှာ ဝန်ထမ်းအင်အား စုစုပေါင်းနဲ့ နှိုင်းယှဉ်မယ်ဆိုရင် CDM လုပ်သူ ဝန်ထမ်းဦးရေဟာ လေးပုံတစ်ပုံ၊ ငါးပုံတစ်ပုံတောင် မရှိတဲ့အနေအထားလို့ သိရပါတယ်။ ဝန်ထမ်းတွေကို ခြိမ်းခြောက်အကျပ်ကိုင်တဲ့အထဲ “အသက်ပေးသွားသူတွေကို အားနာပါ” ဆိုတဲ့ စကားရပ်ကို မကြာမကြာ ကြားမိပါတယ်။ တကယ်တမ်း အားနာရမယ့်သူတွေက ဝန်ထမ်းတွေ မဟုတ်ပါဘူး။ မြှောက်ပင့်ပေးပြီး လူငယ်တွေကို လမ်းပေါ်ထွက်ခိုင်းကြသူတွေ၊ အသေခံထွက်ကြဆိုပြီး ကိုယ်တိုင်က ပုန်းကွယ်ပြီး သွေးထိုးနေသူတွေပဲ ဖြစ်ပါတယ်။

လက်ရှိအချိန်အထိလည်း အသိတရားမရရှိကြသေးတဲ့အပြင် ဆူပူအကြမ်းဖက်မှု ဖြစ်ပွားအောင်၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ပြည်သူတွေကို လက်နက်ကိုင်အကြမ်းဖက်အောင်အထိ မမြင်ရတဲ့ လေလှိုင်းပေါ်ကနေ အားထုတ်နေကြတာကိုလည်း မြင်တွေ့ရပါတယ်။ တိုင်းပြည် အစိတ်စိတ်အမြွှာမြွှာကွဲပြီး မတည်မငြိမ်ဖြစ်စေဖို့ ကြံဆောင်မှုတွေဟာ တဖြည်းဖြည်းချုပ်ငြိမ်းလာနေပါပြီ။ အမှားနဲ့အမှန်ကလည်း အချိန်တစ်ခု ဖြတ်သန်းလာတာနဲ့အမျှ ကွဲပြားလာခဲ့ပါပြီ။ အချို့ဌာနတွေမှာ ဝန်ထမ်းတွေ လုပ်ငန်းခွင်ဝင်ရောက်ဖို့ ပြန်လည် လက်ကမ်းကြိုနေကြတာကိုလည်း မြင်တွေ့နေရပါတယ်။ အထူးသဖြင့် ပြည်သူတွေရဲ့ ကျန်းမာရေးကို တာဝန်ယူပေးကြရတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ကလေးတွေကို ပညာသင်ကြားပေးကြရမယ့် ဆရာ ဆရာမတွေ၊ နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍကို ဖော်ဆောင်ပေးကြမယ့် ဘဏ်ဝန်ထမ်းတွေ၊ စက်မှုအတတ်ပညာရှင်တွေအားလုံး လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်ကြဖို့ အချိန်တန်ပါပြီဟု ဆန္ဒပြုတောင်းဆိုလိုက်ရပါတော့တယ်။ ။

**အချိန်ကာလ နှစ်လကျော်လွန်မြောက်ပြီးချိန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ စနစ်တကျနဲ့ ကိုင်တွယ်ဖြေရှင်းပြီးချိန်မှာတော့ စာရေးသူတို့တစ်တွေ ရုံးကို စိတ်ဖြောင့်ဖြောင့် တက်နိုင်ကြပါပြီ။ CDM ကို နောက်ဆုံးအချိန်အထိ ဖက်တွယ်ထားတဲ့ မိတ်ဆွေသူငယ်ချင်းတွေကတော့ ဇာတိပြန်သူပြန်၊ အလုပ်ရှာသူရှာနဲ့ ဘဝလမ်းကြောင်း တစ်ဆစ်ချိုးပြောင်းလဲကြရတော့မယ်ဆိုပြီး စိတ်မသက်မသာ တွေးမိပါတယ်။ ဒီမိုကရေစီလမ်းကြောင်း မဖြောင့်ဖြူးမှာ စိုးရိမ်တဲ့အတွက် ဖြစ်ပေါ်နေတဲ့ ဒီမိုကရေစီအမည်ခံ အာဏာရှင်တွေကို အရေးယူတဲ့ကိစ္စမှာ မဆီမဆိုင် မိမိတို့မိတ်ဆွေ နိုင်ငံ့ဝန်ထမ်းတွေဟာ CDM ဆိုတဲ့ ထောင်ချောက်မိပြီး မြေစာပင်ဖြစ်ခဲ့ရ။**

# ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) တတိယလှိုင်းအဖြစ် ကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး/သတိပေးနှိုးဆော်ချက်

(၂၀.၄.၂၀၂၁)ရက်နေ့၊ နံနက်ပိုင်းအထိ ကမ္ဘာတစ်ဝှမ်းလုံးတွင် ကိုရိုနာဗိုင်းရပ်စ်(COVID-19) ကပ်ရောဂါဖြစ်ပွားသူဦးရေ (၁၄၂)သန်းကျော်၊ ရောဂါကြောင့်သေဆုံးသူဦးရေ (၃)သန်းကျော်ရှိနေပြီဖြစ်ပြီး ရောဂါသည် အရှိန်အဟုန်ဖြင့် ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိနေပါသည်။

ထိုသို့ကူးစက်ပြန့်ပွားရခြင်းအကြောင်းများအနက်

- ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး၏ မျိုးရိုးဗီဇများ ပြောင်းလဲလာခြင်း၊
- အကြောင်းအမျိုးမျိုးကြောင့် လူစုလူဝေးများဖြစ်ပေါ်ခြင်း၊
- ရောဂါဖြစ်ပွားမှုကျဆင်းလျက်ရှိသည့်နိုင်ငံများတွင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလာခြင်း၊
- လူအများစုမှ ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာမှုအားနည်းလာခြင်း၊
- ကာကွယ်ဆေးထိုးနှံပြီးသူများမှလည်း ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာဆောင်ရွက်မှုအားနည်းခြင်းစသည်တို့ကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။

(၂၀.၄.၂၀၂၁) ရက်နေ့၊ နံနက်ပိုင်းအထိ သိရှိရသော ကိန်းဂဏန်းများအရ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေ(၁၅)သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်သိန်းရှစ်သောင်းကျော်ရှိနေပြီဖြစ်ပြီး ကမ္ဘာတွင်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်နေပါသည်။ ရောဂါဖြစ်ပွားမှု တတိယလှိုင်းကိုလည်းခံစားရလျက်ရှိပြီး (၁၈.၄.၂၀၂၁) တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူစုစုပေါင်း (၂၇၅,၃၀၆)ဦးအထိ စံချိန်တင်ကူးစက်ဖြစ်ပွားလျက်ရှိသည်ကိုတွေ့ရပါသည်။ ထိုသို့ကူးစက်မှုများအတွင်းတွင် ကိုရိုနာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှုများအနေဖြင့် ကူးစက်မှုနှုန်း (၇၀%)အထိ ပိုမိုမြန်ဆန်နိုင်သည့် UK Variant (B.1.1.7)နှင့် ကူးစက်မှုနှုန်းမြန်၍ အချို့ကာကွယ်ဆေးများ၏ ထိရောက်မှုကို လျော့ကျစေနိုင်ဖွယ်ရှိသည့် South Africa Variant (B.1.351) တို့ကိုလည်း လေ့လာတွေ့ရှိရကြောင်း သိရှိရပါသည်။ အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေ (၇)သိန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေတစ်သောင်းကျော်ရှိနေပြီဖြစ်ပါသည်။ ယခုအခါရောဂါဖြစ်ပွားမှု တတိယလှိုင်းကို ခံစားရလျက်ရှိပြီး (၇.၄.၂၀၂၁) တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူ(၇၆၂၆)ဦးအထိ ကူးစက်မှုများ ပြန်လည်မြင့်တက်လျက်ရှိသည်ကို တွေ့ရပါသည်။ ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19)ရောဂါဖြစ်ပွားသူဦးရေ (၄) သောင်းကျော်၊ ရောဂါကြောင့် သေဆုံးသူ ဦးရေ တစ်ရာကျော်ရှိနေပြီဖြစ်ပါသည်။ (၂၀၂၁)ခုနှစ်၊ ဧပြီလဆန်းမှစတင်၍ ရောဂါကူးစက်မှု တတိယလှိုင်းအဖြစ် ကူးစက်ဖြစ်ပွားသူဦးရေ သိသာစွာမြင့်တက်လာခဲ့ပြီး (၁၈.၄.၂၀၂၁)နေ့တွင် တစ်နေ့တာအတွင်း ကူးစက်သူဦးရေ (၁၇၆၇)ဦးရှိခဲ့ကာ နေ့စဉ်ကူးစက်မှုဦးရေ တစ်ထောင်ကျော် ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

အထက်ဖော်ပြပါ အိမ်နီးချင်းနိုင်ငံများတွင် လက်ရှိဖြစ်ပွားကူးစက်နေသော ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်-၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် မိမိတို့ပြည်သူအားလုံးမှ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် အောက်ဖော်ပြပါ ရိုးရှင်းလွယ်ကူ၍ အခြေခံကျသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများကို “ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ” ဟူသည့်ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်ပန်ကြားအပ်ပါသည်။

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို စနစ်တကျတပ်ဆင်ထားပါ။ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ။

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်လုပ်ကိုင်ပါ။

(၃) လက်ကို စက္ကန့်(၂၀) ကြာ မကြာခဏ စနစ်တကျဆေးကြောပါ။

(၄) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်လေထွက်မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ။

(၅) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိ အသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံးစသည့် နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ။

(၆) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine) လုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်ပါ။

(၇) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်။

(၈) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ။

(၉) ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ။

(၁၀) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ရုတ်တရက် အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မေ ၂၁**

တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက်တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၅၂၀၆၃ ဦး အတွင်းလူနာ ၄၀၃၄ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၇၁၂၆ ဦး အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၆၇၈ ဦး စုစုပေါင်း ၁၀၈၀၄ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကို ပါရဂူများ၊ ဆေးမှူးများဖြင့်အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၇၄၉ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၅၈၅၃ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၉၆၀၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အတွက်ကိုပါ စီမံဆောင် ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၅၄၀၄၄၆ | ၂၅၁၀၆၀၆၄ | ၅၈၂၅၂၇ |
| ၂။ | အိန္ဒိယ | ၁၅၇၂၆၅၆၈ | ၁၃၃၁၁၃၃၅၄ | ၁၈၃၀၅၄ |
| ၃။ | ဘရာဇီး | ၁၄၀၅၀၈၈၅ | ၁၂၅၆၁၆၈၉ | ၃၇၈၅၃၀ |
| ၄။ | ပြင်သစ် | ၅၃၃၉၉၂၀ | ၄၁၈၁၀၀၆ | ၁၀၁၅၉၇ |
| ၅။ | ရုရှား | ၄၇၂၇၁၂၅ | ၄၃၅၂၈၇၃ | ၁၀၆၇၀၆ |
| ၆။ | ဗြိတိန် | ၄၃၉၃၃၀၇ | ၄၁၆၁၄၃၃ | ၁၂၇၃၀၇ |
| ၇။ | တူရကီ | ၄၃၈၄၆၂၄ | ၃၇၉၂၁၂၉ | ၃၆၆၁၃ |
| ၈။ | အီတလီ | ၃၈၉၁၀၆၃ | ၃၂၉၀၇၁၅ | ၁၁၇၆၃၃ |
| ၉။ | စပိန် | ၃၄၃၅၈၄၀ | ၃၁၄၇၂၈၁ | ၇၇၂၁၆ |
| ၁၀။ | ဂျာမနီ | ၃၁၈၀၈၁၀ | ၂၈၂၄၁၀၀ | ၈၁၀၈၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၆၂၀၅၆၉ | ၁၄၇၅၄၅၆ | ၄၄၀၀၇ |
| ၂။ | ဖိလစ်ပိုင် | ၉၆၂၃၀၇ | ၈၂၉၆၀၈ | ၁၆၂၆၅ |
| ၃။ | မလေးရှား | ၃၈၁၈၁၃ | ၃၅၈၇၂၆ | ၁၄၀၀ |
| ၄။ | မြန်မာ | ၁၄၂၆၇၄ | ၁၃၁၉၁၄ | ၃၂၀၆ |
| ၅။ | စင်ကာပူ | ၆၀၈၈၀ | ၆၀၅၄၀ | ၃၀ |
| ၆။ | ထိုင်း | ၄၆၆၄၃ | ၂၉၃၇၁ | ၁၁၀ |
| ၇။ | ကမ္ဘောဒီးယား | ၇၇၄၇ | ၂၇၉၄ | ၅၄ |
| ၈။ | ဗီယက်နမ် | ၂၈၀၀ | ၂၄၉၀ | ၃၅ |
| ၉။ | ဘရူနိုင်း | ၂၂၃ | ၂၁၀ | ၃ |
| ၁၀။ | လာအို | ၈၈ | ၄၉ | ၀ |

# အိန္ဒိယ၌ အောက်ဆီဂျင်ပြတ်လပ်မှုကြောင့် ကိုဗစ်-၁၉ ရောဂါ အရေးပေါ်လူနာ ၂၂ ဦးထက်မနည်း သေဆုံး



**မွမ်ဘိုင်း မေ ၂၁**

အိန္ဒိယနိုင်ငံ နာရှစ်ခ်မြို့ရှိ ပြည်သူ့ဆေးရုံတစ်ရုံတွင် အောက်ဆီဂျင်ယိုစိမ့်မှု ဖြစ်ပွားခဲ့ပြီးနောက် အောက်ဆီဂျင်ပြတ်လပ်မှုဖြစ်ပွားကာ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေသော အရေးပေါ်လူနာ ၂၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။ နာရှစ်ခ်မြို့သည် မွမ်ဘိုင်းမြို့မှ ၁၆၇ ကီလိုမီတာခန့် အကွာတွင် တည်ရှိသော မြို့ငယ်လေးတစ်မြို့ ဖြစ်သည်။

**ပြတ်လပ်သွား**

ဆေးရုံ၏ အထူးကြပ်မတ်ကုသရေးဌာနတွင် ဆေးဝါးကုသမှုခံယူနေသော အဆိုပါလူနာများသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားပြီး အောက်ဆီဂျင်ယိုစိမ့်မှု ဖြစ်ပွားခဲ့ပြီးနောက် လူနာများအား အောက်ဆီဂျင် ပံ့ပိုးပေးမှု ပြတ်လပ်သွားခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ရရှိထားသည့်သတင်းများအရ ဇာကီဟူစိန်ဆေးရုံတွင် အောက်ဆီဂျင်ပြတ်လပ်မှုကြောင့် ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေသော အရေးပေါ်လူနာ ၂၂ ဦးထက်မနည်း သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဆေးရုံတာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

**သေဆုံးသူဦးရေ ထပ်တိုးနိုင်**

အဆိုပါ ဆေးရုံသည် အသက်ရှူအထောက်အကူပြုကိရိယာ သို့မဟုတ် အောက်ဆီဂျင်အပေါ် မှီခိုအားထားနေကြသော ကိုဗစ်-၁၉ ရောဂါ လူနာ ၁၅၀ တို့အတွက် ဆေးဝါးကုသပေးရန် စီစဉ်ထားသည့် ဆေးရုံတစ်ရုံဖြစ်သည်။ ဆေးရုံ၌ အောက်ဆီဂျင်ပြတ်လပ်မှုဖြစ်ပွားခဲ့ပြီးနောက် အခြားနေရာများမှ အောက်ဆီဂျင် ပြန်လည်ရရှိထားသော်လည်း အောက်ဆီဂျင်ပြတ်လပ်စဉ်အတွင်း သေဆုံးသူဦးရေ ထပ်တိုးနိုင်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မြင့်တက်လာခြင်းကြောင့် အောက်ဆီဂျင်ပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိသည်။ အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၅၀၄၁ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၅၆၁၆၁၃၀ ရှိလာခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**



## အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂ ဒသမ ၇ သန်းကျော်ရှိ

**ဗျူနိုအေးရိစ် မေ ၂၁**

အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၁၄၅ ဦး အထိရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၇၄၃၆၂၀ အထိရှိလာကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက မေ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၁၆ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၉၇၉၂ ဦးအထိရှိလာကြောင်း သိရသည်။

ယင်းသို့ အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုများရှိနေချိန်တွင် အာဂျင်တီးနားပြည်သူ ၆၅၁၀၆၁၅ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်းနှင့် ပြည်သူ ၈၂၁၂၁၄ ဦးမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နောက်ထပ်အလုံးရေသန်း ၅၀ ခန့် ဂျပန် လက်ခံရရှိမည်

**တိုကျို မေ ၂၁**

ဂျပန်ဝန်ကြီးချုပ်ဆူဂါက Pfizer ဆေးဝါးကုမ္ပဏီအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပံ့ပိုးပေးမှု အရှိန်မြှင့်လုပ်ဆောင်ရန် တိုက်တွန်းခဲ့ပြီးနောက် ဂျပန်နိုင်ငံသည် Pfizer ဆေးဝါးကုမ္ပဏီထံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နောက်ထပ်အလုံးရေသန်း ၅၀ ခန့် ရရှိမည်ဟု မျှော်လင့်ကြောင်း ဂျပန်အစိုးရသတင်းရင်းမြစ်က ယနေ့ ဖော်ပြထားသည်။

Pfizer ဆေးဝါးကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁၄၄ သန်းနှင့် Moderna ဆေးဝါးကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၅၀ ခန့်ရရှိရန် လက်ရှိသဘောတူချက်နှင့်အညီ ဂျပန်အစိုးရသည် အသက် ၁၆ နှစ်နှင့်အထက်ရှိ ပြည်သူသန်း ၁၁၀ ခန့်အတွက် ကာကွယ်ဆေး လုံလုံလောက်လောက်ရရှိရန် စီစဉ်ထားသည်။

ဆူဂါသည် မေ ၁၇ ရက်က Pfizer ကုမ္ပဏီအရာရှိချုပ် အဲလ်ဘတ်ဘိုလာနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးစဉ် ဂျပန်သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နောက်ထပ်ပံ့ပိုးပေးရန် တောင်းဆိုခဲ့ပြီးနောက် ဂျပန်အစိုးရအနေဖြင့် ကာကွယ်ဆေး ထိုးနှံမှုခံယူရန် သင့်တော်သော ဂျပန်ပြည်သူအားလုံးကို ယခုနှစ်စက်တင်ဘာလကုန်ပိုင်းတွင် ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားသည်။

လက်ရှိအချိန်အထိ ဂျပန်နိုင်ငံတွင် ကျန်းမာရေးဝန်ထမ်း ၁ ဒသမ ၂ သန်းကျော်နှင့် အသက် ၆၅ နှစ်နှင့်အထက်ရှိ သက်ကြီးရွယ်အို ၁၉၀၀၀ ခန့်တို့သည် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ကြပြီးဖြစ်သည်။ ဂျပန်၌ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ပြီးသူအရေအတွက်သည် နိုင်ငံလူဦးရေ၏ ၁ ရာခိုင်နှုန်းခန့်သာ ရှိသေးသည်။

ဂျပန်အစိုးရသည် အသက် ၆၅ နှစ်နှင့် အထက်ရှိ သက်ကြီးရွယ်အိုများအား ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးနောက် ဆီးချိုရောဂါဝေဒနာရှင်များကဲ့သို့သော ရောဂါအခံရှိသည့် ပြည်သူများနှင့် ဘိုးဘွားရိပ်သာများတွင် တာဝန်ထမ်းဆောင်သည့်ဝန်ထမ်းများကို ဆက်လက်ထိုးနှံပေးမည်ဖြစ်ပြီး ကျန်ပြည်သူများကို နောက်ဆုံးအဆင့်တွင် ထိုးနှံပေးရန် စီစဉ်ထားသည်။

ဂျပန်နိုင်ငံတွင် Pfizer ကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်မျိုးကိုသာ နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် အတည်ပြုထားဆဲဖြစ်ပြီး Moderna ဆေးကုမ္ပဏီထုတ် ကာကွယ်ဆေးကို လာမည့်လအစောပိုင်းတွင် အတည်ပြုရန် ခွင့်ပြုချက်ရရှိမည်ဟု မျှော်လင့်သည်။ ဂျပန်သည် AstraZeneca ဆေးဝါးကုမ္ပဏီထုတ် ကာကွယ်ဆေးအလုံးရေသန်း ၁၂၀ ရရှိရန် ကုမ္ပဏီနှင့် သဘောတူချက် ရရှိခဲ့ပြီးဖြစ်သော်လည်း သွေးခဲသည့်ပြဿနာနှင့်ပတ်သက်၍ ယင်းကာကွယ်ဆေးကို အတည်ပြုရန် နှောင့်နှေးကြန့်ကြာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား - ကျိုဒိုနယူးစ်**
**ဘာသာပြန် - ဂျေတီ**

## အင်ဒိုနီးရှားရေငုပ်သင်္ဘောတစ်စင်း စစ်ရေးလေ့ကျင့်မှုအတွင်း ပျောက်ဆုံး

**ဂျကာတာ မေ ၂၁**

အင်ဒိုနီးရှားရေတပ်၏ စစ်ရေးလေ့ကျင့်မှုအတွင်း ရေငုပ်သင်္ဘောတစ်စင်း ပျောက်ဆုံးသွားခဲ့ရာ ရှာဖွေရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

တပ်ဖွဲ့ဝင် ၅၃ ဦး လိုက်ပါစီးနင်းခဲ့သည့် အဆိုပါ ရေငုပ်သင်္ဘော KRI Nanggala ၄၀၂ သည် ဘာလီကျွန်းမြောက်ပိုင်း၌ သင်္ဘောဖျက်လက်နက် (တော်ပီဒို) စစ်ဆင်ရေးဆိုင်ရာ စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ဆင်နွှဲလျက်ရှိစဉ် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ရေတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ရေတပ်ဗိုလ်ချုပ်ကြီး ဂျူးလီးယပ်စ် ဝတ်ဂျိုဂျိုနိုက ပြောကြားခဲ့သည်။

ဘာလီကျွန်းမှ ၉၆ ကီလိုမီတာအကွာ အဝေးရှိ ရေပိုင်နက်အတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဩစတြေးလျနှင့် စင်ကာပူနိုင်ငံတို့ကို အကူအညီတောင်းခံထားကြောင်း သိရသည်။

အဆိုပါရေငုပ်သင်္ဘောကို ၁၉၈၁ ခုနှစ်အတွင်း ဂျာမနီနိုင်ငံ၌ တည်ဆောက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၂ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၌ ပြန်လည်ပြုပြင်မွမ်းမံမှုများ လုပ်ဆောင်ခဲ့ကြောင်း အင်ဒိုနီးရှား အမျိုးသားတပ်မတော်၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားအမျိုးသားတပ်မတော်သည် ဆိုဗီယက်ပြည်ထောင်စုမှ ဝယ်ယူထားသည့် ရေငုပ်သင်္ဘော ၁၂ စင်းဖြင့် ရေပိုင်နက်များအတွင်း ကင်းလှည့်ရေးလုပ်ငန်းများကို ယခင်က ဆောင်ရွက်ခဲ့သည်။ သို့သော် လက်ရှိအချိန်တွင် ဂျာမနီနိုင်ငံထုတ် ရေငုပ်သင်္ဘောနှစ်စင်းနှင့် တောင်ကိုရီးယားနိုင်ငံထုတ် ရေငုပ်သင်္ဘော သုံးစင်းဖြင့်သာ ကင်းလှည့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ကမ္ဘာတစ်ဝန်း၌ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်သူအရေအတွက် ဆက်လက်မြင့်တက်လျက်ရှိ

**ကုလသမဂ္ဂ ဧပြီ ၂၁**
ဗြိတိန်နှင့် တောင်အာဖရိကနိုင်ငံတို့တွင် စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ်များသည် ကမ္ဘာ့နိုင်ငံအများအပြားသို့ ဆက်လက်ပျံ့နှံ့လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယနေ့ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံတွင် စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ်သည် လက်ရှိအချိန်တွင် ၁၃၇ နိုင်ငံနှင့် ဒေသများသို့ ကူးစက်ပျံ့နှံ့လျက်ရှိပြီး လွန်ခဲ့သောရက်သတ္တပတ်အတွင်း ငါးနိုင်ငံသို့ ထပ်မံကူးစက်ပျံ့နှံ့ခဲ့ကြောင်း သိရသည်။

အလားတူ တောင်အာဖရိကနိုင်ငံတွင် စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၈၅ နိုင်ငံနှင့် ဒေသများသို့ ကူးစက်ပျံ့နှံ့လျက်ရှိပြီး လွန်ခဲ့သော ရက်သတ္တပတ်အတွင်း သုံးနိုင်ငံသို့ ထပ်မံကူးစက်ပျံ့နှံ့ခဲ့သည်။

ဘရာဇီးနိုင်ငံတွင် စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၅၂ နိုင်ငံသို့ ကူးစက်ပျံ့နှံ့လျက်ရှိသော်လည်း လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ထပ်မံကူးစက်သည့် နိုင်ငံများ မတွေ့ရှိရကြောင်း သိရသည်။

အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ်သုံးမျိုးသည် လူသားတို့၏အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးပြောကြားခဲ့သည်။ ယင်းဗီဇပြောင်းဗိုင်းရပ်စ်များသည် လူသားတို့၏ ကိုယ်ခံစွမ်းအားကို မည်မျှတိုက်ခိုက်နိုင်စွမ်းရှိကြောင်းနှင့် ၎င်းတို့၏ကူးစက်ပျံ့နှံ့နိုင်မှုအခြေအနေများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာပညာရှင်များက အနီးကပ်လေ့လာလျက်ရှိသည်။




ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုသည် ကမ္ဘာတစ်ဝန်း၌ ဆက်လက် မြင့်တက်လျက်ရှိကြောင်းနှင့် ယင်းသို့ ကူးစက်သူအရေအတွက် မြင့်မားလာခြင်းမှာ ပြည်သူများအနေဖြင့် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို လိုက်နာမှု လျော့ကျလာခြင်းကြောင့်ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သုံးသိန်းနီးပါးရှိပြီး သေဆုံးသူ ၂၀၀၀ ကျော်ရှိ

**နယူးဒေလီ ဧပြီ ၂၁**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၅၀၄၁ ဦးရှိပြီး သေဆုံးသူ ၂၀၂၃ ဦးအထိရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၅၆၁၆၁၃၀ နှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၈၂၅၅၃ ဦးအထိရှိလာကြောင်း အိန္ဒိယနိုင်ငံကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၃၂၇၆၀၃၉ ဦးအထိရှိလာခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာ ၂၁၅၇၅၃၈ ဦးသာ ကျန်ရှိတော့ကြောင်းလည်း သိရသည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီလအတွင်းက စတင်ခဲ့ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၁၃၀ ကျော်အထိ သုံးစွဲပြီးဖြစ်ကြောင်း သိရသည်။

မြို့တော်နယူးဒေလီသည် အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း နယူးဒေလီမြို့တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၃၉၅ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၇၇ ဦးရှိကြောင်း သိရသည်။ ထို့ကြောင့် နယူးဒေလီမြို့တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၆၃၈ ဦးအထိရှိလာကြောင်းလည်း နယူးဒေလီကျန်းမာရေးဌာနက အတည်ပြုပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
| --- | --- |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၄၃၇၂၂၅၈၅ ဦး |
| သေဆုံးသူ | ၃၀၆၁၃၁၃ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၂၂၀၉၃၆၂၀ ဦး |

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၄ သန်းကျော်ရှိလာ

**ဆောပေါလို ဧပြီ ၂၁**
ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၉၃၈၁ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၄၀၄၃၀၇၆ ဦး အထိရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဘရာဇီးကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၃၂၁ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၇၈၀၀၃ ဦး အထိရှိလာကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုသည် အမေရိကန်နိုင်ငံပြီးနောက် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုတွင်မူ ဘရာဇီးနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နောက်တွင် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ဖေဖော်ဝါရီလအတွင်းက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု သိသိသာသာမြင့်တက်လာခြင်းကြောင့် ဘရာဇီးနိုင်ငံ၏ ပြည်နယ်နှင့် မြို့အများအပြားသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာကန့်သတ်မှုများ ပြန်လည်ချမှတ်ခဲ့ပြီး ညမထွက်ရအမိန့်များကိုလည်း ကြေညာခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# လာအိုနိုင်ငံ မြို့တော်ဗီယင်ကျန်း၌ ၁၄ ရက်ကြာ အသွားအလာကန့်သတ်မှုများချမှတ်ရန် အမိန့်ထုတ်ပြန်

**ဗီယင်ကျန်း ဧပြီ ၂၁**
လာအိုနိုင်ငံ၏ မြို့တော်ဗီယင်ကျန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် မြင့်တက်လာသဖြင့် ၁၄ ရက်ကြာ အသွားအလာကန့်သတ်မှုများ ချမှတ်ရန်နှင့် နိုင်ငံအတွင်းရှိ အခြားပြည်နယ်များတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်ရန် ဝန်ကြီးချုပ် ဖန်ခန်ဗီပါဗန်က ယနေ့အမိန့်ထုတ်ပြန်သည်။

လာအိုနိုင်ငံ၏ နှစ်သစ်ကူးပွဲတော်ကာလအတွင်း ဗီယင်ကျန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆ ဦးကို တွေ့ရှိခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။ လာအိုနိုင်ငံရှိ အစိုးရတာဝန်ရှိသူ အဆင့်ဆင့်အနေဖြင့် ပြည်သူလူထုအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် ဖြစ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများနှင့် မိမိကိုယ်တိုင်နှင့် မိသားစုအား ကိုဗစ်-၁၉ ရောဂါမှ ကာကွယ်ရေးနည်းလမ်းများကို ပညာပေးရှင်းလင်းပြောကြားရမည်ဖြစ်ကြောင်း ဧပြီ ၂၂ ရက်မှ မေ ၅ ရက်အထိ သက်ရောက်မည့် ဝန်ကြီးချုပ်၏ ညွှန်ကြားချက်တွင် ဖော်ပြထားသည်။

ဗီယင်ကျန်းရှိ အစိုးရရုံးဌာနများတွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းအရေအတွက်ကိုလည်း ခပ်ခွာခွာနေထိုင်ရေးစည်းမျဉ်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။ သို့သော် လုံခြုံရေးတာဝန်ထမ်းဆောင်သော ဝန်ထမ်းများ၏ အရေအတွက်ကိုမူ လျှော့ချမည်မဟုတ်ကြောင်း သိရသည်။

အဆိုပါစည်းမျဉ်းများကို ပုဂ္ဂလိကလုပ်ငန်းများကလည်း လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း သိရသည်။ မြို့တော်ဗီယင်ကျန်းနှင့် ပြည်နယ်များအကြား အသွားအလာပြုလုပ်ခြင်းကို တားမြစ်ထားသော်လည်း ကုန်ပစ္စည်းပို့ဆောင်သော ကားများနှင့် အစိုးရတာဝန်ရှိသူများအား သွားလာခွင့်ပြုထားကြောင်း သိရသည်။

ဗီယင်ကျန်းမြို့နေ ပြည်သူများကို မလိုအပ်ဘဲ နေအိမ်အပြင်မထွက်ကြရန် ညွှန်ကြားထားပြီး အသုဘအခမ်းအနားကဲ့သို့သော အခမ်းအနားများကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ ကျင်းပရန်ညွှန်ကြားထားသည်။ နယ်စပ်ဒေသရှိ စစ်ဆေးရေးစခန်းများနှင့် နယ်စပ်ဒေသ ဖြတ်ကျော်သွားလာခြင်းကိုလည်း ၁၄ ရက်ကြာ ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။ ဟိုတယ်များနှင့် အပန်းဖြေရိပ်သာများတွင်လည်း ဧည့်သည်များအား နေရာထိုင်ခင်းနှင့် အစားအသောက်ဆိုင်ရာ ဝန်ဆောင်မှုကိုသာ ဆောင်ရွက်ပေးရန် ညွှန်ကြားခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၈၈ ဦးရှိပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၉ ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# လှိုင်သာယာ(အနောက်ပိုင်း)နှင့် တာမွေမြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၂၁**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် မြစိမ်းရောင်စက်မှုဇုန် မြရတနာလမ်း အကွက်အမှတ်(၁၆)ရှိ Steel Structure တစ်ထပ် Yangon Matorials ပန်းချီပေါင်စက်ရုံ၌ မေ ၂၀ ရက် ည ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်၍ မီးသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ် ခဲ့သဖြင့် ည ၁၁ နာရီ ၅၉ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး အဆိုပါ မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် စက်ရုံရှိပစ္စည်း များ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အတူ တာမွေမြို့နယ် ပင်ရွှေညောင်လမ်းနှင့် မာလာနွယ်လမ်းထောင့်ရှိ မြို့နယ် NLD ရုံး၌ ယနေ့ နံနက် ၅ နာရီခန့်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ သဖြင့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်၍ မီးသတ်ယာဉ် ခုနစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး အဆိုပါမီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ယာဉ်တစ်စီး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ပွင့်ဖြူမြို့နယ် ညောင်ပင်ရွာကျေးရွာ၌ နေအိမ်လေးလုံး မီးလောင်

**ပွင့်ဖြူ မေ ၂၁**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ညောင်ပင်ရွာ ကျေးရွာ၌ မေ ၂၁ ရက် နံနက် ၁၀ နာရီခန့်က ထင်းမီးဖြင့် ကွမ်းသီးပြုတ်ရာမှ နေအိမ်လေးလုံး မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပွင့်ဖြူမြို့နယ် ညောင်ပင်ရွာကျေးရွာ နေ ဦးရာဇာ၏နေအိမ်တွင် ထင်းမီးဖြင့် ကွမ်းသီး ပြုတ်ရာမှ ထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ပြီး အနီးရှိ နေအိမ်သုံးလုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ ပွင့်ဖြူမြို့နယ် မီးသတ် ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးထွဋ်ခိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ပွင့်ဖြူမြို့မ ရဲစခန်းမှ ဒုရဲမှူး စိုးခိုင်ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ် ယာဉ် တစ်စီးတို့ဖြင့် ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ နံနက် ၁၀ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ ပွင့်ဖြူမြို့မ ရဲစခန်းက မီးပေါ်ဆသူ ဦးရာဇာအား အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ရဲဝင်းနိုင်**
(ပြန်/ဆက်)



ခင်မောင်ထွေးနှင့် ကျော်လင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ပျော်ဘွယ်နှင့် မုဒုံမြို့နယ်များ၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပွား

**နေပြည်တော် မေ ၂၁**
မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်၌ မေ ၁၉ ရက် ညနေ ၅ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် ပန်းတောကျေးရွာပါ ၂၄ ရွာတို့ရှိ နေအိမ် ၁၈၂ လုံး၊ စာသင်ကျောင်းဆောင် တစ်ဆောင်၊ သိမ်ကျောင်း တစ်ဆောင်၊ ရေစင်တစ်လုံးတို့ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ မေ ၂၀ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က မွန်ပြည်နယ် မုဒုံမြို့နယ်၌ မိုးသက်လေပြင်းတိုက်ခတ်ပြီး သစ်ကိုင်းကျိုးကျ မှုကြောင့် မုဒုံမြို့နယ် ကွေ့ဝမ်းကျေးရွာအဝင်လမ်းရှိ ကွန်ကရစ် လျှပ်စစ်မီးတိုင်သုံးတိုင် လဲကျပျက်စီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဘားအံမြို့၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၁**
ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၉ ရက် ည ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် ဘားအံ မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်း ဆောင်ရွက်စဉ် ဘားအံမြို့(၆)ရပ်ကွက် လုပ်သားလမ်းထိပ်အရောက် လှိုင်းဘွဲ့ မြို့နယ် ငှက်ပျောတောကျေးရွာနေ စောဝင်းထူးအောင် (ခ)ရွှေရှုဝံ မောင်းနှင် လာသော ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက် အထားများ တင်ပြနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ ယာဉ်ဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စောဝင်းထူးအောင်(ခ)ရွှေရှုဝံအား ဘားအံမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

■

# လှိုင်ကော်မြို့နယ်အတွင်း မူးယစ်ဆေးဝါးသယ်ဆောင်လာသူများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၁**
ကယားပြည်နယ် လွိုင်ကော်မြို့နယ် လွိုင်လင်လေးမြို့၏ မြောက်ဘက် မီတာ ၁၀၀ ခန့်အကွာရှိ ထီးစဲခါးတံတားအနီး ဆီဆိုင်-လွိုင်ကော်သွား ကားလမ်း၌ မေ ၂၀ ရက်ညနေ ၄ နာရီခွဲခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်ဖြတ်သန်းသွားလာမှုများအား စစ်ဆေးဆောင်ရွက်စဉ် ဆီဆိုင်မှ လွိုင်ကော်သို့ ခင်မောင်ထွေး(ဘ)ဦးသိန်းအောင် မောင်းနှင်ပြီး ကျော်လင်း(ဘ)အာမတ်ဟူစိန် လိုက်ပါလာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်၏နောက်ဖုံးအတွင်းမှ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၂၀၀) နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ယာဉ်၊ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား လွိုင်လင်လေးနယ်မြေရဲစခန်းသို့ စနစ်တကျလွှဲပြောင်း အပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၁**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၀ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဖားကန့်မြို့နယ် မော်ဆီဇာကျေးရွာအနီးတွင် ဇော်ထွန်းဦး မောင်းနှင် လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၄၉၅ ကီလိုကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ခိုဝိန်းရပ်ကွက်ရှိ ရန်ချုံးဖူပိုင်ဆိုင်သော နေအိမ်အခန်း အမှတ် (၁၇)တွင် ငှားရမ်းနေထိုင်သည့် ကျန်စီဖိန်(ခ)အားကျိန်၏ အခန်းသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူ ထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဝါးခယ်မမြို့နယ် မြတ်ပညာငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ဝါးခယ်မ မေ ၂၁**
ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မြတ်ပညာငွေစုငွေချေး သမဝါယမအသင်းအား အသင်းသား ၂၅၈၂ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး အသင်း၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အ.ထ.က(၁)ဝါးခယ်မကျောင်းခန်းမ၌ မတ် ၃၀ ရက်က ကျင်းပခဲ့ပြီး အသင်းသားများ စုဆောင်းထားရှိငွေကျပ် ၁၄၂၁၄ သိန်းမှ အတိုးရငွေကျပ်သိန်း ၈၁၀ ကျော်ကို အသင်းသားများထံသို့ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဖြူကို မည်သူအနက်ဆိုးသနည်း

— — လူနာတစ်ဦး — —

ပထမဦးစွာ ဤခေါင်းစဉ်သည် စာရေးဆရာ မင်းကျော်၏ နာမည်ကျော်ကြားခဲ့သော စာအုပ်၏ အမည်ကို ရယူထားခြင်းဖြစ်ပါကြောင်း ဝန်ခံလျက် ထိုသို့ သုံးစွဲခွင့်ပြုပါရန်လည်း သက်ဆိုင်သူအား မေတ္တာရပ်ခံအပ်ပါသည်။

ဤခေါင်းစဉ်ကိုမှ ရွေးချယ်မိခဲ့ခြင်းမှာလည်း ယခုအခါတွင် အဖြူရောင်နှလုံးသားများ ရုတ်ခြည်း မည်းညစ်သွားကြခြင်းကြောင့် တိုင်းပြည်အတွက် ကြေကွဲဖွယ်ရာ နစ်နာဆုံးရှုံးခဲ့ရသည်ကို တွေ့မြင်နေရရာမှ အတွေးရမိခဲ့ခြင်းဖြစ်ပါလေသည်။

ဝတ်စုံအဖြူနှင့် အဖြူရောင်နှလုံးသားပိုင်ရှင်များကို မှတ်မှတ်သားသားသတိထားမိခဲ့သည်မှာ လွန်ခဲ့သည့် ၁၀ နှစ်ကျော်ခန့်က ဖြစ်သည်။ ထိုစဉ်က ပြည်သူလူထုအားထားယုံကြည်ရသည့် ကျန်းမာရေးစနစ်ကြီး ဖြစ်လာစေရန် ပြုပြင်ပြောင်းလဲမှုများကို အားသွန်ခွန်စိုက် ပြုလုပ်ခဲ့သည်။ ကျန်းမာရေးဘတ်ဂျက်ကို အလုံးအရင်းဖြင့် တိုးမြှင့်သုံးစွဲကာ ပြည်သူ့ဆေးရုံများတွင် ဆေးဝါးအလုံအလောက်ရရှိအောင် ဖြည့်တင်းပေးသည်။ အခြေခံအဆောက်အအုံများ၊ ခေတ်မီစက်ပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးခဲ့သည်။ ကျန်းမာရေးဝန်ထမ်းများ၏ ဝန်ဆောင်မှုကိုလည်း အထူးကြပ်မတ်ပေးခဲ့သည်။ အကျိုးဆက်အနေဖြင့် ပြည်သူလူထုက ပြည်သူ့ဆေးရုံများကို အားကိုးအားထားပြုကာ စုပြုံရောက်ရှိ ကုသမှုခံယူလာခဲ့ကြသည်။ ဤတွင် ဆရာဝန်၊ သူနာပြုနှင့် ဆေးဝန်ထမ်းများအတွက် လုပ်ငန်းဝန်ထုပ်ဝန်ပိုး အဆမတန်ကြီးမားလာခဲ့ပြန်သည်။

### အကုန်အကျများစွာသက်သာခဲ့ရ

ထိုသို့သောကာလတွင် ကျွန်တော်၏အိမ်သူမှာ ကင်ဆာရောဂါဖြစ်ပွားခဲ့သည့်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကုသမှုခံယူခဲ့ရ၏။ ခွဲစိတ်ကုသမှု နှစ်ကြိမ်၊ ကင်ဆာဆေးသွင်းမှု (chemotherapy)၊ ဓာတ်ရောင်ခြည်ဓာတ်မှန်စစ်ဆေးမှု (PET CT Scan)၊ ရေဒီယိုဓာတ်ရောင်ခြည်ဖြင့် ကုသမှု (Radiotherapy) စသည့် ကုသမှုများစွာကို နိုင်ငံပိုင်ဆေးရုံကြီးများ၌ပင် အဆင့်မီမီ အခမဲ့ကုသခွင့်ရရှိခဲ့သည်။ လိုအပ်သည့် ဆေးဝါးအများစုကိုလည်း နိုင်ငံတော်က အခမဲ့ထုတ်ပေးခဲ့ပြီး ဆေးရုံကြီးများတွင် မရှိသည့် ဆေးအချို့ကိုသာ ပြင်ပမှဝယ်ယူခဲ့ရသည်။ သို့တိုင်အောင် ဇနီးဖြစ်သူမှာ လူမှုဖူလုံရေး အစီအစဉ်တွင် ပါဝင်ထားသည့် အစိုးရဝန်ထမ်းဖြစ်သဖြင့် ဆရာဝန်ထောက်ခံချက်ဖြင့် ပြင်ပမှ ဝယ်ယူသည့် ဆေးဖိုးအများစုကို လူမှုဖူလုံရေးအဖွဲ့က ပြန်လည်ထုတ်ပေးခဲ့သောကြောင့် အကုန်အကျများစွာ သက်သာခဲ့ရပါသည်။

သို့သော်ဤနေရာ၌အထူးပြုပြောကြားလိုသည်မှာ ထိုစဉ်က ဆေးရုံဝန်ထမ်းများ၏စေတနာနှင့် တက်ကြွဖော်ရွေသော ဝန်ဆောင်မှုပင်ဖြစ်၏။ အထူးသဖြင့် ဝတ်စုံဖြူများနှင့် လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်လူငယ်များ၊ သူနာပြုဆရာမများနှင့် အမြဲထိတွေ့နေရသည်ဖြစ်ရာ သူတို့၏ တက်ကြွမှုနှင့် စေတနာများကို ကိုယ်တိုင်သိရှိခံစားခဲ့ရသည်။ အယုတ်အလတ်အမြတ်မရွေး လူနာများကို မကြာခဏ လာရောက်သွေးတိုင်းခြင်း၊ လိုအပ်လျှင် သွေးဖောက်ခြင်း၊ အပူချိန်တိုင်းခြင်းများကို ဆရာဝန်လေးများ ကိုယ်တိုင် လုပ်ဆောင်ကြသည်။ သူနာပြုဆရာမများမှအစ သန့်ရှင်းရေးဝန်ထမ်းများအဆုံး အချိန်ပြည့် အလုပ်ရှုပ်နေကြသော်လည်း ပင်ပန်းဟန်မပြ၊ စိတ်ရှုပ်ပုံမရ၊ အလုပ်ကို ဇယ်စက်သလို လုပ်နေကြသည်ကို တွေ့ရသည်။ သူတို့၏စေတနာကို ကျေးဇူးတင်၍ မုန့်များ၊ သစ်သီးများ သွား၍ပေးသည့်တိုင် မယူကြ။ ယဉ်ကျေးစွာ ငြင်းပယ်ကြသည်။

ကျွန်တော် ပုဂ္ဂလိကဆေးရုံကြီးများတွင် ဆေးရုံတက်ဖူးသလို လူနာရှင်အဖြစ်လည်း ရောက်ခဲ့ဖူးပါသည်။ အစစအရာရာ ငွေကြေးဖြင့်သာ ဝန်ဆောင်မှု ရယူရသည်။ သို့တိုင်အောင် တက်ကြွမှုနှင့် စေတနာက ထိုစဉ်က ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့် ကွာလှသည်ကို သတိထားမိပါသည်။ ပြည်သူ့ဆေးရုံမှ ဝတ်စုံဖြူလေးများနှင့် အဖြူရောင်နှလုံးသားပိုင်ရှင်များကို ထိုစဉ်ကတည်းက မှတ်မှတ်ရရ ရှိနေမိသည်။

### စေတနာကို ညွှန်ပြ

နောက်တစ်ကြိမ်ကတော့ အစ်ကိုကြီးကဲ့သို့ ချစ်ခင်လေးစားရသူတစ်ဦးနှင့်ပတ်သက်၍ ဖြစ်သည်။ ယင်းအစ်ကိုကြီး၏ ဇနီးသည်မှာ ဆရာဝန်မကြီးတစ်ဦးဖြစ်၍ သားသမီးသုံးဦးလုံးမှာလည်း ဆရာဝန်များဖြစ်ကြသည်။ တစ်နေ့တွင် သူတို့ မိသားစုအိမ်သို့ ဆွမ်းကျွေးအလှူသွားရာ၌ သားအငယ်ဆုံး အလုပ်သင်ဆရာဝန်ကို မတွေ့သည့်အတွက် မေးကြည့်ရာ "ဆေးရုံကြီးအရေးပေါ်မှာ သူ့ကောင်မလေးက ဒီနေ့ဂျူတီကျတာ၊ အလုပ်တွေများလွန်းလို့ လူမနိုင်တာနဲ့ သူ့ကိုလှမ်းခေါ်လို့ စစ်ကူလိုက်သွားတယ်။ သူက မနေ့ကမှ ဂျူတီထွက်လာတာလေ။ ဒီလိုပါပဲ။ လူနာအင်အားနဲ့ ဆရာဝန်အင်အားကမမျှတော့ အားလုံးဝိုင်းလုပ်နေကြရတယ်"ဟု သူက ဖြေသည်။ နေ့မအား၊ ညမနား အလုပ်များနေကြသည့်ကြားမှ အလုပ်ကို ခင်တွယ်၍ တက်ကြွစွာ ဝိုင်းဝန်းလုပ်ကိုင်နေကြခြင်းမှာ ဤလုပ်ငန်းခွင်အပေါ် သူတို့ထားရှိသည့် မြတ်နိုးမှုနှင့် စေတနာကို ညွှန်ပြနေခြင်းပင်ဖြစ်၏။

ပြီးခဲ့သည့်နှစ်မှစ၍ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး နိုင်ငံအတွင်း ဝင်ရောက်နှိပ်စက်ချိန်တွင် လူအင်အား၊ ပစ္စည်းအင်အားချို့တဲ့သည့်ကြားမှ အတက်ကြွဆုံး၊ အပင်ပန်းဆုံး လုပ်အားပေးခဲ့ကြသူများမှာလည်း သူတို့ပင်ဖြစ်၏။ PPE ဝတ်စုံ တဖားဖားအောက်မှ ချွေးတလုံးလုံးဖြင့် တစ်နေကုန် ပြေးလွှားလုပ်ကိုင်၊ ပင်ပန်းသည့်ကြားမှ မိသားစုကို ငဲ့ကာ အိမ်မပြန်ဘဲ ဖြစ်သလိုနေထိုင်စားသောက်ခဲ့ကြသူများ၊ နေ့စဉ် အန္တရာယ်သေမင်းကို ရှေ့တန်းမှ ရင်ဆိုင်နေကြရသူများ၊ အထူးလေးစားချီးမွမ်းထိုက်သူများအဖြစ် ပြည်သူလူထုက အသိအမှတ်ပြုခဲ့ကြသည်။

ယခုသော်ကား...

ယင်းဖြူစင်တက်ကြွသည့် နှလုံးသားပိုင်ရှင်များသည်-

ဆရာဝန်ဘဝသို့ ရောက်ရှိစဉ်က ဆိုခဲ့ကြသည့် ဟစ်ပိုကရေးတီး၏ သမားသစ္စာကို မျက်ကွယ်ပြုလျက်-

"လူတို့၏အသက်ကို မိမိ၏ အသက်သဖွယ် သဘောထား၍ ပြုစုကုသကယ်တင်" ရမည့် ခံယူချက်နှင့် သမားကျင့်ဝတ်ကို ဆန့်ကျင်ဖီဆန်ကာ ဆေးရုံကိုပိတ်၊ အားကိုးတကြီး လာရောက်ကုသကြသော ပြည်သူတို့၏ အသက်များစွာကို ဘေးချိတ်လျစ်လျူရှုကာ ထွက်ခွာသွားခဲ့ကြလေသည်။

> **တစ်ဘို့တည်းသာ ကြည့်တတ်သည့် အသပြာသမားတော်များကမူ မိမိတို့တာဝန်ကျရာ ပြည်သူ့ဆေးရုံများကို စွန့်ခွာ၍ CDM သူရဲကောင်းကြီးများဟူသောဘွဲ့ကိုခံယူရင်း ပုဂ္ဂလိက ဆေးရုံဆေးခန်းများ၌ အချိန်ပြည့် မိန့်မိန့်ကြီး ဆေးခန်းထိုင်ကာ ငွေရှာ၍ ကောင်းနေခဲ့ကြသည်။ ယခင်က အထူးကုဆရာဝန်ကြီးများကို တစ်ရက်လျှင် နာရီ အနည်းငယ်မျှသာထားရှိနိုင်သည့် ပုဂ္ဂလိကဆေးရုံဆေးခန်းများသည်လည်း ပြည်သူ့ဆေးရုံပိတ်ထား၍ အချိန်ပြည့် လာထိုင်ပေးကြသော အထူးကုများနှင့် ဆေးရုံပိတ်ထားသော်လည်း အသက်အသေမခံနိုင်၍ ရှိစုမဲ့စု ပေါင်နှံရောင်းချငွေရှာကာ ပုဂ္ဂလိကဆေးရုံဆေးခန်းများသို့ ပြေးလာကြရသည့် အသည်းအသန် လူနာဈေးကွက်က ကြီးမားလာမှုတို့ ပေါင်းစပ်ကာ ဟန်အကျကြီးကျနေခဲ့ကြ။**

သမားအစစ်တို့၏ နှလုံးသားဖြင့် လူနာများကို ပစ်မထားနိုင်ဘဲ ကုသပေးသည့် စေတနာသမားတော်များကိုမူ သစ္စာဖောက်၊ ဒလန်ဟု စွပ်စွဲကာ အချင်းချင်းပြစ်တင်ရှုတ်ချ ဖိနှိပ်ခဲ့ကြသလို ဆူပူသူအစွန်းရောက်တို့က ခဲများ၊ ပုလင်းများ၊ ဖိနပ်များဖြင့် ပစ်ပေါက်ဆဲဆိုမှုများနှင့်လည်း ရင်ဆိုင်တွေ့ကြုံခဲ့ကြရသည်။

### ဟန်အကျကြီးကျနေခဲ့ကြပြန်

တစ်ဘို့တည်းသာ ကြည့်တတ်သည့် အသပြာသမားတော်များကမူ မိမိတို့တာဝန်ကျရာ ပြည်သူ့ဆေးရုံများကို စွန့်ခွာ၍ CDM သူရဲကောင်းကြီးများဟူသောဘွဲ့ကို ခံယူရင်း ပုဂ္ဂလိကဆေးရုံဆေးခန်းများ၌ အချိန်ပြည့် မိန့်မိန့်ကြီး ဆေးခန်းထိုင်ကာ ငွေရှာ၍ကောင်းနေခဲ့ကြသည်။ ယခင်က အထူးကုဆရာဝန်ကြီးများကို တစ်ရက်လျှင် နာရီအနည်းငယ်မျှသာထားရှိနိုင်သည့် ပုဂ္ဂလိကဆေးရုံဆေးခန်းများသည်လည်း ပြည်သူ့ဆေးရုံပိတ်ထား၍ အချိန်ပြည့် လာထိုင်ပေးကြသော အထူးကုများနှင့် ဆေးရုံပိတ်ထားသော်လည်း အသက်အသေ မခံနိုင်၍ ရှိစုမဲ့စု ပေါင်နှံရောင်းချငွေရှာကာ ပုဂ္ဂလိကဆေးရုံဆေးခန်းများသို့ ပြေးလာကြရသည့် အသည်းအသန် လူနာဈေးကွက်က ကြီးမားလာမှုတို့ ပေါင်းစပ်ကာ ဟန်အကျကြီးကျနေခဲ့ကြပြန်သည်။

ပြည်သူ့ဆေးရုံကလည်း ပိတ်၊ အပြင်ဆေးရုံဆေးခန်းသွားရန်လည်း မည်သို့မျှ မတတ်နိုင်ရှာကြသည့် ဆင်းရဲသားပြည်သူတို့မှာမူ မျက်ရည်စက်လက်ဖြင့် အလောင်းပိုက်၍ ရွာပြန်ကြရသည်။

### အသက်ထောင်သောင်းချီ၍ ကယ်တင်

နောက်ဆုံးမှာတော့ ပြည်သူများ ဒုက္ခရောက်ခြင်းမလှ ဒုက္ခရောက်နေကြရသည်ကို ကြည့်မနေနိုင်တော့သော တပ်မတော်က စစ်ဆေးရုံများတွင် ပြည်သူလူထု လူနာများကို လက်ခံကုသပေးခဲ့ရသည်။ "စစ်ခွေးများ" ဟု ပြည်တွင်းမှ ဆန့်ကျင်မုန်းတီးသူများက ဆဲဆိုမှု၊ "ရက်စက်ယုတ်မာသည့် လူသတ်ကောင်များ" ဟူ၍ ပြည်ပမီဒီယာနှင့် အဖွဲ့အစည်းများက စွပ်စွဲမှုတို့ကို အပြုံးမပျက် ရင်ဆိုင်လျက်မှပင် ပြည်သူပေါင်း တစ်သိန်းခွဲခန့်ကို ပြင်ပလူနာအဖြစ် ကုသပေးခဲ့သည်။ အတွင်းလူနာလေးသောင်းကျော်ကို ဆေးရုံတင်ကုသပေးခဲ့သည်။ ကလေးငယ်ပေါင်း ကိုးထောင်ကျော်ကို အောင်မြင်စွာ မွေးဖွားပေးခဲ့သည်။ ပြည်သူတို့၏ အသက်ထောင်သောင်းချီ၍ ကယ်တင်ပေးခဲ့သည်ဟုဆိုလျှင် မှားအံ့မထင်။

စင်စစ်၌ တပ်မတော်ဆေးရုံများမှာ တပ်မတော်သားများနှင့် မိသားစုဝင်များကို ပြုစုကုသပေးရန် အတွက်သာ လုံလောက်သောအင်အားနှင့် ဆေးဝါး၊ ပစ္စည်းကိရိယာများရှိကြသည်။ သို့သော် တိုင်းပြည်အတွက် အရေးပေါ်လိုအပ်လာသောအခါ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ကုသရေးနှင့် ကာကွယ်ဆေးထိုးရေးလုပ်ငန်းများတွင် အင်အားကို ဖွဲ့ထုတ်၍ ပါဝင်လုပ်အားပေးခဲ့ကြသည်။ ယခင်ကလည်း ဝေးလံခေါင်ဖျား၍ အရပ်ဘက်ဆရာဝန်များ မသွားလိုကြသော တောင်ပေါ်ဒေသများသို့ သွားရောက်၍ တာဝန်ထမ်းဆောင်ပေးခဲ့ကြသည်။ ယခုလည်း အားကိုးရာမဲ့ ပြည်သူများကို ပစ်မထားနိုင်သည့်အတွက် မအားမလပ်သည့်ကြားမှပင် တာဝန်များကို နှစ်ဆတိုးခွဲဝေကာ နားရက်မရှိ လုပ်ကိုင်နေကြရသည်။ တပ်မတော်ဆေးရုံကြီးများမှ ကျောက်ကပ်ဆေးစက်များမှာ ၂၄ နာရီ၊ ခုနစ်ရက်ပတ်လုံးလည်ပတ်ပေးနေကြရသည့်ကြားမှပင် ကျောက်ကပ်ဆေးရန် အလှည့်မရ၍ ဆီးဆိပ်တက်ကာ ဆုံးပါးသွားကြရသည့် လူနာများစွာရှိခဲ့သည်။ ခွဲစိတ်ခန်းများမှာခွဲစိတ်မည့်လူနာများ တွန်းလှည်းများပေါ်တွင် တန်းစီ၍ စောင့်နေကြရသည်။ ဆေးရုံဝင်ပေါက်သစ်ပင်ရိပ်များတွင် ကျေးလက်ဒေသမှ လူနာလာပို့သည့် ပြည်သူများဖြင့် ပြည့်နှက်နေသည်။ ထော်လာဂျီ၊ သုံးဘီး၊ ဆိုင်ကယ်၊ ဆိုက်ကား စသည့် ရရာနည်းဖြင့် လူနာတင်ဆောင်လာသည့် ယာဉ်ပေါင်းစုံမှာလည်း လမ်းနံဘေးတစ်လျှောက် ပျားပန်းခပ်မျှ ရှုပ်ထွေးလျက်။ တပ်မတော်ဆေးရုံများက ရှိသမျှဆေးဝါး၊ ရှိသမျှဘတ်ဂျက်များဖြင့် လူနာတို့၏ ဆေးဝါးကုသရေး၊ ကျွေးမွေးရေးတို့ကို စီစဉ်ပေးနေသည့်နည်းတူ ရပ်ဝေးမှလာကြသည့် လူနာရှင်၊ လူနာစောင့်များ၏ နေထိုင်ရေးနှင့် စားသောက်ရေးတို့ကိုပါ ကူညီဆောင်ရွက်ပေးနေကြရသည်။

စာမျက်နှာ ၁၆ သို့ ❖

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများ ဖမ်းဆီးရမိ


တရားခံနေလင်းစိုး(ခ)မောရာ


တရားခံမြကြိုင်(ခ)ဖြိုးနိုင်


တရားခံဝေယံထွန်း


တရားခံလာမူဒိတ်ကာ(ခ) ထက်မြတ်ကျော်


တရားခံနေလင်းထွန်း(ခ)ဖိုးချွန်


တရားခံနိုင်လင်းထွန်း

**နေပြည်တော် မေ ၂၁**

ဆူပူအကြမ်းဖက်မှုကို လိုလားပြီး နိုင်ငံ၏အုပ်ချုပ်မှုယန္တရားပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာဝန်ထမ်းများကို ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ထိုသို့လုပ်ဆောင်နေမှုများကို ရာဇသတ်ကြီး ပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ အမှတ် (၅)ရပ်ကွက် ဗိုလ်ချုပ်လမ်း အိမ်အမှတ်(၁၅၃)နေ NLD ပါတီ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံဖြစ်သူ နေလင်းထွန်း(ခ)ဖိုးချွန်(ဘ)ဦးစိန်ဝိုးသည် CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်း၊ ၎င်းပိုင်ဆိုင်သော မီဂါမိတ္တူဆိုင်မှ ကြွေးကြော်သည့် စာများဖြန့်ဝေခြင်း၊ ကျိုက်လတ်ဟစ်တိုင် Group ၌ Admin အဖြစ်ပါဝင်ကာ မြို့နယ်အတွင်းရှိ ပြည်သူများကို CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် မမှန်သတင်းများဖြန့်ဝေခြင်း၊ အကြမ်းဖက် ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ကိုင်ရန် သင်တန်းတက်ရောက်လိုသူများကို လက်နက်ကိုင် သောင်းကျန်းသူများနှင့် ဆက်သွယ်ပေးခြင်းများ ဆောင်ရွက်ခဲ့သဖြင့် မေ ၁၉ ရက်တွင် ၎င်း၏နေအိမ်၌ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး သက်ဆိုင်ရာရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**အမှုဖွင့်အရေးယူ**

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဘုမ္မော်ရပ်ကွက် ဗိုလ်ဗထူးလမ်း၌ ယနေ့တွင် ဆူပူအကြမ်းဖက်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရာ နိုင်လင်းထွန်း(ဘ)ဦးမောင်ကျော်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား စစ်ဆေးမေးမြန်းခဲ့ရာ ဆူပူဆန္ဒပြမှုများတွင် ကိုယ်တိုင်ပါဝင်ခြင်း၊ တရားမဝင်ဒက္ခိဏ (Dakkhina Insight) Page တာဝန်ခံ လုပ်ဆောင်၍ လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားသွေးထိုးလှုံ့ဆော်ခြင်း၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ မတည်မငြိမ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်ရေးသားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် သက်ဆိုင်ရာ ရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ဆူပူအကြမ်းဖက်ဆန္ဒပြမှုဖြစ်စဉ်များနှင့် CDM လှုပ်ရှားမှုများတွင်ပါဝင်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြသည့် လာမူဒိတ်ကာ(ခ)ထက်မြတ်ကျော်(ဘ) ဦးလားပတ်လျန်နှာ အပါအဝင် အမျိုးသားလေးဦးကို တာဟန်းရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ PEAK & TLUANG PULL အထည်အလိပ်အရောင်းဆိုင်၌ ယနေ့တွင် ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အား သက်ဆိုင်ရာရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ စာမျက်နှာ ၁၅ မှ

မလိုသူများနှင့် ဘက်လိုက်မီဒီယာများက အသိအမှတ်မပြု ဖုံးဖိထားကြသည့်တိုင် တပ်မတော်ဆေးရုံများကြောင့် အသက်ဘေးမှ လွတ်ကင်းခဲ့ကြရသည့် အရိုးခံပြည်သူများကတော့ ရင်ထဲအသည်းထဲမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြပါလိမ့်မည်။

အခြားတစ်ဖက်တွင်လည်း ပြည်သူ့အခွန်ငွေများဖြင့် တည်ဆောက်ထူထောင်ထားသည့် ဆေးကျောင်းများတွင် တက်ရောက်သင်ကြားခဲ့၍ ပြည်သူ့ဘဏ္ဍာဖြင့်ပေးသည့် လစာများကို ရယူကာ ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြပါလျက် ပြည်သူတို့၏အသက်များ၊ သေရေးရှင်ရေးကိစ္စများကို သိသိကြီးနှင့် မျက်ကွယ်ပြုလျက် သေမင်း၏လက်သို့ ဝကွက်၍ အပ်နှံရက်သူများကိုမူ ဆေးရုံတံခါးဝမှ အလောင်းပိုက်လျက် မျက်ရည်စက်လက်ဖြင့် ပြန်ခဲ့ကြရသူများက အလွယ်တကူ မေ့ပျောက်ခွင့်လွှတ်နိုင်ကြပါမည်လော။

ကျွန်တော်ကိုယ်တိုင်လည်း အသည်းအသန်ဝေဒနာခံစားရချိန်၌ အရပ်ဘက်ပြည်သူ့ဆေးရုံများ CDM လုပ်နေကြချိန်တွင် တပ်မတော်ဆေးရုံက ခွဲစိတ်ကုသပေးခဲ့သဖြင့် ကျောက်ကပ်တစ်လုံး ဆုံးရှုံးရမည့်အရေးမှ လွတ်မြောက်ခဲ့ရသည့် လူနာတစ်ဦးဖြစ်သည့်အတွက် ကိုယ်တွေ့ခံစားချက်ဖြင့် ဤစာကို ရေးမိခြင်းဖြစ်ပါ၏။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း နဂိုကဖြူစင်ခဲ့သော နှလုံးသားပိုင်ရှင် နိုင်ငံ့ဝန်ထမ်း ဆရာဝန်များကို သမားသစ္စာဖောက်ဖျက်၊ ကျင့်ဝတ်သိက္ခာမဲ့စွာဖြင့် ပြည်သူတို့၏အသက်ကို မျက်ကွယ်ပြုသွားကြရလောက်အောင် မည်သည့်အရာကများ ဖျက်ဆီးပစ်ခဲ့ပါသနည်းဟုတွေးကာ အံ့ဩဝမ်းနည်းခြင်းကြီးစွာလည်း ဖြစ်မိပါ၏။

**CDM ဆိုသည့် မကောင်းဆိုးဝါးမိစ္ဆာကြီး**

အတန်းပညာအားဖြင့် ၁၇ တန်းအထိ အနည်းဆုံးသင်ယူခဲ့ကာ စာတွေ့၊ လက်တွေ့များစွာဖြင့် လေ့ကျင့်မှုခံယူခဲ့ရသော နိုင်ငံတွင် အတော်ဆုံး၊ အထူးချွန်ဆုံးဟု သတ်မှတ်ယူဆခံထားကြရသည့် ပညာတတ်များက အတန်းပညာအနည်းငယ်မျှသာ တတ်သော်လည်း ပြည်သူတို့၏ နေ့စဉ်နေထိုင်မှုဘဝ အဆင်ပြေစေရေးအတွက် CDM မလုပ်ဘဲ အမှိုက်သိမ်း၊ ရေပေး၊ လျှပ်စစ်မီးလင်းရေးလုပ်ဆောင်ပေးနေကြသည့် အောက်ခြေဝန်ထမ်းငယ်များ၊ ယုတ်စွအဆုံး သုသာန်မီးသင်္ဂြိုဟ်စက်များမှ စည်ပင်လုပ်သားများလောက်မှပင် မိမိ၏လုပ်ငန်းတာဝန်ကို သစ္စာမရှိ၊ တန်ဖိုးမထား၊ ပြည်သူတို့၏အသက်များ၊ မိမိတို့လက်တွင်း၌ ရှိနေပါလားဟုပင် စိတ်၌အမှတ်မထားတော့ဘဲ ပစ်ပယ်ရလောက်အောင် CDM ဆိုသည့် မကောင်းဆိုးဝါးမိစ္ဆာကြီးက မည်မျှလောက်ဖမ်းစားနိုင်ခဲ့ရသည်ကို အဖြေမရှာတတ်အောင်ဖြစ်နေမိသည်။

သူတို့ပြောသည့် Civil Disobedience Movement -CDM ဆိုရာတွင် ကျွန်တော်နားလည်သည့် Civil ဟူသော အင်္ဂလိပ်စကားလုံးမှာ ယဉ်ကျေးသိမ်မွေ့ခြင်းနှင့်ဆိုင်သည်။ မြို့ပြနေလူယဉ်ကျေးများနှင့် ဆိုင်သည်။ Disobedience ကတော့ အမိန့်မနာခံခြင်း၊ ကျင့်ဝတ်မလိုက်နာခြင်း၊ စည်းကမ်းဖောက်ခြင်းတို့နှင့် ဆိုင်သည်ဟု နားလည်သည်။ ယဉ်ကျေးသည်ဟုဆိုခြင်းမှာ လူ့အဖွဲ့အစည်း၏ ထုံးတမ်းစဉ်လာ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာကြမှသာ ဖြစ်နိုင်သည်။ ကျင့်ဝတ်ဖောက်ဖျက်သော ဆရာဝန်များ၊ ရက်စက်သောနှလုံးသားနှင့် ဆရာဝန်များသည် ယဉ်ကျေးပါသလော၊ Civilize ဖြစ်ပါသလောဟု မိမိတို့ကိုယ်ကို မိမိတို့ မေးကြည့်ကြစေလိုသည်။

**ဆရာဝန်ကြီးများ သိစေချင်**

ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ဆရာဝန်၊ ဆရာမများကို အသက်သခင်ကျေးဇူးရှင်များဟု သတ်မှတ်ကာ အထူးပင် ရိုသေလေးစားတန်ဖိုးထားကြသည်။ အခြားနိုင်ငံများကဲ့သို့ ဆရာဝန်ကို လူနာက တရားပြန်စွဲမှုမျိုး မရှိသလောက်ရှားလှသည်။ မလွဲသာ၍ ကွယ်လွန်သွားသည့်တိုင် နောက်ဆုံးအချိန်အထိ အစွမ်းကုန်ပြုစုကုသပေးခဲ့ကြသော ဆရာဝန်ကြီးများ အထူးကျေးဇူးတင်ပါကြောင်း သတင်းစာတွင် ကြော်ငြာထည့်သွင်းရာ၌ ရေးသားဖော်ပြလေ့ရှိကြသည်။ ဆရာဝန်ကြီးများက ယခုကဲ့သို့ လူနာများ၏အသက်ထက် CDM ဆိုတာကြီးကို ပို၍တန်ဖိုးထားသွားခဲ့ကြမှုကိုတော့ ကျွန်တော်တို့ ပြည်သူလူထုကြီးက နားမလည်နိုင်ဘဲ ယူကျုံးမရဖြစ်နေကြရသည်ကို ဆရာဝန်ကြီးများ သိစေချင်ပါသည်။

ယခုအခါ CDM တွင် တက်ကြွစွာပါဝင်ခဲ့ကြသည့် ဆရာဝန်များအား သက်ဆိုင်ရာဥပဒေအရ အရေးယူနေသည်ကို ကြားသိမြင်တွေ့ရသောအခါ စိတ်မကောင်းဖြစ်မိသည်။ မဖြစ်နိုင်သည့်ကိစ္စတစ်ခုကို ယုံစားမိသည့်အတွက် ဘဝအခြေပျက်သွားကြရသော ကာယကံရှင်များအတွက်လည်း စိတ်မကောင်းဖြစ်မိသလို မိမိတို့၏သားသမီးများ ဆရာဝန်ဖြစ်အောင် ဘဝနှင့်ရင်း၍ ပျိုးထောင်ပေးခဲ့ကြသော သူတို့၏မိဘများ မည်မျှရင်ကျိုးလိုက်မည်နည်းဟု တွေးလျက်လည်း စိတ်မကောင်းခြင်းဖြစ်မိသည်။ ထိုထက်ပို၍ နိုင်ငံတော်က အချိန်များစွာ၊ ငွေများစွာ အကုန်အကျခံကာ ပြုစုပျိုးထောင်မွေးထုတ်ပေးခဲ့ရသော ဆရာဝန်လူ့အရင်းအမြစ်များ အဟောသိကံဖြစ်ကာ တစ်မျိုးသားလုံး၏ ဆုံးရှုံးမှု (National Loss) ကြီး ဖြစ်သွားခဲ့ရသည်ကိုတော့ ဝမ်းအနည်းဆုံးပင်ဖြစ်တော့သည်။

CDM မိစ္ဆာဓာတ်ကြောင့် ညစ်နွမ်းခဲ့ကြသည့် နှလုံးသားပိုင်ရှင်များ ညစဉ်လိပ်ပြာလုံစွာ စိတ်နှလုံးသန့်သန့်ဖြင့် အိပ်ရာဝင်နိုင်အောင် မိမိတို့၏စိတ်ဓာတ် အကျင့်သိက္ခာတို့ကို ပြန်လည်သန့်စင်လျှော်ဖွပ်နိုင်ပါစေ၊ မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထားခြင်းဖြင့် မိမိတို့၏ဘဝများကို ပြန်လည်ပြင်ဆင်တည်ဆောက်နိုင်ကြပါစေဟုသာ ဆုမွန်ကောင်းတောင်းမိပါသည်။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ကရင်ပြည်နယ် မြဝတီမြို့နယ် မဲရုံ ၈၃ ရုံ | ၁၇၂၀၂၅ | ၉၇၇၇၉ | ၄၇၀၃၅ | ၃၇၁၀ | ၁၉၉၀၈ |
| ၂ | ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မဲရုံ ၁၇၆ ရုံ | ၂၃၉၆၂၀ | ၂၁၀၄၀၇ | ၅၂၆၈၈ | ၁၄၃၄ | ၂၀၉၆၈ |
| ၃ | ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် မဲရုံ ၉၅ ရုံ | ၆၂၂၈၉ | ၅၀၃၅၃ | ၇၈၀၅ | ၉၉၇ | ၇၅၇၈ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၃၅၄ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၁၇၉၆၉ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၃၅၉၄၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၈၂၀၂၅၊ မြေပြင်လက်ကျန် ၂၆၂၈၈၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၉၇၃၁ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၅၉၄ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြဝတီမြို့နယ် | ၈၃ | ၁၇၇၈၃၉ | ၈၀၆၉၃ | ၉၇၁၄၆ | ၈၉၈၈၅ | ၇၂၆၉ | ၈ |
| ၂ | လှိုင်းဘွဲ့မြို့နယ် | ၁၇၆ | ၂၆၈၀၉၃ | ၁၁၄၉၉၇ | ၁၅၃၀၉၆ | ၁၄၂၈၆၄ | ၁၀၄၁၀ | ၁၇၈ |
| ၃ | သံတောင်ကြီးမြို့နယ် | ၉၅ | ၇၂၀၃၇ | ၄၀၂၅၄ | ၃၁၇၈၃ | ၃၀၁၃၉ | ၂၀၅၂ | ၄၀၈ |
| | စုစုပေါင်း | ၃၅၄ | ၅၁၇၉၆၉ | ၂၃၅၉၄၄ | ၂၈၂၀၂၅ | ၂၆၂၈၈၈ | ၁၉၇၃၁ | ၅၉၄ |

**မြဝတီမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တွင် ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၂ အုပ်စု၊ မဲရုံပေါင်း ၈၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၁၇၇၈၃၉ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၀၆၉၃ ဖြစ်ကာ ကျန်ရှိရမည့် အရေအတွက်မှာ ၉၇၁၄၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၈၉၈၈၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၇၃၆၀၀ | ၇၉၂၀၀ | ၉၄၄၀၀ | ၈၇၁၃၉ | ၇၂၆၉ | ၈ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၄၉၃ | ၁၄၉၃ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၂၇၄၆ | | ၂၇၄၆ | ၂၇၄၆ | | |
| | စုစုပေါင်း | ၁၇၇၈၃၉ | ၈၀၆၉၃ | ၉၇၁၄၆ | ၈၉၈၈၅ | ၇၂၆၉ | ၈ |

၆။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ မြဝတီမြို့နယ်၊ ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၂ အုပ်စု၊ မဲရုံပေါင်း ၈၃ ရုံတွင် မဲလက်မှတ်အရေအတွက် ၇၂၆၉ ပျောက်ဆုံးနေပြီး ၈ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၁၄၉၃ အသုံးပြုထားသည်ကို တွေ့ရှိရပါသည်။



မြဝတီမြို့နယ်၌ ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ

၇။ ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၃ | ၄၅၅၀ | ၂၈၁၄ | ၁၇၃၆ | ၁၇၀၅ | ၃၁ | |
| ၂ | အမှတ်(၂)ရပ်ကွက် | ၃ | ၆၈၅၀ | ၃၅၄၇ | ၃၃၀၃ | ၁၉၅၃ | ၁၃၅၀ | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၈ | ၂၄၈၀၀ | ၉၆၂၁ | ၁၅၁၇၉ | ၁၄၃၇၈ | ၈၀၁ | |
| ၄ | အမှတ်(၄)ရပ်ကွက် | ၁၄ | ၃၄၅၀၀ | ၁၃၆၉၇ | ၂၀၈၀၃ | ၁၉၁၁၂ | ၁၆၉၁ | |
| ၅ | အမှတ်(၅)ရပ်ကွက် | ၁၂ | ၃၁၇၀၀ | ၁၂၅၆၆ | ၁၉၁၃၄ | ၁၇၄၃၁ | ၁၇၀၃ | |
| ၆ | မဲကနယ်ကျေးရွာအုပ်စု | ၅ | ၈၅၀၀ | ၃၆၆၀ | ၄၈၄၀ | ၄၄၉၀ | ၃၅၀ | |
| ၇ | သဃ်န်းညီနောင်ကျေးရွာအုပ်စု | ၅ | ၇၁၅၀ | ၄၂၃၅ | ၂၉၁၅ | ၂၈၁၉ | ၉၆ | |
| ၈ | မဲ့ပလဲ့ကျေးရွာအုပ်စု | ၄ | ၆၉၀၀ | ၃၈၈၈ | ၃၀၁၂ | ၂၉၆၂ | ၅၀ | |
| ၉ | ဖားကလူကျေးရွာအုပ်စု | ၂ | ၃၁၅၀ | ၁၅၀၁ | ၁၆၄၉ | ၁၆၅၃ | | ၄ |
| ၁၀ | ထီးဝါပလောကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၂၂၅ | ၇၇၅ | ၇၇၅ | | |
| ၁၁ | ပေါလောကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၅၀ | ၂၅၀ | ၂၅၀ | | |
| ၁၂ | ဝေ့ရှမ်းကျေးရွာအုပ်စု | ၂ | ၃၅၀၀ | ၁၉၈၄ | ၁၅၁၆ | ၁၅၁၆ | | |
| ၁၃ | ကွင်းကလေးကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၁၅၂ | ၁၂၄၈ | ၁၂၄၈ | | |
| ၁၄ | ပူလွဲပူကျေးရွာအုပ်စု | ၉ | ၁၄၃၅၀ | ၆၉၁၀ | ၇၄၄၀ | ၇၃၈၃ | ၅၇ | |
| ၁၅ | မယ်ထော်သလေး ကျေးရွာအုပ်စု | ၃ | ၆၆၅၀ | ၃၃၅၈ | ၃၂၉၂ | ၃၂၉၄ | | ၂ |
| ၁၆ | ဖလူးကျေးရွာအုပ်စု | ၅ | ၉၃၅၀ | ၅၀၂၈ | ၄၃၂၂ | ၃၁၈၈ | ၁၁၃၄ | |
| ၁၇ | အမှတ်(၁)ရပ်ကွက်၊ ဝေါလေမြိုင်မြို့ | ၁ | ၂၀၀၀ | ၁၀၈၄ | ၉၁၆ | ၉၁၀ | ၆ | |
| ၁၈ | အမှတ်(၂)ရပ်ကွက်၊ ဝေါလေမြိုင်မြို့ | ၁ | ၅၀၀ | ၃၀၁ | ၁၉၉ | ၂၀၁ | | ၂ |
| ၁၉ | အမှတ်(၁)ရပ်ကွက်၊ စုကလိမြို့ | ၁ | ၉၅၀ | ၄၆၈ | ၄၈၂ | ၄၈၂ | | |
| ၂၀ | မဲကုလား(ဆုံဆည်းမြိုင်) စုကလိမြို့ | ၁ | ၂၉၀၀ | ၁၅၁၁ | ၁၃၈၉ | ၁၃၈၉ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၈၃ | ၁၇၃၆၀၀ | ၇၉၂၀၀ | ၉၄၄၀၀ | ၈၇၁၃၉ | ၇၂၆၉ | ၈ |
| | မြို့နယ်ကြိုတင်ဆန္ဒမဲ | | ၁၄၉၃ | ၁၄၉၃ | | | | |
| | မြို့နယ်လက်ကျန် | | ၂၇၄၆ | | ၂၇၄၆ | ၂၇၄၆ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၈၃ | ၁၇၇၈၃၉ | ၈၀၆၉၃ | ၉၇၁၄၆ | ၈၉၈၈၅ | ၇၂၆၉ | ၈ |

စာမျက်နှာ ၁၉ သို့ ☆

☆ စာမျက်နှာ ၁၈ မှ

## လှိုင်းဘွဲ့မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်တွင် ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၂ အုပ်စု၊ မဲရုံပေါင်း ၁၇၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၂၆၈၀၉၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၁၄၉၉၇ ဖြစ်ကာ ကျန်ရှိရမည့်အရေအတွက်မှာ ၁၅၃၀၉၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၄၂၈၆၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၂၆၄၀၀ | ၁၁၂၈၉၈ | ၁၁၃၅၀၂ | ၁၀၃၂၇၀ | ၁၀၄၁၀ | ၁၇၈ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၀၉၉ | ၂၀၉၉ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၉၅၉၄ | | ၃၉၅၉၄ | ၃၉၅၉၄ | | |
| | စုစုပေါင်း | ၂၆၈၀၉၃ | ၁၁၄၉၉၇ | ၁၅၃၀၉၆ | ၁၄၂၈၆၄ | ၁၀၄၁၀ | ၁၇၈ |

၉။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ လှိုင်းဘွဲ့မြို့နယ်၊ ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၂ အုပ်စု မဲရုံပေါင်း ၁၇၆ ရုံတွင် မဲလက်မှတ်အရေအတွက် ၁၀၄၁၀ ပျောက်ဆုံးနေပြီး ၁၇၈ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၂၀၉၉ ကို အသုံးပြုထားပြီး ၃၉၅၉၄ အား မြို့နယ်လက်ကျန်အဖြစ် ထိန်းသိမ်းထားရှိသည်ကို တွေ့ရှိရပါသည်။

၁၀။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စု အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | (က) ရပ်ကွက် | ၂ | ၃၈၀၀ | ၂၂၃၆ | ၁၅၆၄ | ၁၅၅၄ | ၁၀ | |
| ၂ | (ခ) ရပ်ကွက် | ၁ | ၁၈၀၀ | ၁၂၄၆ | ၅၅၄ | ၆၀၄ | | ၅၀ |
| ၃ | (ဂ) ရပ်ကွက် | ၂ | ၂၇၅၀ | ၁၄၅၇ | ၁၂၉၃ | ၁၂၉၇ | | ၄ |
| ၄ | (ဃ) ရပ်ကွက် | ၂ | ၂၂၅၀ | ၁၃၇၁ | ၈၇၉ | ၉၀၃ | | ၂၄ |
| ၅ | ကမော့ကချူးကျေးရွာအုပ်စု | ၄ | ၄၁၀၀ | ၂၁၄၃ | ၁၉၅၇ | ၁၃၃၀ | ၆၂၇ | |
| ၆ | ကော့လှိုင်းကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၅၇၅ | ၅၇၅ | ၅၇၅ | | |
| ၇ | ကွမ်ဘီကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၅၇၁ | ၅၇၉ | ၄၂၉ | ၁၅၀ | |
| ၈ | ပိန္နဲတောကျေးရွာအုပ်စု | ၂ | ၃၆၅၀ | ၁၃၂၀ | ၂၃၃၀ | ၂၃၁၆ | ၁၄ | |
| ၉ | ကွမ်တာကျေးရွာအုပ်စု | ၄ | ၆၀၅၀ | ၃၁၆၀ | ၂၈၉၀ | ၁၉၄၂ | ၉၄၈ | |
| ၁၀ | ဒိုင်းပြကျေးရွာအုပ်စု | ၃ | ၄၂၀၀ | ၂၂၇၈ | ၁၉၂၂ | ၁၉၁၇ | ၅ | |
| ၁၁ | ဆင်ကူးကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၁၃၃၂ | ၁၆၁၈ | ၁၆၁၇ | ၁ | |
| ၁၂ | သမ္မာန်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၃၄ | ၂၁၆ | ၂၁၆ | | |
| ၁၃ | နောင်သငဲ့ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၃၅၃ | ၂၉၇ | ၂၉၇ | | |
| ၁၄ | သပုထိုကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၇၂၅ | ၈၇၅ | ၈၇၅ | | |
| ၁၅ | ကြာအင်းကျေးရွာအုပ်စု | ၂ | ၃၈၅၀ | ၂၁၄၈ | ၁၇၀၂ | ၁၅၀၂ | ၂၀၀ | |
| ၁၆ | ရွှေဥဒန်းကျေးရွာအုပ်စု | ၅ | ၇၄၀၀ | ၃၄၆၆ | ၃၉၃၄ | ၃၁၃၈ | ၇၉၆ | |
| ၁၇ | ကိုမောင်ကျေးရွာအုပ်စု | ၃ | ၄၉၅၀ | ၂၃၅၅ | ၂၅၉၅ | ၂၃၉၅ | ၂၀၀ | |
| ၁၈ | မြလေးကျေးရွာအုပ်စု | ၂ | ၃၀၀၀ | ၁၄၄၁ | ၁၅၅၉ | ၁၅၆၀ | | ၁ |
| ၁၉ | အင်းနို့သိပ္ပံကျေးရွာအုပ်စု | ၄ | ၅၉၅၀ | ၂၉၄၁ | ၃၀၀၉ | ၃၀၀၉ | | |
| ၂၀ | တဝန်ဖန်ရကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၁၅၂၅ | ၁၃၇၅ | ၁၃၇၅ | | |
| ၂၁ | ကျုံပကိုကျေးရွာအုပ်စု | ၂ | ၃၃၀၀ | ၁၅၇၁ | ၁၇၂၉ | ၁၇၂၉ | | |
| ၂၂ | ကြို့ချောင်းကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၃၉၈ | ၁၀၀၂ | ၉၀၄ | ၉၈ | |
| ၂၃ | ဥဒေါင်းကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၁၇၀၂ | ၁၂၄၈ | ၁၂၄၈ | | |
| ၂၄ | တခင်းလုံကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၅၅၉ | ၄၄၁ | ၄၄၁ | | |
| ၂၅ | သာယာကုန်းကျေးရွာအုပ်စု | ၆ | ၇၀၀၀ | ၄၅၃၂ | ၂၄၆၈ | ၂၄၆၈ | | |
| ၂၆ | နောကောကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၀၆၈ | ၈၈၂ | ၈၈၄ | | ၂ |
| ၂၇ | ထီလုံကျေးရွာအုပ်စု | ၄ | ၄၃၀၀ | ၂၆၀၅ | ၁၆၉၅ | ၁၇၃၄ | | ၃၉ |
| ၂၈ | ဝင်းစိန်ကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၉၀၂ | ၁၈၄၈ | ၁၅၉၈ | ၂၅၀ | |
| ၂၉ | နောင်တိုင်ကျေးရွာအုပ်စု | ၃ | ၄၃၅၀ | ၂၀၅၀ | ၂၃၀၀ | ၂၃၀၀ | | |
| ၃၀ | ထသိန်ကြိုးဝိုင်းကျေးရွာအုပ်စု | ၁ | ၃၅၀ | ၁၅၇ | ၁၉၃ | ၁၉၃ | | |
| ၃၁ | ပတ်ကျောကျေးရွာအုပ်စု | ၃ | ၃၄၅၀ | ၁၉၅၁ | ၁၄၉၉ | ၁၄၉၅ | ၄ | |
| ၃၂ | အထက်ရေပူကျေးရွာအုပ်စု | ၃ | ၃၈၀၀ | ၁၉၅၆ | ၁၈၄၄ | ၁၇၃၈ | ၁၀၆ | |
| ၃၃ | အောက်ရေပူကျေးရွာအုပ်စု | ၄ | ၅၃၀၀ | ၂၄၂၂ | ၂၈၇၈ | ၁၉၇၈ | ၉၀၀ | |
| ၃၄ | ပိုင်ကျုံအမှတ်(၁)ရပ်ကွက် | ၁ | ၁၅၀ | ၉၇ | ၅၃ | ၅၃ | | |
| ၃၅ | ပိုင်ကျုံအမှတ်(၂)ရပ်ကွက် | ၁ | ၆၅၀ | ၃၅၃ | ၂၉၇ | ၂၉၇ | | |
| ၃၆ | ပိုင်ကျုံအမှတ်(၃)ရပ်ကွက် | ၁ | ၄၅၀ | ၂၃၆ | ၂၁၄ | ၂၁၄ | | |
| ၃၇ | ပိုင်ကျုံအမှတ်(၄)ရပ်ကွက် | ၁ | ၁၀၅၀ | ၅၅၈ | ၄၉၂ | ၄၂ | ၄၅၀ | |
| ၃၈ | ပိုင်ကျုံအမှတ်(၅)ရပ်ကွက် | ၁ | ၁၄၀၀ | ၁၀၁၉ | ၃၈၁ | ၃၈၃ | | ၂ |
| ၃၉ | ကစိုကျေးရွာအုပ်စု | ၃ | ၄၁၅၀ | ၂၂၇၃ | ၁၈၇၇ | ၁၆၇၇ | ၂၀၀ | |
| ၄၀ | မိုးနိုင်းကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၀၅၀ | ၁၃၅၀ | ၁၃၅၀ | | |
| ၄၁ | နောင်ခလုံးကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၄၃၆ | ၇၆၄ | ၅၆၄ | ၂၀၀ | |
| ၄၂ | ဝင်းဖရကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၂၉၀ | ၁၀၁၀ | ၁၀၁၀ | | |
| ၄၃ | နောင်ဘိုးကြီးကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၂၂၀၈ | ၉၉၂ | ၉၉၂ | | |
| ၄၄ | ရှာကိုင်းကောင်းကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၂၉၂ | ၁၀၀၈ | ၁၀၁၀ | | ၂ |
| ၄၅ | ကော့နွဲ့ကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၂၈၁ | ၁၁၆၉ | ၁၀၁၉ | ၁၅၀ | |
| ၄၆ | နောင်မြလွဲကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၀၄၂ | ၈၅၈ | ၈၀၈ | ၅၀ | |
| ၄၇ | ကော့ဖမွတ်ကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၀၉၁ | ၇၅၉ | ၇၅၉ | | |
| ၄၈ | ကော့မရိုင်းကျေးရွာအုပ်စု | ၃ | ၃၅၅၀ | ၁၆၇၄ | ၁၈၆၇ | ၁၅၂၆ | ၃၅၀ | |
| ၄၉ | ဒေါ်လန်းကျေးရွာအုပ်စု | ၃ | ၄၈၀၀ | ၂၁၆၈ | ၂၆၃၂ | ၂၃၃၇ | ၂၉၅ | |
| ၅၀ | ပတာကျေးရွာအုပ်စု | ၃ | ၃၆၅၀ | ၁၉၅၂ | ၁၆၉၈ | ၁၆၉၈ | | |
| ၅၁ | ရေပူကြီးကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၀၀ | ၃၀၀ | ၂၀၀ | ၁၀၀ | |
| ၅၂ | ကြက်တူရွေးကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၂၅၃ | ၈၄၇ | ၈၄၇ | | |
| ၅၃ | ပေါလောက်ကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၉၃၉ | ၇၆၁ | ၇၆၁ | | |
| ၅၄ | ပေါင်ကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၉၇၉ | ၉၂၁ | ၉၂၃ | | ၂ |
| ၅၅ | ထန်းတပင်ကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၄၀၂ | ၁၀၄၈ | ၁၀၄၈ | | |
| ၅၆ | နောင်ခွီးကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၇၈၉ | ၁၃၁၁ | ၁၂၆၁ | ၅၀ | |
| ၅၇ | ဘီးစကတ်ကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၀၁၄ | ၇၃၆ | ၇၃၆ | | |
| ၅၈ | ထီးဖိုးကိန်ကျေးရွာအုပ်စု | ၃ | ၃၅၅၀ | ၁၉၁၃ | ၁၆၃၇ | ၁၃၈၃ | ၂၅၄ | |
| ၅၉ | တာကရားကျေးရွာအုပ်စု | ၂ | ၃၀၀၀ | ၁၀၄၀ | ၁၉၆၀ | ၉၆၀ | ၁၀၀၀ | |
| ၆၀ | မဲပရကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၉၉၃ | ၁၂၀၇ | ၁၂၀၇ | | |
| ၆၁ | နွဲ့ပညာကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၅၄၅ | ၈၅၅ | ၈၅၅ | | |
| ၆၂ | ကဒီကံကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၅၅၅ | ၄၄၅ | ၄၄၅ | | |
| ၆၃ | ကော့မြတ်ကြီးကျေးရွာအုပ်စု | ၁ | ၂၂၀၀ | ၁၀၃၃ | ၁၁၆၇ | ၁၂၁၇ | | ၅၀ |
| ၆၄ | ဝင်းစောကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၆၅၅ | ၂၁၄၅ | ၈၄၅ | ၁၃၀၀ | |
| ၆၅ | လော်ကော်ကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၁၅၆ | ၁၀၄၄ | ၉၉၃ | ၅၁ | |
| ၆၆ | မိကြောင်ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၄၆၉ | ၇၈၁ | ၇၈၁ | | |
| ၆၇ | သမိုကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၈၂၈ | ၂၂၂၂ | ၂၂၂၂ | | |
| ၆၈ | တာလယ်ကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၄၀၇ | ၂၆၄၃ | ၂၀၉၃ | ၅၅၀ | |
| ၆၉ | တာပေါင်ကျေးရွာအုပ်စု | ၃ | ၄၃၀၀ | ၂၂၃၈ | ၂၀၆၂ | ၁၉၁၄ | ၁၄၈ | |
| ၇၀ | ကမော့လဲ(မအဲ)ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၁၇၃ | ၉၂၇ | ၉၂၉ | | ၂ |
| ၇၁ | ကမော့လဲ(ကျောင်း) ကျေးရွာအုပ်စု | ၃ | ၃၂၀၀ | ၁၅၇၃ | ၁၆၂၇ | ၁၆၂၃ | ၄ | |
| ၇၂ | တခွက်ဖိုးကျေးရွာအုပ်စု | ၁၀ | ၁၇၉၅၀ | ၇၉၈၂ | ၉၉၆၈ | ၉၂၇၂ | ၆၉၆ | |
| ၇၃ | ရှမ်းရွာသစ် အမှတ်(၁)ရပ်ကွက် | ၁ | ၂၀၀ | ၂၆ | ၁၇၄ | ၇၄ | ၁၀၀ | |
| ၇၄ | ရှမ်းရွာသစ် အမှတ်(၂)ရပ်ကွက် | ၁ | ၂၅၀ | ၂၀၂ | ၄၈ | ၄၈ | | |
| ၇၅ | ရှမ်းရွာသစ် အမှတ်(၃)ရပ်ကွက် | ၁ | ၁၀၀ | ၁၉ | ၈၁ | ၈၁ | | |
| ၇၆ | ရှမ်းရွာသစ် အမှတ်(၄)ရပ်ကွက် | ၁ | ၁၀၀ | ၂၆ | ၇၄ | ၇၄ | | |
| ၇၇ | မဲလောခီးကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၃၈၃ | ၈၆၇ | ၈၆၇ | | |
| ၇၈ | မဲသမူကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၉၂၇ | ၁၁၂၃ | ၁၁၁၉ | ၄ | |
| ၇၉ | စောလောကျေးရွာအုပ်စု | ၁ | ၆၀၀ | ၁၅၇ | ၄၄၃ | ၄၄၃ | | |
| ၈၀ | ပထလာပကျေးရွာအုပ်စု | ၁ | ၄၅၀ | ၁၀၄ | ၃၄၆ | ၃၄၆ | | |
| ၈၁ | ပိုးပလေကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၀၃ | ၃၉၇ | ၃၄၈ | ၄၉ | |
| ၈၂ | ကွီးလေးကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၄၁၄ | ၁၂၈၆ | ၁၂၈၆ | | |



လှိုင်းဘွဲ့မြို့နယ်၌ ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ

စာမျက်နှာ ၂၀ သို့ ☆

☆ စာမျက်နှာ ၁၉ မှ



သံတောင်ကြီးမြို့နယ်၌ ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၈၃ | ရင်းဘိုင်းကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၆၆၅ | ၈၈၅ | ၈၈၅ | | |
| ၈၄ | ရေတံခွန်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၀၆ | ၂၉၄ | ၂၉၄ | | |
| ၈၅ | မဲလရောကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၆၆၀ | ၁၆၉၀ | ၁၅၉၀ | ၁၀၀ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၇၆ | ၂၂၆၄၀၀ | ၁၁၂၈၉၈ | ၁၁၃၅၀၂ | ၁၀၃၂၇၀ | ၁၀၄၁၀ | ၁၇၈ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၂၀၉၉ | ၂၀၉၉ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၃၉၅၉၄ | | ၃၉၅၉၄ | ၃၉၅၉၄ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၇၆ | ၂၆၈၀၉၃ | ၁၁၄၉၉၇ | ၁၅၃၀၉၆ | ၁၄၂၈၆၄ | ၁၀၄၁၀ | ၁၇၈ |

## သံတောင်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၁။ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်တွင် ရပ်ကွက် ၁၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၁ အုပ်စု၊ မဲရုံပေါင်း ၉၅ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၇၂၀၃၇ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၀၂၅၄ ဖြစ်ကာ ကျန်ရှိရမည့် အရေအတွက်မှာ ၃၁၇၈၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၀၁၃၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၆၇၂၈၈ | ၃၉၅၄၆ | ၂၇၇၄၂ | ၂၆၀၉၈ | ၂၀၅၂ | ၄၀၈ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၇၀၈ | ၇၀၈ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၀၄၁ | | ၄၀၄၁ | ၄၀၄၁ | | |
| | စုစုပေါင်း | ၇၂၀၃၇ | ၄၀၂၅၄ | ၃၁၇၈၃ | ၃၀၁၃၉ | ၂၀၅၂ | ၄၀၈ |

၁၂။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ သံတောင်ကြီးမြို့နယ်၊ ရပ်ကွက် ၁၉ ရပ်ကွက်၊ ကျေးရွာ အုပ်စု ၅၁ အုပ်စု မဲရုံပေါင်း ၉၅ ရုံတွင် မဲလက်မှတ်အရေအတွက် ၂၀၅၂ ပျောက်ဆုံးနေပြီး ၄၀၈ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် ၇၀၈ အသုံးပြုထားသည်ကို တွေ့ရှိရပါသည်။

၁၃။ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စု အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်ကွက်(၁)သံတောင်ကြီး | ၂ | ၂၀၀၀ | ၁၁၀၆ | ၈၉၄ | ၈၉၄ | | |
| ၂ | ရပ်ကွက်(၂)သံတောင်ကြီး | ၁ | ၉၃၈ | ၅၃၇ | ၄၀၁ | ၄၁၁ | | ၁၀ |
| ၃ | ရပ်ကွက်(၃)သံတောင်ကြီး | ၁ | ၁၆၀၀ | ၉၃၉ | ၆၆၁ | ၆၅၉ | ၂ | |
| ၄ | ရပ်ကွက်(၄)သံတောင်ကြီး | ၁ | ၉၀၀ | ၅၀၆ | ၃၉၄ | ၃၉၄ | | |
| ၅ | ရပ်ကွက်(၅)သံတောင်ကြီး | ၁ | ၂၁၀၀ | ၁၀၉၉ | ၁၀၀၁ | ၁၀၀၁ | | |
| ၆ | ရပ်ကွက်(၁)သံတောင် | ၂ | ၁၅၅၀ | ၇၇၃ | ၇၇၇ | ၈၃၁ | | ၅၄ |
| ၇ | ရပ်ကွက်(၂)သံတောင် | ၂ | ၁၄၀၀ | ၇၅၂ | ၆၄၈ | ၆၅၂ | | ၄ |
| ၈ | ရပ်ကွက်(၃)သံတောင် | ၂ | ၁၅၅၀ | ၉၃၁ | ၆၁၉ | ၆၂၁ | | ၂ |
| ၉ | ရပ်ကွက်(၄)သံတောင် | ၂ | ၂၃၀၀ | ၁၀၆၀ | ၁၂၄၀ | ၈၉၄ | ၃၄၆ | |
| ၁၀ | ရပ်ကွက်(၁)ဘောဂလိ | ၁ | ၃၅၀ | ၂၀၇ | ၁၄၃ | ၁၄၃ | | |
| ၁၁ | ရပ်ကွက်(၂)ဘောဂလိ | ၁ | ၄၀၀ | ၂၄၇ | ၁၅၃ | ၁၅၃ | | |
| ၁၂ | ရပ်ကွက်(၃)ဘောဂလိ | ၁ | ၄၅၀ | ၂၆၀ | ၁၉၀ | ၁၉၂ | | ၂ |
| ၁၃ | ရပ်ကွက်(၄)ဘောဂလိ | ၁ | ၃၅၀ | ၂၄၄ | ၁၀၆ | ၁၀၆ | | |
| ၁၄ | တောပြာကြီးကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၇၇၇ | ၄၇၃ | ၄၇၃ | | |
| ၁၅ | ရွာကြီးကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၁၉၈၂ | ၁၅၆၈ | ၁၆၃၁ | | ၆၃ |
| ၁၆ | စီပင်ကြီးကျေးရွာအုပ်စု | ၂ | ၇၅၀ | ၅၃၈ | ၂၁၂ | ၂၁၂ | | |
| ၁၇ | စီပင်ကလေးကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၆၂၉ | ၄၂၁ | ၄၂၁ | | |
| ၁၈ | ကျွဲဖြူတောင်ကျေးရွာအုပ်စု | ၂ | ၇၅၀ | ၄၅၉ | ၂၉၁ | ၂၉၁ | | |
| ၁၉ | မောင်နွဲ့ကြီးကျေးရွာအုပ်စု | ၂ | ၉၀၀ | ၃၃၃ | ၅၆၇ | ၄၆၇ | ၁၀၀ | |
| ၂၀ | ခုံတိုင်ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၉၂ | ၂၅၈ | ၂၅၈ | | |
| ၂၁ | ဒါဝါလော်ချီကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၁၁ | ၃၈၉ | ၃၈၉ | | |
| ၂၂ | လယ်ခိုဒိုးခိုကျေးရွာအုပ်စု | ၁ | ၃၅၀ | ၁၀၄ | ၂၄၆ | ၂၄၆ | | |
| ၂၃ | လိပ်ပြာကလေးကျေးရွာအုပ်စု | ၂ | ၃၀၀ | ၁၇၂ | ၁၂၈ | ၁၂၈ | | |
| ၂၄ | လိပ်ပြာကြီးကျေးရွာအုပ်စု | ၁ | ၃၀၀ | ၁၄၈ | ၁၅၂ | ၁၅၂ | | |
| ၂၅ | လယ်ခိုဒိုးကားကျေးရွာအုပ်စု | ၁ | ၁၀၀ | ၂၅ | ၇၅ | ၂၅ | ၅၀ | |
| ၂၆ | သပြေညွန့်ကျေးရွာအုပ်စု | ၃ | ၃၂၅၀ | ၁၈၀၁ | ၁၄၄၉ | ၁၁၄၇ | ၃၀၂ | |
| ၂၇ | မဲတင်းတိမ်ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၁၂၀ | ၃၃၀ | ၃၃၀ | | |
| ၂၈ | ကျောက်ပုံကျေးရွာအုပ်စု | ၁ | ၆၅၀ | ၂၆၀ | ၃၉၀ | ၃၉၀ | | |
| ၂၉ | စပါးကျီကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၆၉ | ၁၀၈၁ | ၁၀၈၁ | | |
| ၃၀ | ပြောင်သိုကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၆၃ | ၁၈၇ | ၁၈၇ | | |
| ၃၁ | ရေသိုးကြီးကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၇၂ | ၁၁၇၈ | ၁၂၂၈ | | ၅၀ |
| ၃၂ | ရေတံခွန်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၂၆ | ၉၂၄ | ၈၂၄ | ၁၀၀ | |
| ၃၃ | ချောင်းမငယ်ကျေးရွာအုပ်စု | ၁ | ၁၅၀ | ၆၉ | ၈၁ | ၈၁ | | |
| ၃၄ | ရပ်ကွက်(၁)လိပ်သို | ၁ | ၈၅၀ | ၅၈၁ | ၂၆၉ | ၂၇၃ | | ၄ |
| ၃၅ | ရပ်ကွက်(၂)လိပ်သို | ၁ | ၂၀၀ | ၁၆၁ | ၃၉ | ၄၁ | | ၂ |
| ၃၆ | ရပ်ကွက်(၃)လိပ်သို | ၁ | ၄၀၀ | ၂၅၁ | ၁၄၉ | ၁၀၁ | ၄၈ | |
| ၃၇ | ရပ်ကွက်(၄)လိပ်သို | ၁ | ၄၀၀ | ၂၆၉ | ၁၃၁ | ၁၃၁ | | |
| ၃၈ | ရပ်ကွက်(၅)လိပ်သို | ၁ | ၇၀၀ | ၃၅၀ | ၃၅၀ | ၂၄၇ | ၁၀၃ | |
| ၃၉ | ရပ်ကွက်(၆)လိပ်သို | ၁ | ၃၀၀ | ၁၈၂ | ၁၁၈ | ၁၁၈ | | |
| ၄၀ | အလယ်ချောင်းကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၀၀ | ၂၅၀ | ၅၀ | ၂၀၀ | |
| ၄၁ | မိုင်းလွန်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၅၅ | ၄၄၅ | ၄၄၅ | | |
| ၄၂ | ဇလဲကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၆၈ | ၄၃၂ | ၄၃၂ | | |
| ၄၃ | သာမိုးတောင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၈၂၇ | ၃၇၃ | ၃၇၉ | | ၆ |
| ၄၄ | လိပ်သိုကြီးကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၄၃ | ၁၀၇ | ၁၀၇ | | |
| ၄၅ | လဘက်အင်းကြီးကျေးရွာအုပ်စု | ၁ | ၆၅၀ | ၃၇၀ | ၂၈၀ | ၂၂၉ | ၅၁ | |
| ၄၆ | ထမုံကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၀၃၉ | ၆၁၁ | ၆၆၁ | | ၅၀ |
| ၄၇ | ကျမိုင်းကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၂၇၇ | ၁၀၇၃ | ၈၇၃ | ၂၀၀ | |
| ၄၈ | ကျောက်တံခါးကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၇၀ | ၄၃၀ | ၄၃၄ | | ၄ |
| ၄၉ | မိတ်သလင်တောင်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၈၁၇ | ၂၈၃ | ၂၈၃ | | |
| ၅၀ | ကျေးမင်းကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၈၀၇ | ၂၉၃ | ၂၄၃ | ၅၀ | |
| ၅၁ | ငှက်ပျောတောကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၀၆ | ၁၉၄ | ၁၉၄ | | |
| ၅၂ | အဒိုးသဲပျော်ကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၇၈ | ၁၂၂ | ၁၂၂ | | |
| ၅၃ | ကစောပလိုကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၀၂ | ၁၄၈ | ၁၅၀ | | ၂ |
| ၅၄ | ချီးသူစောကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၄၈ | ၂၀၂ | ၅၂ | ၁၅၀ | |
| ၅၅ | သာမိတိုက်ကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၀၁ | ၄၄၉ | ၃၉၉ | ၅၀ | |
| ၅၆ | ရှမ်းလယ်ပြင်ကြီးကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၅၆ | ၁၄၄ | ၁၄၈ | | ၄ |
| ၅၇ | မင်းလမ်းတောင်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၀၅ | ၁၉၅ | ၂၄၅ | | ၅၀ |
| ၅၈ | ငွေတောင်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၄၁ | ၁၅၉ | ၁၅၉ | | |
| ၅၉ | ရှမ်းလယ်ပြင်အောက် ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၆၉၇ | ၃၅၃ | ၂၀၃ | ၁၅၀ | |
| ၆၀ | ကျောက်ကြီးတောင်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၁၃ | ၂၃၇ | ၂၃၇ | | |
| ၆၁ | ကျေးကတော့ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၆၁၆ | ၈၄ | ၁၈၃ | | ၉၉ |
| ၆၂ | တောပုန်းကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၁၂ | ၃၃၈ | ၁၈၈ | ၁၅၀ | |
| ၆၃ | ကလေခိုကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၉၁၁ | ၃၃၉ | ၃၃၉ | | |
| ၆၄ | မောင်ကျော်ကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၀၇ | ၁၄၃ | ၁၄၃ | | |
| ၆၅ | မောင်ဘလောက်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၅၆ | ၁၄၄ | ၁၄၄ | | |
| ၆၆ | ကလေတကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၁၀၃၁ | ၃၁၉ | ၃၁၉ | | |
| ၆၇ | ဒါရိုးကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၅၆ | ၁၉၄ | ၁၉၄ | | |
| ၆၈ | ဟိုသောပလိုကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၀၈ | ၂၉၂ | ၂၉၂ | | |
| ၆၉ | ခမာဒီဖိုလီကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၆၈ | ၁၈၂ | ၁၈၄ | | ၂ |
| ၇၀ | ထီးသာစောကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၅၆ | ၂၄၄ | ၂၄၄ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၉၅ | ၆၇၂၈၈ | ၃၉၅၄၆ | ၂၇၇၄၂ | ၂၆၀၉၈ | ၂၀၅၂ | ၄၀၈ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၇၀၈ | ၇၀၈ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၄၀၄၁ | | ၄၀၄၁ | ၄၀၄၁ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၉၅ | ၇၂၀၃၇ | ၄၀၂၅၄ | ၃၁၇၈၃ | ၃၀၁၃၉ | ၂၀၅၂ | ၄၀၈ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ



**နေပြည်တော် ဧပြီ ၂၁**
တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေ အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅) နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ညောင်ရွှေမြို့၊ ကလောမြို့၊ ရပ်စောက်မြို့၊ ဖယ်ခုံမြို့၊ ဟိုပုံးမြို့၊ ပင်လောင်းမြို့၊ ရွာငံမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၊ မန္တလေးခရိုင်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက် ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် ဧပြီ ၂၁**
ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးကာလများအတွင်း ဗုဒ္ဓဘာသာ ဘုရားစေတီများအပါအဝင် အခြားဘာသာများအလိုက် ဘာသာရေးကျောင်းများ ခေတ္တပိတ်ထားခဲ့ရပြီး ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်သည်။ ထိုကဲ့သို့ ပြန်လည်ဖွင့်လှစ်ပေးခဲ့သဖြင့် ယနေ့တွင်လည်း ဗုဒ္ဓဘာသာ ဘုရား၊ စေတီ၊ ကျောင်းကန်များတွင် ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက စိတ်အေးချမ်းသာစွာ ကုသိုလ်ယူ ဖူးမြော်ကြည်ညိုလျက်ရှိကြသည်။

အလားတူ ဟိန္ဒူ၊ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာဝင်များ၏ ဘာသာအလိုက်ဘာသာရေးကျောင်းများ၊ ဝတ်ပြုကျောင်းများတွင်လည်း သက်ဆိုင်ရာဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နမ့်စန်မြို့နယ် ဝမ်ပန်ကျေးရွာရှိ ဓမ္မသုခကျောင်းတိုက်၌ ဆောက်လုပ်လှူဒါန်းမည့် သာသနဝေပုလ္လခဏ္ဍာသိမ်တော် ပန္နက်တော်တင်ခြင်းနှင့် သိမ်သမုတ်ခြင်းမင်္ဂလာပြုလုပ်

**နေပြည်တော် ဧပြီ ၂၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ဝမ်ပန် ကျေးရွာရှိ ဓမ္မသုခကျောင်းတိုက်၌ ဆောက်လုပ် လှူဒါန်းမည့် သာသနဝေပုလ္လခဏ္ဍာသိမ်တော် ပန္နက် တော်တင်ခြင်းနှင့် သိမ်သမုတ်ခြင်း မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျောင်းတိုက်၌ပြုလုပ်ရာ နမ့်စန်မြို့ မြို့နယ်သံဃ နာယကဥက္ကဋ္ဌ သုခိတာရုံကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအာလောကနှင့် ဝမ်ပန် ကျေးရွာ ဓမ္မသုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကောလိန္ဒတို့ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား အလှူရှင်များ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ကြွရောက်လာသည့် သံဃာတော်များက သိမ်သမုတ်မည့် ဧရိယာအား မြေသန့်မင်္ဂလာပြုခြင်း နှင့် သိမ်သမုတ်ခြင်းတို့ကို ပြုလုပ်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သိမ်အဆောက်အအုံ ဆောက်လုပ်မည့်နေရာအား နေ့နံအလိုက်ပန္နက်တော်တင်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လောင်းလှူပြီး နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၂၁**
ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ တွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ဝမ်လုံး ဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ မဟာမင်္ဂလာကျောင်းတိုက်နှင့် မှော်ဘီမြို့နယ် ရေပြာကျေးရွာ ထီးလှိုင်အောင်ဇမ္ဗူကျောင်းတိုက် များရှိ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များရှိ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၉-၅-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

၈၈။ **ရဲရဲတောက်ဂျာနယ်မှ အုပ်ချုပ်မှုအယ်ဒီတာ ဒေါ်သီရိနေလင်းက** မိမိတို့နိုင်ငံတွင် လူအများဆုံး အသုံးပြုနေသည့် facebook သည် ဒီမိုကရေစီမရှိသည်မှာ ကျိန်းသေကြောင်း၊ တပ်မတော်သတင်းမှန်ပြန်ကြားရေး Account ဖြုတ်ချခံရသကဲ့သို့ မိမိတို့၏ Account များလည်း ဖြုတ်ချခံခဲ့ရကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံတွင် facebook ကဲ့သို့ ကိုယ်ပိုင် server တစ်ခုလုပ်ဆောင်ရန် အစီအစဉ်ရှိ၊ မရှိ သိလိုကြောင်း၊ လုပ်ဆောင်ရန်ရှိလျှင်လည်း မည်သည့်အခြေအနေရောက်နေသည်ကို သိလိုကြောင်း မေးမြန်းသည်။

၈၉။ **ဗိုလ်ချုပ်ဇော်မင်းထွန်းက** facebook နှင့် အလားတူ အသုံးချနိုင်သည့် လူမှုကွန်ရက် application မျိုးကို စတင်စမ်းသပ်လုပ်ဆောင်လျက်ရှိကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး မည်သည့်အချိန်တွင် အသုံးပြုနိုင်မည်ကို မိမိလည်း အာမခံ၍ မရသေးကြောင်း၊ အတော်အတန် ခရီးရောက်နေပြီဟု ပြောလိုကြောင်း၊ အချို့နေရာများတွင် စမ်းသပ်အသုံးပြုနေပြီဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

၉၀။ **VOAသတင်းဌာနမှသတင်းထောက်ဦးဇော်ထက်က** အာဆီယံမှ မြန်မာ့အရေးနှင့်ပတ်သက်၍ ညှိနှိုင်းဖြေရှင်းပေးမည်ဟု ပြောထားတာရှိကြောင်း၊ မြန်မာ့အရေးနှင့်ပတ်သက်၍ မကြာခင် အရေးပေါ်အစည်းအဝေးကျင်းပမည်ဟုလည်း ကြားရပါကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံကို ဖိတ်ကြားထားခြင်း ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ညှိနှိုင်းဆဲအဆင့်ဖြစ်**

၉၁။ **ဗိုလ်ချုပ်ဇော်မင်းထွန်းက** အာဆီယံ အထူးထိပ်သီးအစည်းအဝေး ကျင်းပပြုလုပ်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့မှ အာဆီယံဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံမှတစ်ဆင့် အဆိုပြုထားခြင်းရှိကြောင်း၊ အစည်းအဝေးကျင်းပရန်အတွက် ညှိနှိုင်းဆဲအဆင့်ဖြစ်သည်ဟု သိရကြောင်း၊ မြန်မာ့အရေးနှင့်ပတ်သက်၍ ဆွေးနွေးနေမှုလည်းရှိကြောင်း၊ အာဆီယံတွင် ၎င်း၏ ပဋိညာဉ်များရှိပြီးဖြစ်ကြောင်း၊ အဆိုပါ ပဋိညာဉ်များအတိုင်း ဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံအသိုင်းအဝိုင်းသို့ ဝင်ရောက်ခဲ့သည်မှာ ကြာမြင့်ပြီဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံ နှစ်နိုင်ငံပါပြီးဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် အာဆီယံနှင့် ပူးပေါင်းလက်တွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏အမြင်များနှင့် အာဆီယံနိုင်ငံများ၏အမြင်များကို မိမိတို့အနေဖြင့် လေးစားမှုရှိကြောင်း၊ သို့သော် မိမိတို့၏ ရပ်တည်ချက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် တည်ဆောက်ရေးနှင့် ဦးတည်ချက်(၅)ရပ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ အားလုံး၏ထင်မြင်ယူဆချက်များ၊ တိုင်းပြည်များ၏ ထင်မြင်ယူဆချက်များကို လေးစားသည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

၉၂။ **အဆိုပါမေးမြန်းမှုနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက** ယင်းအစည်းအဝေး ပြုလုပ်ရေးနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများအကြား ညှိနှိုင်းဆဲဖြစ်ကြောင်း၊ သို့သော် အာဆီယံ၏ Consensus၊ Non-Interference နှင့် Chapter များကို လေးစားရန်လိုကြောင်း၊ ယင်းအစည်းအဝေးနှင့်ပတ်သက်၍ အားလုံး Consensus ရရှိရန် ညှိနှိုင်းဆဲဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ ၄/၂၀၂၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

၉၃။ **VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်းက** ယခုလတ်တလောတွင် KNU တပ်မဟာ(၅)ကို လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု သိရကြောင်း၊ အဘယ်ကြောင့် ထိုသို့ဆောင်ရွက်သည်ကို သိလိုကြောင်း မေးမြန်းသည်။

**NCA လမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်း**

၉၄။ **ဗိုလ်ချုပ်ဇော်မင်းထွန်းက** KNU တပ်မဟာ(၅) အနေဖြင့် တပ်မတော်က အခြေပြုထားသည့် ထီးမူထစခန်းကို မတ်လ ၂၇ ရက် နံနက်ပိုင်းက ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး KNU တပ်မဟာ(၅) အနေဖြင့် ဇန်နဝါရီလမှ မတ်လကုန်အထိ ယင်းဒေသတွင် လမ်းဖောက်နေသည့် တပ်မတော်စစ်ကြောင်းကို ကားမိုင်းထောင်ခဲ့ခြင်း ရှစ်ကြိမ်၊ ချောင်းမြောင်းပစ်ခတ်မှု ၂၅ ကြိမ်၊ တပ်ဌာနချုပ်များကို ၁၀၇ မမ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့ခြင်းများရှိခဲ့ကြောင်း၊ အဆိုပါကိစ္စများကို တပ်မတော်အနေဖြင့် သည်းခံခဲ့သော်လည်း တပ်မတော်၏ စခန်းကို ဝင်ရောက်တိုက်ခိုက်ခြင်းသည် မှားယွင်းတိုက်ခိုက်ခြင်းမဟုတ်ကြောင်း၊ တမင်သက်သက် တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် KNU ဗဟိုတွင်ရှိသည့် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ကန့်ကွက်ခြင်းများ၊ NCA စာချုပ်ပါအချက်များကို လိုက်နာရန် သတိပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ တရားဝင်စာဖြင့်လည်း အကြိမ်ကြိမ် အကြောင်းကြားခဲ့ကြောင်း၊ KNU ဗဟိုဦးစီးကော်မတီဝင်များနှင့် KNLA စစ်ဦးစီးချုပ်တို့၏ တားမြစ်ချက်များကိုလည်း တပ်မဟာ(၅)အနေဖြင့် လိုက်နာမှုမရှိဘဲ NCA စာချုပ်ပျက်စီးစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ KNU ဗဟိုအနေဖြင့် NCA လမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်းနှင့် တပ်မဟာ(၅)၏ လုပ်ဆောင်ချက်များသည် KNUဗဟို၏ သဘောထားမပါဝင်သည်ကို တရားဝင်ပြောကြားခဲ့ကြောင်း၊ ယခုကဲ့သို့ တရားဝင်ပြောလာသည့်အတွက် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် KNU အား တိုက်ခိုက်ခြင်းမဟုတ်ကြောင်း၊ တပ်မဟာ(၅)၏ နေရာကိုသာ လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ လေကြောင်းဖြင့် တိုက်ခိုက်ရခြင်းမှာ အဓိကအနေဖြင့် နှစ်ဖက်အသေအပျောက်နည်းစေရန်ဖြစ်ကြောင်း၊ သတိပေးသည့်အနေဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ခြေလျင်တပ်များဖြင့် တိုက်ခိုက်ပါက နှစ်ဖက် အသေအပျောက်များမည်ဖြစ်ကြောင်း၊ ထို့အပြင် ပတ်ဝန်းကျင်မှ မသက်ဆိုင်သည့် ကျေးရွာများ၊ နယ်မြေများကိုပါ ထိခိုက်မည်ဖြစ်၍ လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဓိကအနေဖြင့် NCA ချိုးဖောက်သဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ KNU ဗဟိုကိုလည်း မိမိတို့ အမြဲတမ်းဆက်သွယ်လျက်ရှိကြောင်း၊ တပ်မဟာ (၅)သည် KNU ဗဟို၏ စကားကို နားထောင်ခြင်းမရှိဘဲ သူ့သဘောသူဆောင်သည်ဟု KNU ဗဟိုကလည်း မှတ်ချက်ပြုထားကြောင်း ပြန်လည်ဖြေကြားသည်။

**လေကြောင်းဖြင့် တိုက်ခိုက်ရခြင်းမှာ အဓိကအနေဖြင့် နှစ်ဖက်အသေအပျောက်နည်းစေရန်ဖြစ်ကြောင်း၊ သတိပေးသည့်အနေဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ခြေလျင်တပ်များဖြင့် တိုက်ခိုက်ပါက နှစ်ဖက်အသေအပျောက်များမည်ဖြစ်ကြောင်း၊ ထို့အပြင် ပတ်ဝန်းကျင်မှ မသက်ဆိုင်သည့် ကျေးရွာများ၊ နယ်မြေများကိုပါ ထိခိုက်မည်ဖြစ်၍ လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဓိကအနေဖြင့် NCA ချိုးဖောက်သဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ KNU ဗဟိုကိုလည်း မိမိတို့ အမြဲတမ်းဆက်သွယ်လျက်ရှိကြောင်း၊ တပ်မဟာ(၅)သည် KNU ဗဟို၏ စကားကို နားထောင်ခြင်းမရှိဘဲ သူ့သဘောသူဆောင်သည်ဟု KNU ဗဟိုကလည်း မှတ်ချက်ပြုထား။**

၉၅။ **Sankei Shimbun သတင်းဌာနမှ သတင်းထောက် ဦးနော်ကိုကိုက** ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ စစ်ဘေးရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ဟု သတင်းစာရှင်းလင်းပွဲအစပိုင်းတွင် ပြောကြားခဲ့ကြောင်း၊ သို့သော် ယခုရက်ပိုင်းအတွင်း ကချင်ပြည်နယ်တွင် မြစ်ကြီးနားနှင့် သိပ်မဝေးသည့် မြစ်ဆုံအနီးတွင် တိုက်ပွဲများကြောင့် ရွာသားများ ထွက်ပြေးနေရသည်ဟု သိရကြောင်း၊ အလားတူ ကရင်ပြည်နယ်ဘက်တွင်လည်း KNU တပ်မဟာ(၅) နယ်မြေအပါအဝင် KNU တပ်မဟာ(၃)၊ KNU တပ်မဟာ(၁)၊ KNU တပ်မဟာ(၆) နယ်မြေတို့တွင်လည်း တိုက်ပွဲများဖြစ်ပွားနေသည်ဟု သိရပါကြောင်း၊ အဆိုပါဖြစ်စဉ်များနှင့် ပတ်သက်ပြီး သောင်းနှင့်ချီသည့် ကလေးသူငယ်များ၊ ကိုယ်ဝန်သည်များ၊ သက်ကြီးရွယ်အိုများမှာ စစ်ဘေးဒုက္ခသည်များဖြစ်နေကြောင်း၊ အဆိုပါကိစ္စများမှာ ယခုရက်ပိုင်းအတွင်း ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသားများ ယခုကဲ့သို့ စစ်ဘေးဒုက္ခသည်များ ထပ်မံမဖြစ်စေရေး အကာအကွယ်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ယခုစစ်ဘေးဒုက္ခသည်များမှာ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးနေရခြင်း၊ တောတွင်း၌ ဆင်းဆင်းရဲရဲ နေထိုင်ရခြင်းများ ဖြစ်ပေါ်နေကြောင်း၊ ၎င်းတို့အား ပုံမှန်အခြေအနေနှင့် ၎င်းတို့၏ရပ်ရွာသို့ ပြန်ရောက်စေရန် မည်သို့လုပ်ဆောင်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

**သေနတ်သံတိတ်သွားရန် အရေးကြီး**

၉၆။ **ဗိုလ်ချုပ်ဇော်မင်းထွန်းက** ပုံမှန်အခြေအနေ၊ ပုံမှန်အနေအထားဖြစ်ရန် ပထမဆုံးအနေဖြင့် သေနတ်သံတိတ်သွားရန် အရေးကြီးကြောင်း၊ ရခိုင်ပြည်နယ်တွင်လည်း AA အဖွဲ့နှင့် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ သို့သော် ယခုနှစ်ဆန်းပိုင်းမှစ၍ ရခိုင်ပြည်နယ်တွင် သေနတ်သံများ တိတ်သွားခဲ့ကြောင်း၊ သေနတ်သံများ တိတ်သွားသည့်နောက်ပိုင်း တိုက်ပွဲရှောင်ပြည်သူများအနေဖြင့် ၎င်းတို့၏ နေရပ်များတွင် ပြန်လည်အခြေချနိုင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ အဓိကအားဖြင့် နှစ်ဖက်လိုက်နာရန် လိုအပ်ကြောင်း၊ အထက်တွင် ပြောကြားခဲ့သည့်အတိုင်း KNU တပ်မဟာ(၅)နယ်မြေတွင် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ မည်သည့်အတွက်ကြောင့် တိုက်ပွဲဖြစ်ပွားသည်ဟုဆိုရလျှင် NCA စာချုပ်ကို ချိုးဖောက်ပြီး တပ်မတော်စခန်းအား တိုက်ခိုက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ယခင်က တိုက်ပွဲများမရှိဘူးလားဟုဆိုလျှင် ရှိခဲ့ပါကြောင်း၊ သို့သော် ရွာသူရွာသားများ ထွက်ပြေးရသည့် အခြေအနေအထိ မရှိခဲ့ကြောင်း၊

စာမျက်နှာ ၂၃ သို့ ❖

✣ စာမျက်နှာ ၂၂ မှ
ယခင်က မိုင်းထောင်၊ မိုင်းဆွဲ၍ တိုက်ခိုက်ခဲ့ခြင်းများရှိခဲ့သော်လည်း အောက်ခြေအဆင့် စောင့်ကြည့်ရေးအဖွဲ့ JMC အဖွဲ့များနှင့်သာ ဖြေရှင်းခဲ့ရကြောင်း၊ သို့သော် ယခုဖြစ်စဉ်ကဲ့သို့ ပဋိပက္ခကြီးမားသည့် အခြေအနေ၊ NCA စာချုပ်ကို ချိုးဖောက်ပြီး တပ်မတော်စခန်းအား တိုက်ခိုက်ခဲ့သည့်အခြေအနေမျိုးဖြစ်ပါက တိုက်ပွဲများ မလွဲမသွေဖြစ်ပွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စောင့်ထိန်းကြရန် လိုအပ်မည်ဟု ပြောလိုကြောင်း၊ KIA ဘက်တွင် ဖြစ်ပွားနေသည့် ကိစ္စများကိုလည်း မိမိတို့သိပြီးဖြစ်ကြောင်း၊ KIA မှ ဖားကန့်ဒေသဘက်တွင်ရှိသည့် တပ်မတော်စခန်းများနှင့် အဆိုပါဒေသတွင်ရှိသည့် ကုမ္ပဏီလုပ်ကွက်များမှ ရဲကင်းစခန်းများကို ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ တိုက်ပွဲများ ဖြစ်ပွားခဲ့သည့်အပေါ် မီဒီယာများနှင့် လေ့လာသုံးသပ်သူများအနေဖြင့် နှစ်ဖက်မျှမျှတတ ကြည့်ရန်လိုအပ်ကြောင်း၊ ယခင်က မျှခြေအဆင့်ရှိနေသည့်အခြေအနေမှ တိုက်ပွဲဖြစ်ပွားရသည်မှာ အကြောင်းအရင်းတစ်ခုရှိကြောင်း၊ ထိုအကြောင်းအရင်းကို ရှောင်ရှားနိုင်ပါက တိုက်ပွဲဖြစ်ရန် အကြောင်းမရှိကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

၉၇။ **Sankei Shimbun သတင်းဌာနမှ သတင်းထောက် ဦးနော်ကိုကို**က KNU တပ်မဟာ(၅)အနေဖြင့် တပ်မတော်စခန်းအား စတင်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်မှ လေကြောင်းဖြင့် ပြန်လည်တိုက်ခိုက်ခဲ့သည်ဟု အကြမ်းဖျင်း နားလည်ပြီးဖြစ်ကြောင်း၊ အမှန်တကယ် မိမိတို့မြင်ရသည်မှာ KNU တပ်မဟာ(၅)မှလူများ ကျသွားသည်ကို မြေပြင်တွင် မတွေ့ရကြောင်း၊ ရွာမှလူများ ထွက်ပြေးနေသည်ကိုတွေ့ရကြောင်း၊ အဆိုပါ သောင်းဂဏန်းဖြင့်ချီသည့် လူများကို ၎င်းတို့၏ ဘေးဒုက္ခမှ သက်သာလျော့ပါးအောင် လက်တွေ့ကျကျ မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း ဆက်လက်မေးမြန်းသည်။

**ကူညီထောက်ပံ့ရန် အဆင်သင့်ရှိ**

၉၈။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က အဆိုပါနယ်မြေအတွင်းသို့ မိမိတို့တပ်မတော်အနေဖြင့်လည်း ဝင်ရောက်ခြင်းမရှိကြောင်း၊ IDP Camp များ၊ နေရပ်ရွှေ့ပြောင်းသူများနှင့်ပတ်သက်ပြီး မြို့ပေါ်သို့ ရောက်လာသည်ဖြစ်စေ၊ နီးစပ်ရာရွာများသို့ ရောက်လာသည်ဖြစ်စေ တပ်မတော်အနေဖြင့် ကူညီထောက်ပံ့ရန် အဆင်သင့်ရှိကြောင်း၊ တပ်မတော်အနေဖြင့်သာမက ယခင်က သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့်လည်း ယခင်ကတည်းက ရခိုင်ဒေသတွင် တိုက်ပွဲရှောင် နေရပ်ရွှေ့ပြောင်းသူများနှင့် IDP Camp များရှိ ပြည်သူများကို မိမိတို့နိုင်ငံသားများဖြစ်သည့်အတွက် လျစ်လျူရှုမထားကြောင်း၊ မိမိတို့လက်လှမ်းမီသည့် နယ်မြေအတွင်းသို့ ရောက်လာပါက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် စားဝတ်နေရေးမှအစ တာဝန်ရှိသလို ကူညီစောင့်ရှောက် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၉၉။ **Sankei Shimbun သတင်းဌာနမှ သတင်းထောက် ဦးနော်ကိုကို**က ဆက်လက်မေးမြန်းရာတွင် ဖေဖော်ဝါရီ ၁ ရက်နေ့နောက်ပိုင်း ဖြစ်စဉ်များကြောင့် အရပ်သားပြည်သူများ သေဆုံးမှုများရှိခဲ့ကြောင်း၊ တပ်မတော်၏ ပြောကြားချက်များအရ အဓိကရုဏ်းနှိမ်နင်းရေး၊ ဖြိုခွင်းရေး လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်ဟု သိရကြောင်း၊ အဆိုပါဖြစ်စဉ်များတွင် သေဆုံးမှုများ ရှိခဲ့သည်ဟုလည်း သိရကြောင်း၊ သီးခြားအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များအရ ယနေ့အထိ ၆၀၀ ကျော်ခန့်ရှိပြီဟု သိရကြောင်း၊ အမည်၊ အသက်၊ နေရပ်များကို အတည်ပြု၍ ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါလူများထဲတွင် မိမိတို့၏ သားသမီးအရွယ်၊ တူ၊ တူမအရွယ် ကလေးငယ်များ ပါဝင်ကြောင်း၊ မော်လမြိုင်၊ မန္တလေး စသည့်မြို့များမှဖြစ်ကြောင်း၊ ရန်ကုန်တွင်လည်း နိုင်ငံခြားဘဏ်ခွဲတစ်ခုမှ ဝန်ထမ်းတစ်ဦးက အိမ်သို့ပြန်လာစဉ် ဖယ်ရီကားပေါ်တွင် အပစ်ခံရသဖြင့် သေဆုံးခဲ့ရကြောင်း၊ အဆိုပါဖြစ်စဉ်များသည် မည်ကဲ့သို့ လုပ်ထုံးလုပ်နည်း၊ မည်သည့်ဥပဒေနှင့်အညီ သေဆုံးခဲ့ရသည်ကို သိရှိလိုကြောင်း ဆက်လက်မေးမြန်းသည်။

**တရားဥပဒေအတိုင်းဖြစ်စေရမည်**

၁၀၀။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က သတင်းထောက်ကြီး ပြောသကဲ့သို့ ၆၀၀ ကျော်ရှိပြီဟု AAPP မှ ထုတ်ပြန်ထားသည်ကို သိရှိပါကြောင်း၊ အမည်စာရင်းဖြင့် ထုတ်ပြန်ထားသည်ကိုလည်း သိရှိပါကြောင်း၊ မိမိတို့အနေဖြင့် သေမှုသေခင်းဖွင့်လှစ်ထားသည့် ဆူပူဆန္ဒပြသူစာရင်းတွင် ကျား ၂၃၇ ဦး၊ မ ၁၁ ဦး စုစုပေါင်း ၂၄၈ ဦး ရှိပါကြောင်း၊ ဒဏ်ရာရရှိမှုအနေဖြင့် ၄၀၁ ဦးရှိကြောင်း၊ အဆိုပါဒဏ်ရာရရှိသူများအား သက်ဆိုင်ရာ ဆေးရုံများတွင် ဆေးဝါးကုသပေးလျက်ရှိကြောင်း၊ ဆူပူဆန္ဒပြမှုများအား ဖြိုခွင်းရာတွင် နှစ်မျိုးရှိကြောင်း၊ လမ်းပေါ်တွင် ဆန္ဒပြသူများအား ဖြိုခွင်းခြင်းနှင့် အကြမ်းဖက်ဆန္ဒပြသူများအား ဖြိုခွင်းခြင်းတို့ဖြစ်ကြောင်း၊ ရဲစခန်းများအား ဝင်ရောက်စီးနင်းခဲ့သဖြင့် ပစ်ခတ်ဖြိုခွဲခဲ့ရခြင်းများရှိကြောင်း၊ အဆိုပါအခြေအနေတွင် အနီးကပ်တိုက်ခိုက်ရသည့်အတွက် အနီးကပ်ပစ်ခတ်ရခြင်းများရှိကြောင်း၊ ရဲစခန်းကဲ့သို့ နေရာများနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသည့် နေရာများကို ဝင်ရောက်တိုက်ခိုက်သဖြင့် ကျည်ဆန်သုံး၍ ပစ်ခတ်ခဲ့ရခြင်းများရှိကြောင်း၊ သတင်းထောက်ကြီးပြောသကဲ့သို့ မှားယွင်းပစ်ခတ်မှုများလည်း ရှိနိုင်ကြောင်း၊ ဆူပူဆန္ဒပြသူများကြားသို့ ကားဖြင့်ထွက်လာခြင်း၊ ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခြင်း စသည့်အခြေအနေများတွင် မှားယွင်းပစ်ခတ်မှုများ ရှိနိုင်ပါကြောင်း၊ လူ ငါးယောက် သေသွားပြီ၊ ခြောက်ယောက်သေသွားပြီ၊ အဘယ်ကြောင့် ကျည်စစ်ကျည်မှန်နှင့် ပစ်ခတ်နေသနည်းဟု ပြောနေသည်များကို ကြားရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက မောင်းပြန်သေနတ်များသုံးပြီး ပစ်ခတ်နေသည်၊ ကျည်ဆန်အစစ်သုံးပြီး အတွဲလိုက်ပစ်ခတ်နေသည်ဟု ပြောကြကြောင်း၊ သေနတ်အကြောင်းသိသူများရှိသကဲ့သို့ မသိသည့်သူများလည်း ရှိမည်ဖြစ်ကြောင်း၊ မြင်ဖူးသည့်သူများရှိသကဲ့သို့ မမြင်ဖူးသည့်သူများလည်း ရှိမှာဖြစ်ကြောင်း၊ အနည်းဆုံးအနေဖြင့် သေနတ်ဖြင့် ပစ်ခတ်သည်ကို ရုပ်ရှင်ထဲတွင်၊ ဇာတ်ကားများထဲတွင် မြင်ဖူးကြလိမ့်မည်ဖြစ်ကြောင်း၊ အမှန်တကယ်သာ ယခုဆန္ဒပြနေသည့် လူအုပ်စုအား မောင်းပြန်ရိုင်ဖယ်ဖြင့် အတွဲလိုက်ပစ်ခတ်မည်ဆိုပါက ယခု သတင်းထောက်ကြီးပြောနေသည့် လူ ၅၀၀ ဆိုသည့်ပမာဏသည် နာရီပိုင်းအတွင်း သေဆုံးနိုင်ပါကြောင်း၊ ယခုဆန္ဒပြမှုများသည် လနှင့်ချီနေပြီကို စဉ်းစားကြည့်စေလိုကြောင်း၊ မောင်းပြန်ရိုင်ဖယ်တစ်လက်၏ ပစ်ခတ်မှုနှုန်း၊ လုပ်ဆောင်မှုနှုန်းကိုလည်း စဉ်းစားကြည့်စေလိုကြောင်း၊ မောင်းပြန်ရိုင်ဖယ်မဟုတ်သည့် ကျည်စစ်ကျည်မှန်ဖြင့် ပစ်ခတ်နေရသည့် Automatic ရိုင်ဖယ်များ၊ Semi Automatic ရိုင်ဖယ်များ၏ ပစ်ခတ်မှုနှုန်းကိုလည်း သိပြီးဖြစ်ကြောင်း၊ နိုင်ငံခြားသတင်းမီဒီယာများက မျက်စိစုံမှိတ်၍ ရေးသားနေခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မှားယွင်းမှုများမရှိ၊ ခြောက်ပြစ်ကင်းသဲလဲစင်ပါသည်ဟု မပြောလိုကြောင်း၊ ၎င်းတို့၏စိတ်ခံစားမှုများအရ မှားယွင်းကောင်းမှားယွင်းနိုင်ကြောင်း၊ မိမိတို့ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းထောက်ကြီးပြောခဲ့သည့် ဘဏ်ဝန်ထမ်းကိစ္စကိုလည်း စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားဥပဒေအတိုင်းဖြစ်စေရမည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

၁၀၁။ **Sankei Shimbun သတင်းဌာနမှ သတင်းထောက် ဦးနော်ကိုကို**က လက်ရှိဖြစ်ပွားနေသည့် ပြဿနာများနှင့် ပတ်သက်၍ ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင်လည်း မေးကြ၊ ဖြေကြသည်ကို သတိထားမိပါကြောင်း၊ ညှိနှိုင်းဆွေးနွေးရန် ပြည်ပနိုင်ငံကြီးများနှင့် တရုတ်နှင့် အာဆီယံကပါ တိုက်တွန်းထားခြင်းရှိပါကြောင်း၊ ယခင်က ယခုလို ညှိနှိုင်းမှုများပြုလုပ်ရန် မည်သူကမှမပြောကြ၊ မတိုက်တွန်းခဲ့ကြဟု ဗိုလ်ချုပ် ပြန်ဖြေခဲ့သည်များလည်းရှိပါကြောင်း၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ မတိုင်မီကတည်းကပင် တစ်ဖက်နှင့်တစ်ဖက် အငြင်းပွားမှုများ အရှိန်မြင့်တက်လာခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ဆရာတော်ကြီးများအပါအဝင် ပြည်ပသံရုံးအချို့ကပါ ညှိညှိနှိုင်းနှိုင်း ဖြေရှင်းကြရန် မေတ္တာရပ်ခံခြင်း၊ တိုက်တွန်းခြင်းများ ပြုလုပ်ခဲ့သည်ကို မိမိတို့ သတိထားမိခဲ့ပါကြောင်း၊ ယခုအချိန်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ၊ သေဆုံးမှုများလည်း ဖြစ်လာနိုင်သည်ဟု ဗိုလ်ချုပ် သတိပေးခဲ့သကဲ့သို့ ဖြစ်လာခဲ့ပြီး ယခုဒီပမာဏအထိ သေဆုံးပြီးဖြစ်ပြီး နောက်ထပ်မည်မျှသေဆုံးပြီးမှ ပြီးမည်လဲ၊ အခြားနည်းလမ်းများရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**လေးစားလက်ခံ**

၁၀၂။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က တပ်မတော်အနေဖြင့် ညှိနှိုင်းဆွေးနွေးရေးလမ်းကြောင်းသို့ တောက်လျှောက်သွားခဲ့ပါကြောင်း၊ ညှိနှိုင်းဆွေးနွေးရေးနှင့် ပတ်သက်၍ မဲစာရင်းများ စတင်ထုတ်ပြန်ပြီးကတည်းက ညှိနှိုင်းဆွေးနွေးရန် တရားဝင်ထုတ်ပြန်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ သတင်းစာရှင်းလင်းပွဲမှတစ်ဆင့် ပြောကြားခဲ့ခြင်းများလည်း ရှိကြောင်း၊ လူလွှတ်ပြီး ပြောကြားခဲ့ခြင်းများလည်း ရှိပါကြောင်း၊ အဆိုပါအခြေအနေများကို ငြင်းပယ်ခံရသဖြင့် ယခုအခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခြေအနေတွင် လက်ငင်းဆောင်ရွက်ရမည့်ကိစ္စများကို လက်ငင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်လုပ်ဆောင်မည့်လမ်းစဉ်အနေဖြင့် နိုင်ငံကြီးများ၏ အကြံပြုပြောကြားချက်များ၊ အိမ်နီးချင်းနိုင်ငံများ၏ အကြံပြုပြောကြားချက်များ၊ အခြားနိုင်ငံရေး၊ ဘာသာရေး၊ စီးပွားရေးနယ်ပယ်များတွင် တာဝန်ရှိပုဂ္ဂိုလ်များ၏ အကြံပြုပြောကြားချက်များကိုလည်း လေးစားလက်ခံ၍ အတတ်နိုင်ဆုံး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကိုလည်း ပြောကြားပြီးဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များအတိုင်းသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊အကြံပြုချက်များ၊ ညှိနှိုင်းချက်များနှင့် ပတ်သက်၍ လေးစားပါကြောင်း၊ တတ်နိုင်သမျှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၁၀၃။ ဆက်လက်ပြီး **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယခုနှစ်သင်္ကြန်နှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်မှုအပိုင်းကို ပြောကြားရာ သင်္ကြန်ကာလအတွင်း ကိုဗစ်-၁၉ ကာလဖြစ်သဖြင့် စင်ကြီးများနှင့် မဏ္ဍပ်အကြီးများအား ခွင့်ပြုမည်မဟုတ်ကြောင်း၊ သို့သော် တစ်ပိုင်တစ်နိုင် ပေ ၂၀ ထက် ပိုမကျယ်သည့် မဏ္ဍပ်များနှင့် ရပ်ကွက်၊ ကျေးရွာအလိုက် ဆောင်ရွက်နိုင်ကြောင်း၊ ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ ရေကစားနိုင်ရေးနှင့်ပတ်သက်ပြီး ယနေ့သတင်းထုတ်ပြန်နိုင်မည်ဟု ထင်မိကြောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူးကာလတွင် မြန်မာပြည်သူပြည်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။ ။

★ **အမှန်တကယ်သာ ယခုဆန္ဒပြနေသည့် လူအုပ်စုအား မောင်းပြန်ရိုင်ဖယ်ဖြင့် အတွဲလိုက်ပစ်ခတ်မည်ဆိုပါက ယခု သတင်းထောက်ကြီးပြောနေသည့် လူ ၅၀၀ ဆိုသည့်ပမာဏသည် နာရီပိုင်းအတွင်း သေဆုံးနိုင်ပါကြောင်း၊ ယခုဆန္ဒပြမှုများသည် လနှင့်ချီနေပြီကို စဉ်းစားကြည့်စေလို။**

★ **နိုင်ငံခြားသတင်းမီဒီယာများက မျက်စိစုံမှိတ်၍ ရေးသားနေခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မှားယွင်းမှုများမရှိ၊ ခြောက်ပြစ်ကင်းသဲလဲစင်ပါသည်ဟု မပြောလိုကြောင်း၊ ၎င်းတို့၏စိတ်ခံစားမှုများအရ မှားယွင်းကောင်းမှားယွင်းနိုင်ကြောင်း၊ မိမိတို့ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းထောက်ကြီးပြောခဲ့သည့် ဘဏ်ဝန်ထမ်းကိစ္စကိုလည်း စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားဥပဒေအတိုင်းဖြစ်စေရမည်။**

**လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ** Country Destructive Movements **မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင် ဆွေးနွေးကြပါလေ။**

■ စာမျက်နှာ ၂၆ မှ



ဒေါက်တာလှမင်းစိုး(မြိတ်ပြည်သူ့ဆေးရုံကြီး) ဆေးကုသနေသည့် “ဆု”ခေတ်ခွဲခန်းအား တွေ့ရစဉ်။



ဒေါက်တာလှမင်းစိုး



ဒေါက်တာဖြိုးမြင့်ကြည်(တကူတိုက်နယ်ဆေးရုံ၊ တနင်္သာရီမြို့နယ်) ဖွင့်လှစ်ထားသည့် ဆေးခန်းအား တွေ့ရစဉ်။



ဒေါက်တာဖြိုးမြင့်ကြည်


အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များ ထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် ဧပြီ ၂၁**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံများနှင့် အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များကို အကြမ်းဖက်ရန်ပြုဖျက်ဆီးခြင်းနှင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။





ရွှေပြည်သာမြို့နယ် (၂၇)ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား လက်လုပ်ဗုံးဖြင့်ပစ်ပေါက်မှု မှတ်တမ်းဓာတ်ပုံ။

**မီးလောင်ပျက်စီး**

ထိုသို့လုပ်ဆောင်ရာတွင် ဧပြီ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် မန္တလေး-မိုးကုတ် ကားလမ်းမဘေးရှိ ရှောက်ပင်ရိုးကျေးရွာအုပ်စု ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို အကြမ်းဖက်သူများက မီးရှို့ခဲ့သဖြင့်လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ ကျေးရွာနေပြည်သူများနှင့်အတူ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ရုံးအတွင်းရှိ ဗီရိုလေးလုံး၊ ရေခဲသေတ္တာတစ်လုံး၊ မိတ္တူကူးစက်တစ်လုံး၊ လေအေးပေးစက်တစ်လုံး၊ ပလတ်စတစ်ထိုင်ခုံ အလုံး ၅၀၊ TV တစ်လုံး၊ ဝါတာကိုလာ တစ်လုံး၊ အောက်စက်တစ်လုံး၊ စားပွဲ သုံးလုံးနှင့် ရုံးစာရွက်စာတမ်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ အမှတ်(၄)နဝရတ်ရပ်ကွက် ဆရာစံလမ်းရှိ "ကိုရွှေစိုး" လက်ဖက်ရည်ဆိုင်ကို ညနေ ၄ နာရီ ၄၅ မိနစ်တွင် အကြမ်းဖက်သူ အမျိုးသား တစ်ဦးက ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး ဆိုင်အတွင်းသို့ လက်ပစ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်အတွင်းကျရောက်ကာ ပေါက်ကွဲမှုမရှိသည်ကို တွေ့ရှိရသဖြင့် လက်ပစ်ဗုံးကို သက်မဲ့ပြုလုပ်ခဲ့ရကြောင်း။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၂) ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို ညနေ ၆ နာရီ မိနစ် ၂၀ တွင် စက်ဘီးစီးနင်းလာသည့် အကြမ်းဖက်သူ အမျိုးသားတစ်ဦးက လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်သွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ လက်လုပ်ဗုံးမှာ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးဘေးရှိ တိုက်နှစ်လုံးကြား ကျရောက်ခဲ့ပြီး ပေါက်ကွဲမှုမရှိသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်း။

**ထိခိုက်မှုမရှိ**

အလားတူနေပြည်တော်ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် ရွှေချီ(၆)လမ်းနှင့် သခင်ထွန်းအုပ်လမ်းထောင့်ရှိ မြဝတီဘဏ်ကို ည ၇ နာရီ ၂၅ မိနစ်တွင် အကြမ်းဖက်သူက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလက်လုပ်ဗုံးမှာ ဘဏ်ရှေ့မျက်နှာစာသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်မှုမရှိကြောင်း။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ဈေးရုံဗိုလ်တဲရပ်ကွက်နေ ဦးကျော်စိုး (၆၇)နှစ် (ဘ) ဦးဘကြီး၏ နေအိမ်ကို ည ၁၀ နာရီ ၄၅ မိနစ်တွင် အကြမ်းဖက်သူများက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခဲ့သဖြင့် အဆိုပါလက်လုပ်မိုင်းမှာ ဦးကျော်စိုး၏ နေအိမ်ခြံဝင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် နေအိမ်ရှေ့ရှိ အလှပန်းအိုးများ ထိခိုက်ပျက်စီးခဲ့ကာ လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း။

**မီးပုလင်းဖြင့် ပစ်ပေါက်**

အလားတူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၁၅)ရပ်ကွက် ဓမ္မာရုံလမ်းနေ ဒေါ်ဝင်းကြည်၏နေအိမ်ကို ည ၁၁ နာရီမိနစ် ၄၀ တွင် အကြမ်းဖက်သူများက မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့ရာ မီးလောင်မှုဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ ည ၁၂ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဒေါ်ဝင်းကြည်နေအိမ်ပါ လူနေအိမ် ၁၀ လုံး၊ ဂိုဒေါင်တစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် တောင်ဘိုကျေးရွာနှင့် ညောင်လေးပင်ကျေးရွာကြားရှိ သမန်းတောချောင်းပေါ်တွင် ဆောက်လုပ်ထားသော အလျား ပေ ၃၀၊ အနံ ၁၅ ပေရှိ ရွာချင်းဆက် သစ်သားဘေလီတံတားကို ယနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် အကြမ်းဖက်သူများက မီးရှို့ခဲ့သဖြင့် မီးလောင်ကျွမ်းခဲ့ပြီး နံနက် ၉ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် တံတား၏ ယာဘက်ခြမ်း အလျား လေးပေ၊ အနံ သုံးပေခန့် မီးလောင်ပျက်စီးခဲ့ကြောင်း။

**လက်လုပ်ဗုံး ငါးလုံး**

အလားတူ နံနက် ၁၀ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အောင်မင်္ဂလာရပ်ကွက် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း အနီးရှိ ချုံထဲတွင် မသင်္ကာဖွယ်ရာ ပလတ်စတစ်အိတ်တစ်လုံးတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါအိတ်အတွင်းမှ စနက်တံပါ လက်လုပ်ဗုံးငါးလုံးတို့အား တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်ခဲ့ကြောင်း။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ် (၁၃)ရပ်ကွက် အောင်မြေဒဂုံဘုန်းကြီးကျောင်းအတွင်းရှိ Mytel တာဝါတိုင် ထိန်းချုပ်ခန်းကို နံနက် ၁၁ နာရီခွဲတွင် အကြမ်းဖက်သူ အမျိုးသားလေးဦးက မီးရှို့ခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်၍ မီးငြှိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး အဆိုပါမီးလောင်မှုကြောင့် တာဝါတိုင်ထိန်းချုပ်ခန်းအတွင်းရှိ ဝိုင်ယာကြိုးများ၊ အဲကွန်းနှစ်လုံး အပေါ်ကာဘာနှင့် မြို့နယ်နေရာပြမြေပုံတို့ မီးလောင်ပျက်စီးခဲ့ကြောင်း။

**ပေါက်ကွဲမှုဖြစ်**

အလားတူ မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက် ပေတောကုန်းလမ်းနှင့် မဟာသုခလမ်းတို့၌ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပေတောကုန်းလမ်းနှင့် ရထားလမ်းသို့ ဖြတ်ကူးသော လူကူးသံလှေကားအောက်၌ ပေါက်ကွဲထားပြီးသော အချိုရည်ဘူးခွံတစ်ခုနှင့် မဟာသုခလမ်းရှိ စည်ပင်အမှိုက်ပုံးနှင့် အုတ်နံရံကြားရှိ ရေမြောင်းအဖုံးပေါ်တွင် ပေါက်ကွဲထားပြီးသော အချိုရည်ဘူးခွံတစ်ခုတို့အား တွေ့ရှိခဲ့ရပြီး အဆိုပါပေါက်ကွဲမှုကြောင့် လူနှင့်ပစ္စည်း ထိခိုက်ပျက်စီးမှုမရှိကြောင်း။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၂၇)ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို မွန်းလွဲ ၁ နာရီတွင် အကြမ်းဖက်သူ အမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့သဖြင့် အဆိုပါ လက်လုပ်ဗုံးမှာ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အမိုးပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ကာ ရုံးအနည်းငယ်ပျက်စီးပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း။

အဆိုပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူများနှင့် ပါဝင်ပတ်သက်သူများကိုလည်း စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဥပဒေနှင့်မညီသော ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများကို လိုင်စင်ပယ်ဖျက်သွားမည်

**နေပြည်တော် မေ ၂၁**

ဗန်းမော်မြို့ပြည်သူ့ဆေးရုံ (ခုတင်-၂၀၀)၌ တာဝန်ထမ်းဆောင်ကြပြီး ဆရာဝန်ကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့်မညီဘဲ CDM ပြုလုပ်လျက်ရှိသည့် ဒေါက်တာအောင်ထွန်းဝင်း(အထူးကု)နှင့် ဒေါက်တာဂမ်မင်းထက်(အထူးကု)တို့သည် ပြင်ပပုဂ္ဂလိကဆေးရုံဖြစ်သည့် "စွမ်းမေတ္တာ"ဆေးရုံ၌ လည်းကောင်း၊ ဒေါက်တာလျှန်းလင်းထွေး(အထူးကု)နှင့် ဒေါက်တာဗညား(အထူးကု)တို့သည် "စိန်သစ္စာ" ဆေးရုံ၌လည်းကောင်း ဆေးကုသမှုများ ပြုလုပ်လျက်ရှိသည်။

သို့ဖြစ်၍ မိမိတို့၏ တာဝန်နှင့်ကျင့်ဝတ်များကို လျစ်လျူရှုပြီး CDM ပြုလုပ်နေသည့် ဖော်ပြပါဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားရှိသည့်ပြင် ၎င်းတို့အား လက်ခံ၍ ဆေးကုသခွင့်ပေးနေသော "စွမ်းမေတ္တာ" ဆေးရုံနှင့် "စိန်သစ္စာ"ဆေးရုံတို့အား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေနှင့်အညီ လိုင်စင်ပယ်ဖျက်ပြီး ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ စိန်သစ္စာဆေးရုံ



ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ စွမ်းမေတ္တာဆေးရုံ



## လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များအတွင်းရှိ ကျေးရွာ/ရပ်ကွက် အချို့တို့မှ ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ပဲများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ညောင်ကျေးရွာနှင့် အလယ်ရွာကျေးရွာ၊ အမှတ်(၇)ရပ်ကွက်၊ အမှတ်(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၁၉)ရပ်ကွက်များရှိ အိမ်ထောင်စု စုစုပေါင်း ၁၀၅၁၅ စုတို့အတွက် ဆန်၊ ဆီ၊ ပဲများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အလားတူ မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် ကြူဝန်းကျေးရွာနှင့် ရေမကျေးရွာများအတွင်းရှိ အိမ်ထောင်စု စုစုပေါင်း ၃၅၀ တို့အတွက် ဆန်များကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေး

**နေပြည်တော် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်း တိုက်နယ်ဆေးရုံ၊ မတ္တရာပြည်သူ့ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော် တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ပြည်သူ့ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များ၏ အကူအညီ



တောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

### ခွဲစိတ်ကုသပေးခဲ့

ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေးခဲ့သည်။

### အားပေးစကားပြောကြား

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ လက်ဝယ်ထားရှိသူများကို ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၂၁**


ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် မေ ၂၀ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (က) ရပ်ကွက် မေယုလမ်းထိပ်နှင့် မေယုပတ်လမ်းထောင့် ကြာသပတေး ဆွမ်းလောင်းဓမ္မာရုံရှေ့ရှိ စည်ပင်သာယာအမှိုက်ကန်အတွင်း မသင်္ကာဖွယ်ရာ အထုပ်တစ်ထုပ်တွေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါအထုပ်အတွင်းမှ မီးခိုးဗုံး ခြောက်လုံး၊ ပြောက်အိုး လေးလုံး၊ ဓာတ်ငွေ့ကာမျက်နှာဖုံး နှစ်ခုတို့ကို တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ကြောင်း။

အလားတူ ည ၇ နာရီ မိနစ် ၅၀ တွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်နေဇော်မင်း (ဘ)ဦးဉာဏ်သိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ အဆိုပါနေအိမ်အတွင်းမှ ဇော်မင်းကို ပြောက်အိုး ၅၄ လုံး၊ ယမ်းများထည့်ထားသော ဘောလုံး သုံးလုံး၊ လက်လုပ်ဗုံး တစ်လုံး၊ သံချွန် တစ်ထုပ်၊ သုံးထောင့်ချွန် သံပြား ၃၃ ခု၊ ပစ်မှတ်ရုံပုံ သံပြား နှစ်ချပ်၊ ဂျင်ကလိ ၃၆ ချောင်း၊ ကော်ဘောလုံး ၅၉ လုံး၊ ဖန်ကွဲစများ ထည့်ထားသော သံဘူး တစ်ဘူးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

ထို့အတူ ည ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာနေ ဟန်မိုးအောင် (ခ)ပိုင်သက်ကျော် (ဘ) ဦးထွန်းရွှေနေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ဟန်မိုးအောင် (ခ) ပိုင်သက်ကျော်အား လက်လုပ်မိုင်း တစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

အလားတူ ည ၉ နာရီ မိနစ် ၄၀ တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြင်းခြံမြို့နယ်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မြင်းခြံမြို့နယ် တလုပ်မြို့ကျေးရွာအရောက်၌ အကြမ်းဖက်သူများက လေးခွ၊ ဂျင်ကလိများဖြင့် အကြမ်းဖက်ရန်ပြုပြစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ ရဲတိုင်ကျေးရွာနေ ဖိုးပြုံး (ဘ)ဦးအုန်းလှိုင်ပါ အမျိုးသား ငါးဦးအား လှံတစ်ချောင်း၊ ခရင်းခွ လေးချောင်း၊ သံတူရွင်း တစ်ချောင်း၊ ဓားဦးချွန် ခြောက်ချောင်း၊ ဓားရှည် ၂၄ ချောင်း၊ သံရိုးတပ်သံစောက် ခြောက်လက်၊ တူ သုံးချောင်း၊ သံပိုက် ခုနစ်ချောင်း၊ လေးခွ တစ်လက်၊ ကတ်ကြေး သုံးချောင်း၊ ဂျင်ကလိ တစ်ချောင်း၊ သံကြိယ် တစ်ခု၊ သံတုတ် ခြောက်ချောင်း၊ သံချောင်း ခြောက်ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။



မြဝတီမြို့နယ်၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့်ပစ္စည်းများနှင့်အတူ တရားခံဇော်မင်းအား ဖမ်းဆီးရမိစဉ်။

ထို့အတူ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြင်းမူမြို့အတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ည ၁၁ နာရီ မိနစ် ၅၀ တွင် မန္တလေး-မုံရွာသွားကားလမ်း ၄၆ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြားရှိ "ရွှေအိမ်စည်" တည်းခိုခန်းရှေ့အရောက်၌ မြင်းမူမြို့မှ မန္တလေးမြို့သို့ ပြည်ကြီးတံခွန်မြို့နယ်နေ နိုင်လင်းအောင် (ဘ)ဦးမြင့်နိုင်မောင်းနှင်ပြီး သီဟနိုင်(ခ) သိန်းဇော်ဦး(ဘ)ဦးမြင့်နိုင်လိုက်ပါ စီးနင်းလာသည့် ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းရာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံတားဆီးစစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးထံမှ လက်လုပ်သေနတ်တစ်လက် သိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရဲစုတောင်ရပ်ကွက်နေ ရီရီထွန်း(ခ)မဖြူ (ဘ)ဦးပုလေး၏ နေအိမ်ကို ည ၁၂ နာရီခွဲတွင် သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ၎င်းအား ဟန်းစပီကာ နှစ်လုံး၊ မှုတ်ဆေးဘူး နှစ်ဘူး၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများရေးသားထားသည့် စာရွက်စာတမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

အလားတူ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လှည့်ကင်းဆောင်ရွက်နေစဉ် နံနက် ၇ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၄) ရပ်ကွက် ပုဂံလမ်းအရောက်၌ စက်ဘီးစီးလာသူ အဆိုပါရပ်ကွက်နေ မာဘွတ်(ခ) ကြည်ဝင်းအား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းထံမှ မီးစတပ်ဆင်ထားသည့် ဓာတ်ဆီပုလင်း ၁၃ လုံး၊ ဓား နှစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ နံနက် ၉ နာရီ ၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် ၇၃ လမ်းနှင့် ၇၄ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြားရှိ မြေအမှတ် (၁၉၉/၂၆)ရှိ ပိုင်ရှင်(စိစစ်ဆဲ) နေအိမ်ခြံဝင်းကို ဝင်ရောက်ရှာဖွေခဲ့ရာ နေထိုင်သူများအား မတွေ့ရှိရဘဲ အဆိုပါနေအိမ်နှင့် ခြံဝင်းအတွင်းမှ ဒိုင်း ၁၀ ချပ်၊ ဒီဇယ်ထည့်ထားသည့် ပုလင်းမျိုးစုံ ၉၉ လုံး၊ လက်လုပ်သေနတ် ငါးလက်၊ အသံဗုံး နှစ်လုံး၊



မင်္ဂလာဒုံမြို့နယ်၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် ပစ္စည်းများနှင့်အတူ တရားခံ ဒေါ်ရီရီထွန်း(ခ) မဖြူအား ဖမ်းဆီးရမိစဉ်။

သုံးမြောင့်သံချွန် ၃၅ ခု၊ ကျည်ကာသံပြား ၈၃ ပြား၊ ရော်ဘာပြား ကိုးပြား၊ မြားတံပြုလုပ်ရန်ပြုလုပ်ထားသည့် ဝါးအချောင်း ၁၀၀၊ ဒေါက်တာမင်းသူထွဋ် အမည်ပါ ဂျူတီကုတ်အဖြူ တစ်ထည်နှင့် လည်ဆွဲတစ်ခု၊ ဒေါက်တာသက်သက်စံအမည်ပါ ဂျူတီကုတ်အဖြူ နှစ်ထည်၊ ဒေါက်တာသာဆန်း (ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်အထူးကု၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေး) အမည်ပါ ရင်ထိုးတံဆိပ် တစ်ခု၊ စကားပြောစက် နှစ်လုံး၊ နိုင်ငံရေးလှုံ့ဆော်စာတန်းပါ ဗီနိုင်း ငါးချပ်နှင့် အခြားဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်း။

ထို့အတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမရဌာနီအရှေ့ရပ်ကွက် အကွက်(၃၁) ၇၈ လမ်းထောင့်နေ ABSDF အဖွဲ့ဝင်ဟောင်းဖြစ်သူ ခင်မောင်လတ်(ခ) ဝင်းကျော်သူ (ခ)ကိုလတ် (ဘ) ဦးမောင်ကို၏ နေအိမ်ကို မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်လုပ်ဗုံး ခြောက်လုံး၊ ကျောက်ခဲနှင့် ပုလင်းစများရောထည့်ထားသည့် ရေသန့်ဘူး ရှစ်ဘူး၊ ဓား သုံးချောင်း၊ လေးခွ နှစ်လက်၊ ကုန်းသီး ခြောက်လုံး၊ လောက်စာလုံး ၁၀၀၊ စပရေးဘူး တစ်ဘူး၊ ဦးထုပ် နှစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သို့ဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုသိမ်မြို့၌ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်၍ လမ်းလျှောက်ဆန္ဒပြသူ အမျိုးသား နှစ်ဦးကို ဖမ်းဆီးအရေးယူ



သန်းအောင်စိုးနှင့် မြတ်သူရအောင်

**နေပြည်တော် မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ နိုင်ငံတော်ဆန့်ကျင်ရေး စာသားများပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်၍ လမ်းလျှောက် ဆန္ဒပြသူ အမျိုးသား နှစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုသိမ်မြို့ အမှတ်(၄) ရပ်ကွက် ရုပ်ရှင်ရုံလမ်းပေါ်၌ (၈) ရပ်ကွက် ဧရာမင်း ၃ လမ်းနေ သန်းအောင်စိုး (ဘ) ဦးကျင်လှိုင်နှင့် ဥမ္မာဒန္တီ(၁၆)လမ်းနေ မြတ်သူရအောင် (ဘ) ဦးလတ်အောင်တို့ နှစ်ဦးသည် ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ တွင် နိုင်ငံတော်ဆန့်ကျင်ရေး စာသားများရေးသားထားသည့်ဆိုင်းဘုတ်များအား ကိုင်ဆောင်၍ လမ်းလျှောက် ဆန္ဒပြနေသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဖမ်းဆီးရမိသူ သန်းအောင်စိုးပါ နှစ်ဦးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

**နေပြည်တော် မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၊ ကော့သောင်းမြို့နယ်၊ ပုလောမြို့နယ်၊ မကွေးတိုင်းဒေသကြီး ကံမမြို့နယ်နှင့် မင်းဘူးမြို့နယ်များ အတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ မေ ၂၀ ရက်နှင့် ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင် လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် ၁၈ လက်နှင့် လက်လုပ်သေနတ် ၅၄ လက်တို့ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဥရောပစူပါလိဂ်ပြိုင်ပွဲအစီအစဉ် အောင်မြင်နိုင်မည်မဟုတ်ဟု ဂျူဗင်တပ်အသင်းဥက္ကဋ္ဌ အန်ဒရီယာအန်နယ်လီ ပြောကြား



အီတလီစီးရီးအေ ကလပ်အသင်းတွေဖြစ်တဲ့ အေစီမီလန်အသင်း၊ အင်တာမီလန်အသင်းနဲ့ စပိန်လာလီဂါကလပ်အက်သလက်တီကိုမက်ဒရစ်အသင်းတို့ဟာ အင်္ဂလန်ပရီမီယာလိဂ်ကလပ်အသင်းခြောက်သင်းနဲ့အတူ ဥရောပစူပါလိဂ်ပြိုင်ပွဲဝင်ရောက်ကစားဖို့စီစဉ်ထားရာကနေ နုတ်ထွက်သွားဖို့ စီစဉ်ထားတာကြောင့် ဥရောပစူပါလိဂ်ပြိုင်ပွဲကျင်းပမယ့် အစီအစဉ်ဟာ အောင်မြင်နိုင်မှာမဟုတ်ဘူးလို့ ဂျူဗင်တပ်အသင်းဥက္ကဋ္ဌ အန်ဒရီယာအန်နယ်လီက ပြောကြားခဲ့ပါတယ်။

ဂျူဗင်တပ်အသင်းဥက္ကဋ္ဌ အန်ဒရီယာအန်နယ်လီဟာ ဥရောပစူပါလိဂ်ပြိုင်ပွဲကို စိတ်ဝင်စားသူတွေထဲက တစ်ဦးလည်းဖြစ်ပါတယ်။ ကနဦးမှာ အင်္ဂလန်ပရီမီယာလိဂ်၊ စပိန်လာလီဂါနဲ့ အီတလီစီးရီးအေတို့မှ အသင်းစုစုပေါင်း ၁၂ သင်းက ပါဝင်ယှဉ်ပြိုင်ကစားဖို့ သဘောတူညီထားတာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အင်္ဂလန်ပရီမီယာလိဂ်ကလပ်အသင်း ခြောက်သင်းဖြစ်တဲ့ အာဆင်နယ်အသင်း၊ ချယ်လ်ဆီးအသင်း၊ လီဗာပူးအသင်း၊ မန်စီးတီးအသင်း၊ မန်ယူအသင်းနဲ့ စပါးအသင်းတို့က ဥရောပစူပါလိဂ်ပြိုင်ပွဲ ဝင်ရောက်ကစားဖို့ သဘောတူထားရာကနေ နုတ်ထွက်သွားဖို့စီစဉ်နေပေမယ့် စပိန်လာလီဂါထိပ်တန်းကလပ်အသင်းနှစ်သင်းဖြစ်တဲ့ ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ကတော့ ဥရောပစူပါလိဂ်ပြိုင်ပွဲနဲ့ပတ်သက်ပြီး တုံ့ပြန်မှုတစ်စုံတစ်ရာမရှိသေးဘူးလို့ သိရပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဥရောပစူပါလိဂ်ပြိုင်ပွဲကို ဝင်ရောက်ဖို့ သဘောတူညီလက်မှတ်ရေးထိုးခဲ့တဲ့ ဥရောပကလပ်အသင်း ၁၂ သင်းထဲမှ တစ်သင်းအပါအဝင်ဖြစ်ပြီး အရည်အသွေးနိမ့်တဲ့ အားကစားပွဲတွေ များလာတဲ့အတွက် လူငယ်တွေအနေနဲ့ ဘောလုံးအားကစားကို ကာလရှည်ကြာစိတ်ဝင်စားဖို့ မဖြစ်နိုင်တာကြောင့် အခုလို ဥရောပစူပါလိဂ်ပြိုင်ပွဲကို ကျင်းပဖို့ စီစဉ်ခဲ့တာဖြစ်တယ်လို့လည်း ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်က ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်ကတော့ ဥရောပရဲ့ ထိပ်တန်းအသင်းတွေဟာ ငွေကြေးဆုံးရှုံးမှုတွေ ဖြစ်ပေါ်နေကြောင်းနဲ့ နာမည်ကြီးပြိုင်ပွဲတွေကသာ ထိပ်တန်းအသင်းတွေရဲ့ ဘဏ္ဍာရေးတိုးမြှင့်ရရှိရေးကို အကူအညီပေးမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

လက်ရှိအချိန်မှာတော့ ဥရောပစူပါလိဂ်ပြိုင်ပွဲမှာ ပါဝင်ကစားဖို့ စီစဉ်ထားတဲ့ အေစီမီလန်အသင်းနဲ့ ဂျူဗင်တပ်အသင်းတို့က မပါဝင်ဖြစ်တော့ကြောင်း ကြေညာခဲ့ပြီးချိန်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ အင်တာမီလန်အသင်းတို့ကလည်း ဥရောပစူပါလိဂ်ပြိုင်ပွဲကနေ နုတ်ထွက်သွားဖို့ ကြေညာခဲ့တယ်လို့ သိရပါတယ်။

ဒါကြောင့် လက်ရှိအနေအထားအရ ဥရောပစူပါလိဂ်ပြိုင်ပွဲကို ဝင်ရောက်ကစားဖို့၊ မကစားဖို့နဲ့ပတ်သက်ပြီး တုံ့ပြန်မှုတစ်စုံတစ်ရာ မရှိခဲ့တဲ့အသင်းနှစ်သင်းသာ ကျန်ရှိတော့တာကြောင့် ဂျူဗင်တပ်အသင်းဥက္ကဋ္ဌ အန်ဒရီယာအန်နယ်လီက ဥရောပစူပါလိဂ်ပြိုင်ပွဲကျင်းပဖို့အရေးဟာ အောင်မြင်ဖို့ မရှိဘူးလို့ ပြောကြားခဲ့တာလည်းဖြစ်ပါတယ်။

ငွေကြယ်

## အနုပညာ

### Tiffany & Co လက်ဝတ်ရတနာတွေရဲ့ အမှတ်တံဆိပ်ကိုယ်စားလှယ်ဖြစ်လာတဲ့ ရို့ဆယ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ Black Pink ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရို့ဆယ်ဟာ လတ်တလောမှာ တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ်လည်း အောင်မြင်မှုတွေရရှိခဲ့ပြီ ဖြစ်ပါတယ်။ တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် အောင်မြင်လာတဲ့ ရို့ဆယ်ကို ကမ္ဘာကျော် လက်ဝတ်ရတနာကုမ္ပဏီတစ်ခုဖြစ်တဲ့ Tiffany & Co က ကမ္ဘာလုံးဆိုင်ရာ အမှတ်တံဆိပ်ကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်ကြောင်း လတ်တလောမှာ ကြေညာခဲ့တာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



မေ ၂၁ ရက်မှာ အဆိုပါ လက်ဝတ်ရတနာကုမ္ပဏီနဲ့ လက်လီအရောင်းဆိုင်ကြီးက သူတို့အမှတ်တံဆိပ်အတွက် ကိုယ်စားပြုမော်လ်ဒယ်တစ်ဦးအဖြစ် ကမ္ဘာကျော် အမျိုးသမီးတေးဂီတအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ်လည်း အောင်မြင်နေတဲ့ ရို့ဆယ်ကို ရွေးချယ်ခန့်အပ်ကြောင်း ကြေညာခဲ့ပါတယ်။

ရို့ဆယ်ဟာ အဆိုပါကုမ္ပဏီနဲ့တွဲဖက်ကာ ဒစ်ဂျစ်တယ်ကမ်ပိန်းတစ်ခုဖြစ်တဲ့ 2021 Tiffany HardWear collection မှာ စတင်ပါဝင်လှုပ်ရှားသွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီလိုရွေးချယ်ခံခဲ့ရတာနဲ့ပတ်သက်ပြီး ရို့ဆယ်က သူ့အနေနဲ့ ဂုဏ်ယူမိသလို စိတ်လှုပ်ရှားနေကြောင်းနဲ့ ပရိသတ်တွေကိုလည်း သူ့ရဲ့လှုပ်ရှားမှုတွေ တွေ့မြင်စေလိုပြီဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

### ဇာတ်လမ်းတွဲသစ်အတွက် ဆွေးနွေးနေတဲ့ လီဂျုန်ဆပ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ လီဂျုန်ဆပ်ဟာ ရုပ်သံဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ ရှိနေပါတယ်။ လက်ရှိမှာတော့ မင်းသားဟာ ရုပ်သံဇာတ်လမ်းတွဲသစ်တစ်ခုမှာ ပါဝင်သရုပ်ဆောင်ဖို့ရာ ဆွေးနွေးနေကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီဂျုန်ဆပ်ဟာ tvN ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲရုပ်ရှင် Big Mouth မှာ ပါဝင်ဖို့ရာ ဆွေးနွေးနေကြောင်း မေ ၂၁ ရက်မှာ သတင်းတွေ ထွက်ခဲ့ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲမှာ အဓိကဇာတ်ဆောင်မင်းသားအဖြစ် ပါဝင်ဖို့ရာ ကမ်းလှမ်းခံထားရပြီး လက်ရှိမှာတော့ လက်ခံပေးဖို့ရာ စဉ်းစားနေကြောင်းလည်း မင်းသားရဲ့ အေဂျင်စီက ပြောကြားခဲ့ပါတယ်။

အဆိုပါဇာတ်လမ်းတွဲမှာ လီဂျုန်ဆပ်ဟာ ဆင်းရဲတဲ့ ရှေ့နေတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ဖို့ရာ ကမ်းလှမ်းခံခဲ့ရပြီး အဆိုပါဇာတ်လမ်းတွဲကို ယခုနှစ်ရဲ့ ဒုတိယနှစ်ဝက်အတွင်း စတင်ရိုက်ကူးဖို့ရာ စီစဉ်ထားတာပါ။ လီဂျုန်ဆပ်ဟာ စစ်မှုထမ်းရက်တွေကို လူမှုရေးလုပ်ဆောင်မှုတွေ ဆောင်ရွက်ခဲ့ရင်း ပြီးခဲ့တဲ့ ဇန်နဝါရီ ၂ ရက်မှာ အဆုံးသတ်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲဟာ စစ်မှုထမ်းဆောင်ပြီးနောက် ပထမဆုံးရိုက်ကူးမယ့် လီဂျုန်ဆပ်ရဲ့ ဇာတ်လမ်းတွဲလည်း ဖြစ်လာနိုင်ဖွယ်ရှိနေပါတယ်။



### စွန်ပီတေးဂီတဇယားကို ဦးဆောင်နေဆဲ အိုင်ယူ




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးဖြစ်သူ အိုင်ယူဟာ လက်ရှိမှာ စွန်ပီတေးဂီတဇယားရဲ့ နံပါတ်တစ်နေရာကို ရယူထားနိုင်ဆဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့ပြီး လက်ရှိမှာလည်း ဒုတိယသီတင်းပတ်အဖြစ် ဆက်လက်ရပ်တည်နေတာဖြစ်ပါတယ်။


အိုင်ယူရဲ့ တေးသီချင်းသစ် LILAC ဟာ သီတင်းပတ်နှစ်ပတ်ဆက်တိုက် စွန်ပီတေးဂီတဇယားမှာ ရောင်းအားအကောင်းဆုံးအဖြစ် နံပါတ်တစ်နေရာ ရယူနိုင်ခဲ့တာပါ။ BTS ရဲ့ ကျော်ကြားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ Dynamite ဟာ နံပါတ်နှစ်နေရာမှာ ရှိနေပြီး ရို့ဆယ်ရဲ့ တေးသီချင်း On The Ground ကတော့ ယခုသီတင်းပတ်မှာ နံပါတ်သုံးနေရာမှာ ရပ်တည်နေတာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့် – ရေးသားသည်

ကြော်ငြာ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား သမီး ၊ ဘုရားဒါယကာ ဒါယိကာမတို့က မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပထွန်းကားလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း ပြည်ပဘုရားဖူးများလာရောက်ဖူးမြော်ခြင်းဖြင့် အေးသက်ငြိမ်းချမ်းသာမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ဓာတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဓာတနာရှင်ဘုရားဒါယကာ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကို ထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၀၀၃၃၃၅၆၁၅ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၀၅၂၆၆၆** သို့ ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိုးရာန်အတိုးမှု၍ နှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်စော ၀၉-၆၅၁၁၉၉၉၉၉၆၊ ၀၇၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၇၄၊ ၀၉-၂၅၅၈၂၅၂၈၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။


## အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် မြန်မာ့အလင်း၊ ကြေးမုံ ရောင်စုံသတင်းစာများတွင် ကြော်ငြာများ ထည့်သွင်းဖော်ပြလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။ ဖုန်း-၀၉-၄၃၀၁၃၉၁၆၂၊ ၀၉-၄၃၀၂၇၃၃၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်) ဖုန်း-၀၉-၄၂၀၁၁၄၀၀၅၊ ၀၉-၄၃၀၃၆၀၃၀၊ ၀၉-၄၂၀၁၅၀၅၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်) ဖုန်း-၀၉-၅၁၆၆၅၄၃၊ ၀၉-၄၅၀၀၂၅၁၄၅၊ ၀၉-၄၂၀၁၃၆၉၆၀
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) ဖုန်း-၀၉-၂၀၅၁၆၈၃၊ ၀၉-၆၉၆၁၁၃၆၉၉
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ) ဖုန်း-၀၉-၂၅၄၄၃၆၆၃၀၊ ၀၉-၈၉၃၉၇၅၅၃၈
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်) ဖုန်း-၀၉-၂၅၀၂၀၄၆၅၁၊ ၀၉-၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) ဖုန်း-၀၉-၆၈၇၉၀၂၇၁၇၊ ၀၉-၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား) ဖုန်း-၀၉-၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး) ဖုန်း-၀၉-၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး) ဖုန်း-၀၉-၉၇၅၃၂၈၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ) ဖုန်း-၀၉-၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး) ဖုန်း-၀၉-၂၅၉၀၈၅၈၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး) ဖုန်း-၀၉-၂၅၈၆၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်) ဖုန်း-၀၉-၇၈၀၁၉၀၇၈၀၇

Email (သို့) Viber ဖြင့် ပေးပို့၍လည်း ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်-

မြန်မာ့အလင်း
mmalygn544@gmail.com
(+95)9420 114 005

ကြေးမုံ
newstest.ygn@gmail.com
(+95)951 66 543

**တစ်လအတွင်း** မြန်မာ့အလင်း ကျပ်(၅၀)သိန်း၊ ကြေးမုံ ကျပ် (၇၅)သိန်းဖိုးနှင့်အထက် ကြော်ငြာပြီး

5% Discount အမြန်ဆုံး ရယူလိုက်ပါ

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရက်စွဲ(၂၁.၄.၂၀၂၁)

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး(Covishield) အရေအတွက်(၁.၅)သန်းကို ပထမအသုတ်အဖြစ် အိန္ဒိယနိုင်ငံအစိုးရ၏ လက်ဆောင်အနေဖြင့် ရရှိခဲ့ပါသည်။ ဆက်လက်၍ ဒုတိယအသုတ်အဖြစ် မြန်မာနိုင်ငံမှဝယ်ယူထားသည့် ကိုဗစ်ကာကွယ်ဆေး(၃၀)သန်းအနက်မှ အရေအတွက်(၂)သန်းကို ရရှိခဲ့ရာ ယနေ့အထိစုစုပေါင်းကာကွယ်ဆေး အရေအတွက်(၃.၅)သန်းရရှိပြီး ဖြစ်ပါသည်။ ထပ်မံရောက်ရှိရန် ကျန်ရှိသည့်ကာကွယ်ဆေး (၂၈)သန်းကိုလည်း သတ်မှတ်ထားသည့် အချိန်ကာလများအတွင်းတွင် အသုတ်လိုက် ရောက်ရှိစေရေးဆောင်ရွက်လျက်ရှိပါသည်။

ရရှိထားသည့် ကာကွယ်ဆေးများကို ဦးစားပေးအစီအစဉ်များအရ (၂၀၂၁)ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် စတင်ထိုးနှံပေးခဲ့ပါသည်။ (၂၁.၄.၂၀၂၁)နေ့အထိ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံခြင်းအဖြစ် ကာကွယ်ဆေးအရေအတွက်(၁.၅၄)သန်း၊ ဒုတိယအကြိမ်ထိုးနှံခြင်းအဖြစ်(၀.၃၄) သန်း၊ စုစုပေါင်းကာကွယ်ဆေးအရေအတွက်(၁.၈၈)သန်းကို ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးများအားလုံးတွင် ဦးစားပေးအစီအစဉ်အလိုက်ထိုးနှံပေးခဲ့ပြီး ဖြစ်ပါသည်။

ကျန်ရှိသောကာကွယ်ဆေးအရေအတွက်(၁.၆၂)သန်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးများတွင် ဒုတိယအကြိမ်မြောက်အဖြစ် ထိုးနှံပေးနိုင်ရန်အတွက် သာတူညီမျှမှုရှိစွာ စနစ်တကျဖြန့်ဝေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ပြင်းထန်စွာကူးစက်ပြန့်ပွားမှုမရှိစေရေး မိဘပြည်သူများမှ မိမိတို့နေထိုင်ရာဒေသအလိုက် ဧပြီလနှင့် မေလများတွင် ဆက်လက်ထိုးနှံပေးမည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (အထူးသဖြင့် ဒုတိယအကြိမ်ထိုးနှံခြင်း)ကို မပျက်မကွက်(မပျက်မကွက်) ထိုးနှံခြင်းခံယူကြပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

ဒုတိယအကြိမ်အဖြစ် ကာကွယ်ဆေးထိုးနှံမည့်သူများအား ထိုးနှံပြီး၍ ကာကွယ်ဆေးများ ပိုလျှံမှုပေါ်မှုတည်ကာ မိဘပြည်သူများအား ဦးစားပေးအစီအစဉ်အလိုက်ကာကွယ်ဆေးထိုးနှံခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကာကွယ်ဆေးများဆက်လက်ရောက်ရှိလာခြင်းနှင့် ထိုးနှံမည့်အစီအစဉ်နှင့်ပတ်သက်၍ အပြောင်းအလဲများရှိပါက အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကြေးမုံ ယနေ့ ဖတ်စရာ


**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ**
စာမျက်နှာ » ၉

**အင်ဒိုနီးရှား ရေငုပ်သင်္ဘောတစ်စင်း စစ်ရေးလေ့ကျင့်မှုအတွင်း ပျောက်ဆုံး**
စာမျက်နှာ » ၁၂

**လာအိုနိုင်ငံ မြို့တော်ဗီယင်ကျန်း၌ ၁၄ ရက်ကြာ အသွားအလာ ကန့်သတ်မှုများ ချမှတ်ရန် အမိန့်ထုတ်ပြန်**
စာမျက်နှာ » ၁၃

**ဥရောပ စူပါလိဂ်ပြိုင်ပွဲ အစီအစဉ် အောင်မြင်နိုင်မည်မဟုတ်ဟု ဂျူဗင်တပ်အသင်းဥက္ကဋ္ဌ အန်ဒရီယာ အန်နယ်လီ ပြောကြား**
စာမျက်နှာ » ၂၈




# သဖန်းဆိပ်ဆည်ရေဖြင့် သီးနှံဧက ၇၀၀၀၀ ကျော် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်

**စစ်ကိုင်း မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးတွင် စပါးမဟုတ်သော သီးနှံဧက ၇၀၀၀၀ ကျော်ကို သဖန်းဆိပ်ဆည်ရေဖြင့် ရေလုံလောက်စွာ ပေးဝေစိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။


**ဧက ၇၀၀၀၀ အတွက် ဆည်ရေသွင်း**

"မနှစ်ကတော့ ရေမပေးနိုင်ခဲ့ဘူး။ ဒီနှစ်ကတော့ စပါးမဟုတ်ဘဲ တခြားသီးနှံတွေကို ပေးဝေနိုင်တာဖြစ်ပါတယ်။ ဧက ၇၀၀၀၀ အတွက် သဖန်းဆိပ်ကနေပြီးတော့ ဆည်ရေသွင်းနေတယ်။ အဓိကကတော့ နှမ်းနက်နဲ့ ပဲတီစိမ်းစိုက်မယ်။ အဲဒီထဲမှာ မတ်ပဲ စိုက်ဧက ၅၀၀ လောက်ပါမှာဖြစ်ပါတယ်"ဟု ဦးဝင်းလှိုင်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နွေသီးနှံအတွက် ပုံမှန်ရေပေးဝေမှုသည် ဧက ၃၀၀၀၀ ကျော်အထိ ပေးဝေရမည်ဖြစ်သော်လည်း လက်ရှိ သဖန်းဆိပ်ဆည်အတွင်းတွင် ရေလုံလောက်စွာမရှိသည့်အတွက် သတ်မှတ်ချက်ထားကာ ရေပေးဝေမှုပြုလုပ်နေခြင်းဖြစ်ပြီး ရေပေးဝေနိုင်မှုမရှိသည့်နေရာများတွင် ရေလိုအပ်မှုနည်းသည့်သီးနှံများကို ရွေးချယ်စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက လိုက်လံအသိပေးထားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆည်ရေရရှိသည့် နှစ်များက စပါးဧက ၃၀၀၀၀၀ ကျော် စိုက်ပျိုးခဲ့သော်လည်း ယခုအခါ စပါးကို လုံးဝစိုက်ပျိုးနိုင်ခြင်း မရှိတော့ကြောင်း သိရသည်။

**လူလေး**



# ရီးယဲလ်မက်ဒရစ်အသင်းသို့ တိုက်စစ်မှူး အမ်ဘတ်ပီ ပြောင်းရွှေ့မည်ဟု သတင်းများထွက်ပေါ်

ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီဟာ လက်ရှိကလပ် ပီအက်စ်ဂျီအသင်းနဲ့အတူ စာချုပ်သစ်ချုပ်ဆိုဖို့ မသေမချာဖြစ်နေတာကြောင့် အမ်ဘတ်ပီကို ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ရှိနေတယ်လို့ သတင်းတွေ ထွက်ပေါ်လျက်ရှိပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီရဲ့ လက်ရှိကလပ် ပီအက်စ်ဂျီအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကုန်ဆုံးမှာဖြစ်တာကြောင့် ဥရောပထိပ်တန်းကလပ်အသင်းတွေက အမ်ဘတ်ပီကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

ဒါကြောင့် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ တိုက်စစ်မှူး အမ်ဘတ်ပီကို လာမယ့်နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး လက်ရှိအနေအထားမှာ အမ်ဘတ်ပီက ပီအက်စ်ဂျီအသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ အစီအစဉ်မရှိသေးတာဟာ ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ဖို့ရာခိုင်နှုန်းများနေတယ်လို့ သုံးသပ်သူတွေက ဆိုပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီဟာ ပီအက်စ်ဂျီအသင်းနဲ့အတူ နောက်ထပ် ပြင်သစ်ပထမတန်းဖလားတစ်ကြိမ်ရရှိရေးနဲ့ ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဖလားရရှိရေး မျှော်လင့်လျက်ရှိပြီး ပီအက်စ်ဂျီအသင်းဟာ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်မှာ ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပါတယ်။

**ငွေကြယ်**